# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)

၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၁၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၂၂၅)

# ယခုနှစ် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ထိန်ပင်အမှိုက်ပုံ မီးငြိမ်းသတ်ရာတွင် ပူးပေါင်းပါဝင်ခဲ့ကြသူများအား ရွေးချယ်

# မည်သို့သော အခက်အခဲမျိုးကိုမဆို ကျော်လွှားနိုင်ကြောင်းကို ထိန်ပင်အမှိုက်ပုံ မီးလောင်မှုဖြစ်စဉ်က အထင်အရှားသက်သေပြဆို

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ကျေးဇူးတင်လွှာ**
**၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်)**

၁။ နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို တစိုက်မတ်မတ် ဦးတည်ကြိုးပမ်းလျှောက်လှမ်းလျက်ရှိပါသည်။ အကြောင်း အမျိုးမျိုးကြောင့် အဘက်ဘက်မှ ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရသော မိမိတို့နိုင်ငံသည် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ အားကုန်စိုက်ထုတ်ရုန်းကန်ကြိုးပမ်းမှသာ တန်ကာကျမည့် အနေအထားမျိုးတွင် ရောက်ရှိနေဆဲဖြစ်ပါသည်။ အမှန်စင်စစ် လက်ရှိအချိန်တွင် မိမိနိုင်ငံနှင့် မိမိတို့နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများသည် ခေတ်ကိုပြောင်းလဲနိုင်ရန် ကြိုးစားရုန်းကန်နေရသော သမိုင်းဝင်အချိန်ကာလတစ်ရပ်ပင် ဖြစ်ပါသည်။

၂။ ဤသို့သော ခေတ်ပြောင်း၊စနစ်ပြောင်း၊ နိုင်ငံကိုပြောင်းလဲရသော အချိန်ကာလမျိုးတွင် နိုင်ငံတည်ဆောက်ရေးအတွက် ပြည်သူများနှင့်အတူ စုပေါင်းအားကို ရယူ၍ တက်ညီလက်ညီဖြင့် ရှေ့သို့မှန်မှန်လျှောက်လှမ်းနိုင်ရန် လိုအပ်လှပါသည်။ တစ်ဦးနှင့်တစ်ဦး စာနာဖေးမ ရိုင်းပင်းကူညီမှုတို့သည် မြန်မာ့လူ့အဖွဲ့အစည်း၏ ဇာတိတန်ဖိုးဖြစ်သည်နှင့်အညီ ဤမြန်မာ့တန်ဖိုးကို

*စာမျက်နှာ ၃ ကော်လံ ၁* ❍





ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ပထမနေ့တွင် အမှာစကား ပြောကြားစဉ်။
သတင်းစဉ်

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

## အရေးကြီးသော ဥပဒေကြမ်းများ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၁၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ယခုကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေးကာလသည် ဒုတိယအကြိမ်လွှတ်တော်များ၏ သက်တမ်းနှစ်နှစ်ကျော်လွန်ခဲ့ပြီး တတိယနှစ်ကာလ၏ အစပိုင်းလည်း ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၄ ကော်လံ ၁* ✻

# မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစား မခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ တစ်ရက် အလုပ်ချိန် ၈ နာရီအတွက် လုပ်အားခ ၄၈၀၀ ကျပ် သတ်မှတ်

**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ တစ်နာရီလျှင် ၆၀၀ ကျပ် (ခြောက်ရာကျပ်) နှုန်းဖြင့် တစ်ရက်အလုပ်ချိန် ၈ နာရီအတွက် ၄၈၀၀ ကျပ် (လေးထောင့်ရှစ်ရာကျပ်) သတ်မှတ်လိုက်ကြောင်း အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက (အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၈)ဖြင့် ယနေ့ ထုတ်ပြန်သည်။

အဆိုပါ ထုတ်ပြန်ချက်အရ တစ်ရက်အလုပ်ချိန် ၈ နာရီအတွက် ၄၈၀၀ ကျပ် (လေးထောင့်ရှစ်ရာကျပ်) သတ်မှတ်ချက်သည် အလုပ်သမား ၁၀ ဦးအောက်ရှိ လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများနှင့် သက်ဆိုင်ခြင်း မရှိကြောင်း သိရသည်။

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) အရ အနည်းဆုံး အခကြေးငွေသတ်မှတ်မည့် အဆိုပြု အနည်းဆုံးအခကြေးငွေ အမိန့်ကြော်ငြာစာကို အများပြည်သူသိရှိစေရန် ၂-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ကို ထုတ်ပြန်ကြေညာကာ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလုပ်ရှင်နှင့် အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားနှင့် အလုပ်သမားအဖွဲ့အစည်းများ၏

*စာမျက်နှာ ၃ ကော်လံ ၅* ◆

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# လိပ်ကို ကြမ်းပိုး၊ ကြမ်းပိုးကိုလိပ်ဟု လိမ်လည်ပြောဆိုနေသူများ

**Atimes** အင်တာနက်စာမျက်နှာ၌ အစွန်းရောက်အကြမ်းဖက်အဖွဲ့ **ARSA** ၏ ဝါဒဖြန့်မှုတို့ ပလူပျံခဲ့သည့် တွစ်တာ **(Twitter)** သတင်းစကားတို့ ပျောက်ဆုံးအသံတိတ်နေသည့်အပေါ် **David Scott Mathieson** က တင်ပြထားသည်ကို ဖတ်ရပါသည်။ **ARSA** အစွန်းရောက် အကြမ်းဖက်အဖွဲ့က ဤသို့အသံတိတ်နေသည်မှာ သုံးလခန့် ရှိပြီဟု ဆိုပါသည်။ သုံးသပ်ရမည်မှာ မည်သို့သော အကြောင်းကြောင့် ဤကဲ့သို့ အသံတိတ်နေရခြင်းဖြစ်သည်ဟူသော အကြောင်းတရားဖြစ်ပါသည်။

ဦးစွာ **ARSA** အစွန်းရောက် အကြမ်းဖက်အဖွဲ့က တွစ်တာစာမျက်နှာတွင် ဝါဒဖြန့်မှုတို့ ပလူပျံအောင်ဆောင်ရွက်ခဲ့သည့်ကာလက မည်သို့သော အကြောင်းအရာတို့ကို ရေးသားခဲ့သည်ကို တင်ပြလိုပါသည်။ ၎င်းတို့ ပိုင်ဆိုင်ခွင့်ရှိသည့် ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးကို ပြန်ပေးပါ ဟုဆိုပါသည်။ ကမ္ဘာတစ်လွှားရှိ ၎င်းတို့အား ရခိုင်ဒေသသို့ ပြန်လာခွင့်ပြု ရမည်ဟုလည်း ရေးသားပါသေးသည်။ နိုင်ငံရေးပါတီထူထောင်ခွင့်ပြုပါဟူသော တောင်းဆိုချက်ပင် ပါလိုက်ပါသေးသည်။ ဤအကြောင်းအချက် တို့ကို ကြည့်ရှုမှုဖြင့်ပင် **ARSA** အစွန်းရောက် အကြမ်းဖက်အဖွဲ့၏ အစစ်အမှန် ရည်ရွယ်ချက်သည် နိုင်ငံသားအခွင့်အရေးရရှိရေး မဟုတ်၊ တိုင်းရင်းသားအခွင့်အရေးတောင်းဆို၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဖဲ့ထုတ်ယူရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါသည်။

ကုလသမဂ္ဂစုံစမ်းစစ်ဆေးသူတို့က ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ **ARSA** အစွန်းရောက် အကြမ်းဖက်အဖွဲ့၏ နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့တို့အပေါ် ဝင်ရောက်တိုက်ခိုက်မှုအပေါ် "ဟုဆိုသော" နာမဝိသေသနသုံး၍ မယုံကြည်သော သဘောရေးသားကြသည်ကို **David Scott Mathieson** က ထောက်ပြထားပါသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ ဤဖြစ်ရပ်နှင့်အတူ **ARSA** အစွန်းရောက် အကြမ်းဖက်အဖွဲ့၏ တွစ်တာစာမျက်နှာ အသံတိတ်နေခြင်းအပေါ် တချို့သောအင်အားစုတို့က ဤသည်မှာ **ARSA** အစွန်းရောက် အကြမ်းဖက်အဖွဲ့ ဆက်လက်တည်ရှိမှုရှိ/မရှိ (သို့မဟုတ်) **ARSA** အစွန်းရောက် အကြမ်းဖက်အဖွဲ့ အမှန်တကယ်ရှိ/မရှိ သုံးသပ်သင့်သည့် သဘောပြောဆိုလာပါသည်။

မျက်နှာပြောင် တိုက်နိုင်လွန်းသည်ဟုပင် ဆိုရမည် ဖြစ်ပါသည်။ **ARSA** အစွန်းရောက် အကြမ်းဖက်အဖွဲ့၏ တွစ်တာစာမျက်နှာတွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ တိုက်ခိုက်မှုကို ၎င်းတို့ဆောင်ရွက်ခဲ့ကြောင်း အတိအလင်းဝန်ခံခဲ့ပြီး ဖြစ်ပါသည်။ ဘင်္ဂါလီမျိုးနွယ်တို့အတွက်ဟုဆို၍ အမည်ဆန်းတပ် လှုပ်ရှားနေသူများနှင့် အနောက်နိုင်ငံကြီးတို့မှ လူ့အခွင့် အရေးလှုပ်ရှားသူတို့က ဩဂုတ်လ ၂၅ ရက်နေ့ တိုက်ခိုက်မှုအား လူမျိုးတုံး သတ်ဖြတ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်၏ လုံခြုံရေး တပ်ဖွဲ့တို့က ပုံမှားရိုက်ဖန်တီးခဲ့သည်ဟူသော သဘောမျိုးပြောဆိုနေကြ သည်ကို **David Scott Mathieson** က ရေးသားထားပါသည်။ အဘယ်ကြောင့်ပါနည်း။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုသည် ၎င်းတို့ ဂရုတစိုက်ပုံဖော်ဖန်တီးထားသည့် "မြန်မာ့လုံခြုံရေးတပ်ဖွဲ့တို့က အပြစ်မဲ့ဘင်္ဂါလီအရပ်သားတို့အပေါ် အလွန်အကျွံဖိနှိပ်နှိမ်နင်းခြင်း" ဟူသော ပုံရိပ်ကို ထိပါးစေသောကြောင့် ဖြစ်ပါသည်။ ဤသို့ ထိပါးမှုသည် ၎င်းတို့၏ မြန်မာနိုင်ငံအား "နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး **(ICC)** တင်ရေး" ဟူသော ကြိုးပမ်းမှုကို ထိခိုက်ပျက်စီးစေသောကြောင့် ဖြစ်ပါသည်။ လိပ်ကို ကြမ်းပိုး၊ ကြမ်းပိုးကိုလိပ်ဟု အကြိမ်ကြိမ်အမျိုးမျိုး လိမ်လည်နေသော **ARSA** အစွန်းရောက် အကြမ်းဖက်အဖွဲ့တို့၏ လုပ်ရပ်သည် မလွဲမသွေကျဆုံးမည်သာဖြစ်ပါကြောင်း လေးနက်စွာတင်ပြအပ်ပါသည်။ ။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

# တနင်္သာရီမြို့နယ် ပဝကျေးရွာ၌ ကမ်းပြိုမှုကာကွယ်ရေး ကျောက်စီမြေထိန်းနံရံလုပ်ငန်း ရာခိုင်နှုန်းပြည့်ပြီးစီး

**တနင်္သာရီ မေ ၁၄**

တနင်္သာရီမြို့နယ် ပဝကျေးရွာအုပ်စု ပဝကျေးရွာ အရှေ့မျက်နှာစာကမ်းပါး တစ်လျှောက်၌ နှစ်စဉ်ကမ်းပြိုနေသဖြင့် ကမ်းပြိုမှုကာကွယ်ရေး ဘိုးပိုင်အခြေပြု ကျောက်စီနံရံ တည်ဆောက်ပေးခြင်း လုပ်ငန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ဆောက်ပေးနေမှုသည် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ မေ ၁၃ ရက်က အဆိုပါ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ မြို့နယ်တည်ဆောက်မှုကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းပြီးစီးမှုနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်တည်ဆောက်မှုကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင်သည် ကော်မတီဝင်များဖြစ်ကြသော မြို့နယ်လမ်းဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လျှပ်စစ်ဖြန့်ဖြူးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုအဖွဲ့များလိုက်ပါလျက် အဆိုပါ ပဝကျေး ရွာ ကမ်းပြိုလုပ်ငန်း၏ ရည်မှန်း ပေ ၂၂၀၀ ကို သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ တည်ဆောက်ထားရှိမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြရာ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ရေဘက်/မြို့ပြ) ဦးမျိုးကိုကိုနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (ရေဘက်/မြို့ပြ) ဦးနောင်နောင်ဇော်လေးတို့က တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် မြေထိန်းနံရံတည်ဆောက်ပြီးစီးသဖြင့် ပဝကျေးရွာ ဒေသခံပြည်သူများ၏ ခံစားချက်များအား ရှင်းလင်းတင်ပြပေးခဲ့သည်။




အဆိုပါ လုပ်ငန်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၁၅၀ ဖြင့် ပဝကျေးရွာအရှေ့မျက်နှာစာတစ်လျှောက် ပေ ၂၂၂၀ အတွင်း ကျောက်စီနံရံအခြေပြု ဘိုးပိုင်၏အချင်းမှာ ၀ ဒသမ ၅၆ မီတာနှင့် မြေအဝင်အနက် ပေ ၂၀ ဖြစ်ပြီး ကျောက်စီနံရံအရှေ့တွင် မျှောကရစ်ကွက်များကို ကျောက်ကြီးများဖြည့်ကာ တည်ဆောက်ခြင်းနှင့် မျှောကရစ်ကွက်များအရှေ့တွင် သဲမွေ့ရာများ ချထားပေးခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (ရေဘက်/မြို့ပြ) က တာဝန်ခံ၍ အငယ်တန်းအင်ဂျင်နီယာ-၂ (ရေဘက်/မြို့ပြ) က အနီးကပ်ကြီးကြပ်လျက် တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**နန်းသာရီ- ထိန်ဝင်း (ပြန်/ဆက်)**

# ဝေးလံခေါင်ဖျားဒေသမှ ပြည်သူများအား အိမ်သုံးဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေပေး

**သီပေါ မေ ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် သစ်တောဦးစီးဌာနမှ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ ဝေးလံခေါင်ဖျား ကျေးလက်ဒေသများဖြစ်သည့် သီပေါမြို့နယ်နှင့် နမ့်ဆန်မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်နေသူ ဆရာ ဆရာမများအားလုံး အိမ်သုံးဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများအား ဖြန့်ဝေပေးအပ်ခြင်းအခမ်းအနားကို မေ ၁၂ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်ဝင်းက ဆိုလာပြားနှင့် စွမ်းအားမြှင့်မီးဖိုများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီပေါမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုနှင့် နမ့်ဆန်မြို့နယ်မှ ကျေးရွာအုပ်စု ခြောက်အုပ်စုတို့မှ ဆရာ ဆရာမများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက အိမ်သုံးဆိုလာနှင့် စွမ်းအားမြှင့်မီးဖိုများကို ပေးအပ်သည်။

ထိုသို့ ဝေးလံခေါင်ဖျား တောင်ပေါ်ဒေသများအတွက် ဆိုလာပြား၊ စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေပေးခြင်းအားဖြင့် ဒေသခံတိုင်းရင်းသား သွေးချင်းများ၏ ကျေးလက်ဌာနေတွင် မီးထိန်ထိန်လင်းလျက်ရှိပြီး ၎င်းတို့၏ ရင်သွေးငယ်များမှာလည်း နေ့ညမပြတ် စာပေလေ့လာဖတ်ရှုနိုင်ကြပြီး ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**စိုင်း (သီပေါ)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၄-၅-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၅၅/၈၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၈၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၆၅/၈၇၅ ကျပ် |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၄၂ ・၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၀၅ ・၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၀၆ ・၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၂၀ ・၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၂၈ ・၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၁၄ ・၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ・၈၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၉ ・၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ・၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၃၆ ・၆၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ・၁၈၈ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီငွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

**ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လှိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရား ကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့ အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပမိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက် ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❍ *ရှေ့ဖုံးမှ*

နိုင်ငံတည်ဆောက်ရေး၌ ကောင်းမွန်ခိုင်မာစွာ အခြေခံတည်ဆောက်နိုင်မည်ဆိုပါက မိမိတို့မျှော်မှန်းသည့် ပန်းတိုင်သို့ လျှောက်လှမ်းရမည့်ခရီးအဝေးကြီး မရှိနိုင်တော့ဟု ခိုင်ခိုင်မာမာယုံကြည်ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် အမြစ်တွယ်ကိန်းဝပ်နေခဲ့သော မြန်မာ့တန်ဖိုးကို မကြာသေးမီက ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့သည့် ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှု၌ မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ကြရပါသည်။

### အပြီးသတ် မီးငြိမ်းဆောင်ရွက်နိုင်ခဲ့

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ ကုလားကြီးစုကျေးရွာအုပ်စု၊ ထိန်ပင်သုသာန်၏ စည်ပင်သာယာအမှိုက်ပုံသည် အပူရှိန်လွန်ကဲမှုကြောင့် ၂၁-၄-၂၀၁၈ ရက်နေ့ ၁၂း၄၀ နာရီချိန်မှစတင်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ပူပြင်းခြောက်သွေ့သော နွေရာသီဖြစ်ခြင်း၊ အမှိုက်ပုံ၏ ဧရိယာနှင့် ထုထည်ကျယ်ပြန့်ကြီးမားခြင်း၊ အမှိုက်ပုံ၏ အောက်ခြေနှင့်အတွင်းပိုင်းတွင်လိုက်၍ မီးလောင်နေခြင်းတို့ကြောင့် တာဝန်ရှိအကြီးအကဲများ၏ စီမံမှုနှင့်အတူ စက်ယန္တရားအရေအတွက်များစွာနှင့် လူအင်အား မြောက်မြားစွာ ရက်ရှည်ကြိုးပမ်းငြိမ်းသတ်ခဲ့ကြရပြီး ၂-၅-၂၀၁၈ ရက်နေ့ရောက်မှ အပြီးသတ်မီးငြိမ်းဆောင်ရွက်နိုင်ခဲ့ကြသည်။

### စုစုပေါင်း ၃၂၈၇ ဦးအထိ ပါဝင်ဆောင်ရွက်

၄။ မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်၊ လုံခြုံရေးလုပ်ငန်းစဉ်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များနှင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ယင်းကာလအတွင်း ပါဝင်ထမ်းရွက်ခဲ့ကြသူများ၏အင်အားမှာ မှတ်တမ်းများအရ မီးသတ်တပ်ဖွဲ့ဝင် (အရန်+သန္ဓေ) ၁၇၄၇ ဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်း ၇၂၂ ဦး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ၄၀ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၃၂၈ ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၂၄ ဦး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၁၅၆ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၉ ဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည် (ဆေးတပ်ဖွဲ့ အပါအဝင်) ၂၂၀ ဦး၊ စုစုပေါင်း ၃၂၈၇ ဦးအထိ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

### မီးခိုးနံ့များ ပျံ့လွင့်ခြင်းတို့ဖြစ်ပေါ်ခဲ့

၅။ ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုအား ပထမပိုင်းရက်များတွင် မီးသတ်ယာဉ်များနှင့် ရေသယ်ယာဉ်များကို အသုံးပြု၍ လူအင်အားများစွာဖြင့် ငြိမ်းသတ်ခဲ့သော်လည်း မီးမှာ အမှိုက်ပုံအတွင်းဘက်၌ လိုက်၍ လောင်ကျွမ်းနေမှုကြောင့် မီးခိုးငွေ့များသည် အမှိုက်ပုံနေရာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူများ အသက်ရှူကျပ်၍ ကျန်းမာရေးထိခိုက်မှုဖြစ်ပွားခြင်းနှင့် တောင်ဥက္ကလာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)အထိ မီးခိုးနံ့များ ပျံ့လွင့်ခြင်းတို့ဖြစ်ပေါ်ခဲ့ပါသည်။ လောင်ကျွမ်းနေသည့် မီးမှာ အမှိုက်ပုံအတွင်းဘက်၌လိုက်၍ လောင်ကျွမ်းနေသောကြောင့် အမြန်ဆုံး မီးငြိမ်းသတ်နိုင်ရေးအတွက် ကမ္ဘောဇ အနာဂတ်အလင်းတန်း(မြန်မာ)ဖောင်ဒေးရှင်းနှင့် ညီနောင်မိတ်ဖက်ကုမ္ပဏီများက ထိုင်းနိုင်ငံမှ Bio Foam ဂါလန် ၅၀၀၀ ဝယ်ယူနိုင်ရန် ငွေကျပ်သိန်းပေါင်း ၃၄၀၀ လှူဒါန်းခဲ့ပြီး ပရဟိတအဖွဲ့ ၄၃ ဖွဲ့ကလည်း မီးငြိမ်းသတ်ရေးကြိုးပမ်းဆောင်ရွက်ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်သည်များအား အစဉ်တစိုက် ပူးပေါင်းကူညီခဲ့ကြပြီး လှူဒါန်းရရှိသော အစားအသောက်နှင့် ပစ္စည်းပစ္စယများ လိုက်လံဝေငှပေးခဲ့ကြပါသည်။

### ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ်ရွေးချယ်

၆။ သို့ဖြစ်၍ ယခုနှစ် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ထိန်ပင်အမှိုက်ပုံမီးငြိမ်းသတ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ၊ ပြည်သူပြည်သားများအား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

### စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကူညီ

၇။ စုပေါင်းအင်အားဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မည်သို့သော စိန်ခေါ်မှု၊ မည်သို့သော အခက်အခဲမျိုးကိုမဆို ကျော်လွှားအောင်မြင်နိုင်ကြောင်းကို ထိန်ပင်အမှိုက်ပုံမီးလောင်မှုဖြစ်စဉ်က အထင်အရှား သက်သေပြဆိုနေပြီဖြစ်ရာ နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းမည့် ခရီးလမ်းတစ်လျှောက် စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**

**လှိုင်သာယာမြို့နယ် ၊ ကုလားကြီးစုကျေးရွာအုပ်စု၊ ထိန်ပင်သုသာန်ရှိ စည်ပင်သာယာအမှိုက်ပုံ မီးလောင်ကျွမ်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သော ဌာန၊ အဖွဲ့အစည်းများစာရင်း**

| စဉ် | ဌာန၊ အဖွဲ့အစည်း | အင်အား(ဦး) | ပရဟိတ အဖွဲ့အစည်း (အဖွဲ့) | မှတ်ချက် |
|---|---|---|---|---|
| ၁ | တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန | ၁၇၄၇ | - | |
| ၂ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၇၂၂ | - | |
| ၃ | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | ၄၀ | - | |
| ၄ | တိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၂၀၃ | - | |
| ၅ | အမှတ်(၂)လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူးရုံး | ၁၂၅ | - | |
| ၆ | တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၂၄ | - | |
| ၇ | တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၁၅၆ | - | |
| ၈ | တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့ | ၄၉ | - | |
| ၉ | ရန်ကုန်တိုင်းစစ်ဌာနချုပ် | ၂၂၀ | - | |
| ၁၀ | လှူမှုရေးအဖွဲ့အစည်းများ | - | ၄၃ | |
| | **စုစုပေါင်း** | ၃၂၈၇ | ၄၃ | |

မှတ်ချက်။
(၁) **ASEAN Coordinating centre for Humanitarian Assistance on disaster management (AHA Centre) မှလည်း ပံ့ပိုးကူညီမှုများပြုခဲ့ပါသည်။**
(၂) **ကမ္ဘောဇအနာဂတ်အလင်းတန်း(မြန်မာ)ဖောင်ဒေးရှင်းနှင့် ညီနောင်မိတ်ဖက်ကုမ္ပဏီများမှ Bio Foam ဂါလန် ၅၀၀၀ ဝယ်ယူရန် ကျပ်သိန်းပေါင်း ၃၄၀၀ လှူဒါန်းခဲ့ပါသည်။**

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်အား UNDP မန္တလေးရုံးမှ တာဝန်ရှိသူ လာရောက်တွေ့ဆုံ

မန္တလေး မေ ၁၄

**မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မန္တလေးရုံးမှ Rule of law officer Ms. Jane Abudho အား ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)



ထိုသို့တွေ့ဆုံရာ၌ တရားသူကြီးချုပ်က တရားရုံးဖွဲ့စည်းပုံ အဆင့်ဆင့်အား ရှင်းလင်းပြောကြားခဲ့ပြီး UNDP မှ Ms. Jane Abudho က ၎င်းယခုလို လာရောက်တွေ့ဆုံရခြင်းမှာ Ethics Fair Trial Case Information System တို့နှင့်စပ်လျဉ်း၍ သင်တန်းများ ဖွင့်လှစ်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ သင်တန်းများကို အစီအစဉ်ရေးဆွဲနေ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ညှိနှိုင်းပြီးပါက ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်က တရားဥပဒေစိုးမိုးရေးအတွက် ဆက်စပ်နေသော ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရှိရ၍ ဝမ်းမြောက်ဂုဏ်ယူကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တရားလွှတ်တော် တရားသူကြီးချုပ်များဖြစ်ကြသော ဦးကြည်သိန်း၊ ဒေါ်လှလှရီ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချို၊ ရုံးအဖွဲ့မှူးနှင့် UNDP မှ မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးဇော်မင်းနောင်တို့ တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

◆ *ရှေ့ဖုံးမှ*

ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ထောက်ခံခြင်းစသည့် သဘောထားမှတ်ချက်များကို ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများက ပြန်လည်ရှင်းလင်းဆွေးနွေး၍ အဆိုပြုနှုန်းထားများ ပြန်လည်တင်ပြစေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### ဆုံးဖြတ်ခဲ့

ထိုကဲ့သို့ ထပ်မံအဆိုပြုတင်ပြသည့် အနည်းဆုံးအခကြေးငွေနှုန်းထားများကို ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ)နှင့်အညီ သုံးပွင့်ဆိုင် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်ကာ နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ တစ်နာရီလျှင် ၆၀၀ ကျပ် (ခြောက်ရာကျပ်) နှုန်းဖြင့် တစ်ရက် အလုပ်ချိန် ၈ နာရီအတွက် ၄၈၀၀ (လေးထောင့်ရှစ်ရာကျပ်)အဖြစ် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## NV Card ကိုင်ဆောင်သူ မိဘများမှ မွေးဖွားလာသော သားသမီးများသည်လည်း မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှုခံယူရန် လျှောက်ထားပိုင်ခွင့်ရှိသည်။ NV Card ကိုင်ဆောင်သူသည် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်အရပ်ဒေသကိုမဆို သွားလာလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလာခွင့်ရရှိမည်



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။ သတင်းစဉ်

✻ ရှေ့ဖုံးမှ

အစည်းအဝေးကျင်းပမှု တစ်ကြိမ်ထက် တစ်ကြိမ်ပို၍ အတွေ့အကြုံရင့်ကျက်လာသည်နှင့်အမျှ ဥပဒေပြုရေးလုပ်ငန်းတာဝန်များအပြင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ သုံးရပ် အပြန်အလှန် ထိန်းကျောင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာစောင့်ထိန်းပြီး ဒီမိုကရေစီစနစ် ပိုမိုအရှိန်အဟုန် မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နှစ်နှစ်ကျော်ကြာ ကာလအတွင်း မိမိတို့ရရှိပြီးသော အတွေ့အကြုံကောင်းများကို နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းစွာအသုံးချနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

### အတည်ပြုချက်ရယူ

ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုလွှတ်တော်၌ ဆောင်ရွက်ရန်ကျန်ရှိသည့် ဥပဒေကြမ်းအပါအဝင် လွှတ်တော်အသီးသီး၏ ဆောင်ရွက်ဆဲ ဥပဒေကြမ်းများအနက် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အရေးကြီးသော ဥပဒေကြမ်းများ အတည်ပြုပြဋ္ဌာန်းနိုင်ရေးကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး လွှတ်တော်က ပြဋ္ဌာန်းထားရှိသော ဥပဒေများနှင့်အညီ ဌာန၊ အဖွဲ့အစည်းများက တင်ပြလာသည့် အစီရင်ခံစာများကို ဆွေးနွေးအတည်ပြုခြင်းနှင့် မြန်မာနိုင်ငံမှ အတည်ပြုပါဝင် လက်မှတ်ရေးထိုးရန် သဘောတူစာချုပ်တို့ကိုလည်း လွှတ်တော်၏ အတည်ပြုချက်ရယူနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဆက်လက်ဆောင်ရွက်ရမည့် ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများသည် ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့ အပါအဝင် မိမိတို့ လွှတ်တော်အချင်းချင်း ပူးပေါင်းညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားကြရမည့် လုပ်ငန်းများဖြစ်သည့်အတွက် မိမိတို့ လွှတ်တော်ကိုယ်စားလှယ် အချင်းချင်းဖြစ်စေ၊ ပြည်သူများနှင့်ဖြစ်စေ၊ မီဒီယာများနှင့်ဖြစ်စေ တွေ့ထိဆက်ဆံပြောဆိုလုပ်ဆောင်ကြရာမှာလည်း စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ နားလည်မှုရှိခြင်းတို့ဖြင့် စိတ်ကောင်းစေတနာနှင့် ယှဉ်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

### လွှတ်တော်သို့ရှင်းလင်း

ထို့နောက် **ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) ထုတ်ပေးခြင်း အပါအဝင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ**နှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယာယီသက်သေခံလက်မှတ်များသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် နိုင်ငံတော်၏ လိုအပ်ချက်အရ ၁၉၉၅ ခုနှစ်မှစ၍ ထုတ်ပေးထားခြင်းဖြစ်ပြီး၊ ယခုအခါ နှစ်ပေါင်း ၂၀ ကျော် ကြာမြင့်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်သမ္မတရုံး၏ ၁၁-၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅) ဖြင့် ယာယီသက်သေခံလက်မှတ်၏ သက်တမ်းကုန်ဆုံးသည့် နေ့ရက်အား ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့သတ်မှတ်ခဲ့ပြီး (၃၁-၅-၂၀၁၅) ရက်နေ့မတိုင်မီ သက်တမ်းကုန်ဆုံးသည့် လက်မှတ်များ လာရောက်အပ်နှံရန် ထုတ်ပြန်ခဲ့ပါကြောင်း။

### ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့

နိုင်ငံတော်သမ္မတရုံး၏ (၁၁-၂-၂၀၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅)ဖြင့် ထုတ်ပြန်ချက်နှင့်အညီ ယာယီသက်သေခံလက်မှတ်နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ် အကြံပြုရေး ကော်မရှင်ကို နိုင်ငံတော်သမ္မတရုံး၏ (၃-၄-၂၀၁၅) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၃၁/၂၀၁၅)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

လေ့လာသုံးသပ် အကြံပြုရေးကော်မရှင်သည် (၁၀-၄-၂၀၁၅)ရက်နေ့တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ယာယီသက်သေခံလက်မှတ်အပ်နှံပြီးသူများအား နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (Identity Card for National Verification) (NV Card)ဟု သတ်မှတ်ထုတ်ပေးရန်နှင့် အရောင်အား အပြာနုရောင် သတ်မှတ်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ပြီး နိုင်ငံတော်သမ္မတထံ တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံး၏ ၆-၅-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၆၄(၂)/၇/ သမ္မတရုံးဖြင့် ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါကြောင်း။

ဤကတ်ပြားထုတ်ပေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေဖြစ်သော ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်မဟုတ် စိစစ်နိုင်ရန်နှင့် စိစစ်ဆဲကာလအတွင်း မြန်မာနိုင်ငံအတွင်း နေထိုင်နေသူအဖြစ် အသိအမှတ်ပြုနိုင်ရန် ရည်ရွယ်ထုတ်ပေးခြင်းဖြစ်ပါကြောင်း။

NV Card ကိုင်ဆောင်သူများ လိုက်နာဆောင်ရွက်ရမည့် တာဝန်မှာ NV Card ကို သေချာစွာ သိမ်းဆည်းထားရမည့်ပြင် နည်းဥပဒေ ၂၉ တွင် ပြဋ္ဌာန်းသည့်အတိုင်း တာဝန်ရှိသူက တောင်းဆိုသည့်အခါ ထုတ်ပြရမည်။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့မှ အခါအားလျော်စွာ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်အား လိုက်နာရမည်။ ခရီးသွားလျှင် သက်ဆိုင်ရာ တာဝန်ရှိသူများက တောင်းခံပါက ထုတ်ပြနိုင်ရန်အလို့ငှာ မိမိနှင့်အတူ NV Card ကို ယူဆောင်သွားရမည်။ မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်လက်မှတ်ကိုရရှိပါက NV Card အား ပြန်လည်အပ်နှံရမည်။

မည်သူမဆို အထက်ပါအချက်တစ်ခုခုကို ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန် ပျက်ကွက်ပါက အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(၂)အရ အရေးယူခြင်းခံရမည်ဟူ၍ ဖြစ်ပါကြောင်း၊ ရရှိနိုင်မည့်အခွင့်အရေးများမှာ NV Card ကိုင်ဆောင်သူသည် မြန်မာနိုင်ငံအတွင်း နေထိုင်သူအဖြစ် မှတ်ပုံတင်ထားရှိပြီးဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာအောက်တွင် နေထိုင်သူများဖြစ်ကြောင်း ဤကတ်ပြားဖြင့် သက်သေခံနိုင်သည်။

NV Card ကိုင်ဆောင်သူသည် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှုခံယူရန် လျှောက်ထားပိုင်ခွင့်ရှိသည်။ သို့သော် နိုင်ငံသားစိစစ်မှု ခံယူနေစဉ်အတွင်း NV Card ကိုင်ဆောင်ထားရှိရန် လိုအပ်သည်။

လျှောက်ထားလာသူအား မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ်မဟုတ် အဆုံးအဖြတ်ပေးရမည်။ ဆုံးဖြတ်ပေးသည့် နိုင်ငံသားအဆင့် အတန်းနှင့်အညီ ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများ ရရှိမည်။



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရှင်းလင်းဖြေကြားစဉ်။ သတင်းစဉ်

### ခရီးသွားလာခွင့်

NV Card ကိုင်ဆောင်သူ မိဘများမှ မွေးဖွားလာသော သားသမီးများသည်လည်း မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှုခံယူရန် လျှောက်ထားပိုင်ခွင့်ရှိသည်။ NV Card ကိုင်ဆောင်သူသည် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်အရပ် ဒေသကိုမဆို သွားလာလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလာခွင့်ရရှိမည်။

ရခိုင်ပြည်နယ်အတွင်းရှိ NV Card ကိုင်ဆောင်ထားသူများသည် တရားဝင်ဖွင့်လှစ်ထားသော နယ်စပ် ဝင်၊ ထွက်ဂိတ်မှ တစ်ဆင့် BP လက်မှတ်ဖြင့် တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားဝင် နယ်စပ်ဖြတ်ကျော်၍ ဝင်ထွက်သွားလာနိုင်ခွင့်ရှိသည်။

### ဒေသန္တရအမိန့်နှင့်ညွှန်ကြားချက်များ

ရခိုင်ပြည်နယ်အတွင်းရှိ NV Card ကိုင်ဆောင်ထားသူများသည် မိမိနေထိုင်ရာ မြို့နယ်အတွင်း လွတ်လပ်စွာ ခရီးသွားလာခွင့်ရှိသည်။ ရခိုင်ပြည်နယ်အတွင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလာခွင့်ရရှိမည်။

NV Card ကိုင်ဆောင်ထားသူသည် မြန်မာနိုင်ငံ၏ အသိအမှတ်ပြု မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ထားသူများနည်းတူ ဥပဒေနှင့်အညီ အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်သို့ (ရေလုပ်ငန်းအပါအဝင်) ထွက်ခွာခွင့်ရှိသည်။ (အပြည်ပြည်ဆိုင်ရာရေပိုင်နက်တွင် ရေလုပ်ငန်းဆောင်ရွက်ရန်အတွက် NV Card အပါအဝင် နိုင်ငံတော်အသိအမှတ်ပြု မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုးနှင့် ရေလုပ်ငန်းလိုင်စင်ပါရှိရမည်) တို့ ဖြစ်ပါကြောင်း။

နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရန် လိုအပ်သူများမှာ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ-၆၅ အရ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်၊ မဟုတ် ဗဟိုအဖွဲ့၏ အဆုံးအဖြတ်ခံယူရန် လျှောက်ထားသူများ (အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြား ကိုင်ဆောင်ထားသူဖြစ်ပါက NV Card ထုတ်ပေးရန် မလိုပါ၊)

သက်တမ်းကုန် ယာယီသက်သေခံလက်မှတ် အပ်နှံသူများနှင့် ပျောက်ဆုံး ပျက်စီးကြောင်း သတင်းပို့ထားသူများအနက် နိုင်ငံသား စိစစ်ရေးလုပ်ငန်းစဉ်အရ နိုင်ငံသား စိစစ်မှုခံယူရန် လိုအပ်သူများ၊ ယခင်က နိုင်ငံသားစိစစ်ရေးကတ်ပြား အပါအဝင် မှတ်ပုံတင်တစ်မျိုးမျိုး ရရှိကိုင်ဆောင်ခဲ့ပြီး နိုင်ငံသား အရည်အချင်း ပြည့်စုံခိုင်လုံမှုမရှိသဖြင့် ကိုင်ဆောင် မှတ်ပုံတင်လက်မှတ်အား ပြန်လည်သိမ်းဆည်း၊ ပယ်ဖျက်၊ ဖျက်သိမ်းခြင်း ခံရသူများဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးမှာ ဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် လုပ်ဆောင်ရန်များစွာရှိနေပြီး အစိုးရအနေနှင့် အစိုးရ၏တာဝန် စတင်တာဝန်ယူသည့်အချိန်မှစ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်သည် အလေးထားဆောင်ရွက်ပေးရန်လိုအပ်သော ပြည်နယ်တစ်ခုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသည် ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော ပြည်သူလူထုများအတွက် ငြိမ်းချမ်းမှုတ၍ သာယာဝပြောသော အနာဂတ်ပေါ်ထွန်းလာနိုင်ရေးကို ဦးတည်လျက် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ပြည်ထောင်စုတစ်ခုလုံး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို လေ့လာ၍ ခွဲခြမ်းစိတ်ဖြာကြည့်ပါက အကြံပြုချက် ၈၈ ခုတွင် လူမှုစီးပွား

*စာမျက်နှာ ၅ သို့*

✻ စာမျက်နှာ ၄ မှ

ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော အကြံပြုချက် ၃၆ ခု၊ တည်ငြိမ်အေးချမ်းရေးအတွက် အကြံပြုချက် ၄၈ ခုနှင့် အကြံပြုချက်များ အကောင်အထည်ဖော်ရာတွင် အောင်မြင်ရေးအတွက် လက်တွေ့ဆောင်ရွက်ရန် နည်းလမ်းများလေးခုတို့ ပါဝင်ပါကြောင်း။

**စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများဆောင်ရွက်ခြင်း**

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော အကြံပြုချက် ၃၆ ခုသည် ရခိုင်ပြည်နယ်တွင် ယခင်နှင့်မတူသော သိသာထင်ရှားသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားနိုင်ရန် ဆောင်ရွက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်းရေး၊ ဘေးဒဏ် ခံစားရသူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ရရှိစေရေးနှင့် မှန်ကန်သော သတင်းအချက်အလက်များ ဖြန့်ဝေခြင်းတို့ကို အကောင်အထည်ဖော်ရန် အကြံပြုထားခြင်း ဖြစ်ပါကြောင်း။

တည်ငြိမ်အေးချမ်းရေးအတွက် အကြံပြုချက် ၄၈ ခုသည် ရခိုင်ပြည်နယ်တွင်း နေထိုင်လျက်ရှိသော တိုင်းရင်းသားမဟုတ်သူများကို ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအရ နိုင်ငံသားအဖြစ် အသိအမှတ်ပြု သင့်သူများကို အသိအမှတ်ပြု၍ နိုင်ငံသား အခွင့်အရေးရရှိစေရေး (National Verification Process) ကို အရှိန်အဟုန်ဖြင့် အမြန်ဆုံး ဆောင်ရွက်ပေးရေး၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ ခရီးသွားလာခွင့် ရရှိရေး၊ ပဋိပက္ခဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြီး ယာယီစခန်းများတွင် နေရသူများအတွက် စခန်းများ စနစ်တကျ ပိတ်သိမ်းပြီး ပြန်လည်နေရာချထားရေးကိစ္စရပ်များ၊ လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေးနှင့် ပါဝင်ခွင့်ရရှိရေး၊ တရားမျှတမှုရရှိရေးနှင့် ဒေသတွင်း လုံခြုံရေး၊ အနောက်ဘက် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအပြင် ဒေသတွင်းနိုင်ငံများနှင့် ကောင်းမွန်သော ဆက်ဆံရေးရရှိရေးတို့ကို အကြံပြုထားခြင်း ဖြစ်ပါကြောင်း။

အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် ပကတိအခြေအနေနှင့် ကိုက်ညီပြီး ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသူအားလုံး၏ အကျိုးစီးပွားဖြစ်ထွန်းစေလျက် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့မှုကို အလေးထားပြီး ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်များကိုသာ ရွေးချယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အကြံပြုချက်များအနက် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအတွက် ရခိုင်ပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅၉ ခုထိ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုနိုင်ခဲ့ပါကြောင်း၊ စီမံကိန်းများနှင့် အစိုးရအဆောက်အဦများ ဆောက်လုပ်ရန်အတွက် မြေယာဆုံးရှုံးသွားသူများအား မြေယာသီးနှံလျော်ကြေးများ ပေးအပ်နိုင်ခဲ့ပြီး(၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် လျော်ကြေးများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကို တည်ထောင်လျက်ရှိရာ ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှုကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သော လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ကွန်ကရစ်လမ်းများ၊ တံတားများ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာမှာ အဓိကလမ်းမကြီးအနေဖြင့် ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်း ၇၅ ရာခိုင်နှုန်း၊ ကျောက်ပန္နု-အင်းဒင်-စေတီပြင် တောင်ကျော်လမ်း အသစ်ဖောက်လုပ်ခြင်း ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ဘူးသီးတောင်-သပိတ်တောင်-ညောင်ချောင်း-အောင်ဇေယျ-အငူမော်လမ်း (၄၆ မိုင် ၅ ဖာလုံ) လမ်းလုပ်ငန်းဆောင်ရွက်နေရာမှာ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပြီး လမ်းအရှည် ၇၉ ဒသမ ၃၅ ကီလိုမီတာရှိ မောင်တော - အငူမော်လမ်း ဖောက်လုပ်လျက်ရှိရာ အငူမော် - ကိုးတန်ကောက်လမ်းပိုင်း ၂၁ ကီလိုမီတာကို လုပ်ငန်းဆောင်ရွက်မှု ပြီးစီးပြီဖြစ်၍ မေလ ၁ ရက်နေ့တွင် ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း၊ ကျန်လမ်းပိုင်းကိုလည်း ဆက်လက်ဖောက်လုပ်လျက်ရှိပါကြောင်း။

လျှပ်စစ်ကဏ္ဍတွင် မြေပုံ၊ ပေါက်တောမြို့များကို ဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်မီးပေးနိုင်ခဲ့ပြီး ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ မာန်အောင်၊ ကျိန္တလီတို့မှာ နာရီတိုးမြှင့်ပြီး လျှပ်စစ်မီးပေးခြင်း၊ ကမ်းထောင့်ကြီး၊ တပ်ထောင်၊ ကျောက်ဖြူ၊ ပုဏ္ဏားကျွန်းမြို့နယ်များမှာ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများ တည်ဆောက်ခြင်းတို့အပြင် ဓာတ်အားစနစ်နှင့် ဝေးကွာသော ကျေးရွာများတွင် တစ်အိမ်သုံး ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍတွင် မိုဘိုင်းရေဒီယိုစခန်း ၆၀၉ စခန်းအထိ တိုးတက်တည်ဆောက်ပြီးစီးပြီး ဖြစ်ပါကြောင်း၊ မြေအောက်ဖိုက်ဘာကေဘယ်လ် ဆက်ကြောင်း အရှည် ၃၀၂၈ ဒသမ ၈၅ ကီလိုမီတာအထိ တိုးတက်တည်ဆောက်ပြီးစီးပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ နည်းလမ်း (Immediate Response Mechanism–IRM) ဖြင့် အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာများကို ကျောက်တော်၊ အမ်း၊ မာန်အောင်၊ မောင်တော၊ တောင်ကုတ်၊ မြေပုံ၊ မြောက်ဦး၊ ပေါက်တော၊ ဘူးသီးတောင်နှင့် မင်းပြားစခန်း၊ မြေလျှောင်စက်သစ် သုံးလုံးကို စစ်တွေ၊ကျောက်ဖြူနှင့် အမ်းမြို့တို့တွင် တပ်ဆင်ပြီး ဖြစ်ပါကြောင်း။

စိုက်ပျိုးရေးကဏ္ဍအနေဖြင့်လည်း မြို့နယ်ပေါင်း ၁၅ မြို့နယ်က သမဝါယမအသင်းသား တောင်သူများကို လယ်ယာသုံးစက်ကိရိယာ ၁၂၈၃ စီး ရောင်းချပေးခြင်း၊ အရည်အသွေးပြည့်မီသော မျိုးကောင်းမျိုးသန့်မျိုးစေ့ ၂၃၃၃၂ တင်းဖြန့်ဖြူးခြင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံနိုင်သော စိုက်ပျိုးရေးဆိုင်ရာ မျိုးသန့်စိုက်ပျိုးဇုန် ၂၅၀၀ ဧကစိုက်ပျိုးခြင်းတို့အပြင် မိုးစပါးကွင်းပြပွဲ ၅၇ ကြိမ်၊ တောင်သူပညာပေးသင်တန်း ၁၂၄ ကြိမ်၊ တောင်သူပညာပေးဆွေးနွေးပွဲ ၁၃၉၂ ကြိမ်၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များနှင့် ပတ်သက်ပြီး သင်တန်း ၁၁၅ ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း။

စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းအဆင့်များကို များစွာဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ရွေ့လျားဆေးကုသရေးအဖွဲ့များဖြင့် ကုသမှုပေးခြင်း၊ စစ်တွေဆေးရုံကြီးတိုးချဲ့ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ဖြည့်တင်းခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ဖြည့်စွက်ခန့်ထားခြင်း၊ ကျန်းမာရေးလုပ်သားများ လေ့ကျင့်မွေးထုတ်ခြင်းစသည်တို့ကို တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အလားတူ ပညာရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ လုံခြုံရေး စသည့်ကဏ္ဍပေါင်းစုံတွင်လည်း တိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း။

**လူသားချင်းစာနာထောက်ထားမှုအကူအညီပေးခြင်း**

လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းအနေဖြင့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ ပေးအပ်သော အကူအညီများ၊ ထောက်ပံ့ပစ္စည်းများကို နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများနှင့်အညီ မျှတစွာခွဲဝေပေးလျက်ရှိရာ အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာန (AHA Center)၊ ကြက်ခြေနီလှုပ်ရှားမှု အင်ဒိုနီးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တူရကီနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ MA-UK(Myanmar)တို့မှ စားသောက်ကုန်နှင့် စားသောက်ကုန်မဟုတ်သော ပစ္စည်းများ၊ ကျန်းမာရေးသုံးပစ္စည်းများကို ခွဲခြားမှုမရှိဘဲ လိုအပ်သူတိုင်းသို့ ပေးအပ်ထောက်ပံ့ခဲ့ပါကြောင်း၊ ထို့ပြင် တရုတ်၊ ဂျပန်နှင့် အခြားနိုင်ငံများကလည်း ငွေကြေးထောက်ပံ့မှုများပါဝင်ခဲ့ကြရာ ပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ပြည်နယ်တစ်ခုလုံး၏ လိုအပ်ချက်အရ ထောက်ပံ့ရန် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ UEHRD စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်ဖြင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ စတင်၍ ယနေ့အထိ ရခိုင်ပြည်နယ်သို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်လျက်ရှိပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းသို့ လုံခြုံရေးနှင့် လူမှုစီးပွား အကျပ်အတည်းများကြောင့် ၂၀၁၈ ခုနှစ်၊ မတ်လအတွင်း ပြောင်းရွှေ့ရောက်ရှိလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ရခိုင်တိုင်းရင်းသားအိမ်ထောင်စု ၇၀ မှ ကျား ၁၆၂ ဦး၊ မ ၁၆၀ စုစုပေါင်း လူဦးရေ ၃၂၂ ဦးတို့အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ပြီး ယာယီနေရာချထားမှုများ ပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်ပေးထားပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**UEHRD ဆောင်ရွက်ချက်များတင်ပြခြင်း**

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးပါဝင်ရန် လိုအပ်လာပါကြောင်း၊ လတ်တလောဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာဒေသခံ တိုင်းရင်းသား ပြည်သူများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာ ထွက်သွားသူများ အများအပြားရှိခဲ့ပါကြောင်း၊ နေရပ်စွန့်ခွာသူများအား ပြည်လည်နေရာချထားရေးသည် အစိုးရ၏တာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့အင်အားဖြင့် အစိုးရက စီမံဆောင်ရွက်သော ပြည်ထောင်စုစီမံကိန်း UEHRD (Union Enterprise for Humanitarian Assistance Resettlement and Development) ကို ဖော်ဆောင်၍ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်သော လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့က ရခိုင်ပြည်နယ်တစ်ခုလုံးရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်လျက်ရှိသကဲ့သို့ မိတ်ဆွေနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ စေတနာ ရှင်အဖွဲ့အစည်းများနှင့် ပြည်သူများ၏ UEHRD အစီအစဉ်တွင်ပါဝင်မှုဖြင့် လိုအပ်သော လူသားချင်းစာနာထောက်ထားမှု အကူအညီများ၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာခဲ့ရသော ရခိုင်ပြည်နယ်ရှိတိုင်းရင်းသားများ၊ တိုင်းရင်းသား လူမျိုးစုငယ်များအတွက် ကျေးရွာအုပ်စု ၁၈ စုမှာ နေအိမ်ပေါင်း ၈၀၀ ကျော်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ လမ်း၊ တံတား၊ ရေ၊ မီး အစရှိသည်များကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပက နိုင်ငံသားများ၊ မိတ်ဆွေနိုင်ငံများ၏ အကူအညီများနှင့် ထူထောင်လျက်ရှိပါကြောင်း။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ရှင်းလင်းဖြေကြားစဉ်။ သတင်းစဉ်

❝ **ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းသို့ လုံခြုံရေးနှင့် လူမှုစီးပွား အကျပ်အတည်းများကြောင့် ၂၀၁၈ ခုနှစ်၊ မတ်လအတွင်း ပြောင်းရွှေ့ရောက်ရှိလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ရခိုင်တိုင်းရင်းသားအိမ်ထောင်စု ၇၀ မှ ကျား ၁၆၂ ဦး၊ မ ၁၆၀ စုစုပေါင်း လူဦးရေ ၃၂၂ ဦးတို့အတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးအပ်ပြီး ယာယီနေရာချထားမှုများ ပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်ပေးထားပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်** ❞

**နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် အချက်အလက်များ**

ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးတည်ပြီး ဝန်ကြီးဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ရခိုင်ပြည်နယ်ဖြစ်စဉ်များ၏ နောက်ခံအကြောင်းတရားများအနက် တစ်ခုအပါအဝင်ဖြစ်သော နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို စနစ်တကျဆောင်ရွက်နိုင်မှသာလျှင် ရေရှည်ပဋိပက္ခကင်းဝေးပြီး တည်ငြိမ်အေးချမ်းမှုရရှိမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေ၊ တည်ဆဲဥပဒေများ၊ စည်းမျဉ်းများနှင့် အညီသာ ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

နိုင်ငံသားစိစစ်မှုကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်း နေထိုင်သူများအား မည်သည့်လူမျိုးဖြစ်စေ၊ မည်သည့်ဘာသာကို ကိုးကွယ်သည်ဖြစ်စေ မြန်မာနိုင်ငံအတွင်း အစဉ်အဆက်နေထိုင်သူ မှန်ကန်ပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရန်နှင့် ဥပဒေနှင့်အညီ ရသင့်ရထိုက်သော သက်သေခံလက်မှတ် တစ်မျိုးမျိုးကို ရယူကိုင်ဆောင်ရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ (၁၉၄၉) နှင့် နည်းဥပဒေ (၁၉၅၁) တို့အရ ဆောင်ရွက်ခဲ့သော ယာယီသက်သေခံလက်မှတ်များအစား NV ကတ်ကို ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစ၍ ထုတ်ပေးခဲ့သည်ဟု သိရှိရပါကြောင်း၊ NV ကတ်အား ရခိုင်ပြည်နယ်တစ်ခုတည်းအတွက် မဟုတ်ဘဲ တိုင်းဒေသကြီး၊ ပြည်နယ် အားလုံးရှိ တိုင်းရင်းသားလူမျိုးမဟုတ်သူများနှင့် နယ်စပ်ဒေသများတွင် နေထိုင်သူများအနက် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ခြင်းမရှိသူများ၊ နိုင်ငံသားစိစစ်ရန် လိုအပ်သူများအား (၁၉၈၂)ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်နိုင်ရန်နှင့် စိစစ်ဆဲကာလတွင် မြန်မာနိုင်ငံအတွင်းနေထိုင်သူအဖြစ် အသိအမှတ်ပြုရန် ရည်ရွယ်ထုတ်ပေးခြင်းဖြစ်သည်ဟုလည်း သိရှိရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်၏ ပထမဆုံးသော ဆောင်ရွက်ရမည့်အချက်အဖြစ် NV ကတ်စိစစ်ထုတ်ပေးခြင်းလုပ်ငန်းအား စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၊ စစ်တွေမြို့ သက္ကယ်ပြင် IDP စခန်း၊ မြေပုံမြို့တောင်ပေါ် IDP စခန်းများ၌ အဓိကရွေ့ပြောင်းရေးဒေသ Pilot Area များအဖြစ် သတ်မှတ်၍ သက်ဆိုင်ရာဌာနများက ဆောင်ရွက်နေသည်ကို တင်ပြလိုပါကြောင်း။

မိမိအနေဖြင့် UEHRD (Union Enterprise for Humanitarian Assistance, Resettlement and Development) ၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်နေရသည့်အတွက် ပြီးခဲ့သော ဧပြီလက ပြန်လည်လက်ခံရေးလုပ်ငန်းနှင့်စပ်လျဉ်းပြီး ဆောင်ရွက်ထားလျက်ရှိသည့် လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် နှစ်နိုင်ငံသဘောတူညီချက်များအတိုင်း အကောင်အထည်ဖော်ညှိနှိုင်းရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့ပါကြောင်း။

သွားရောက်တွေ့ဆုံရာတွင် နေရပ်စွန့်ခွာသူများက လွတ်လပ်စွာသွားလာခွင့်နှင့် နိုင်ငံသားပြုခွင့်ဆိုင်ရာများကို မေးမြန်းသောအခါ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတ်မှတ်ထားသော နိုင်ငံသားဖြစ်ခွင့်လုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံသားဖြစ်မှုအလိုက်ရရှိမည့် နိုင်ငံတော်၏ ဥပဒေ၊ စည်းမျဉ်းများအရ လွတ်လပ်စွာသွားလာခွင့်တို့ကို ရှင်းလင်းခဲ့ပါကြောင်း။

ဤဆောင်ရွက်မှုများကို မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ပြန်လည်ပြောကြားခဲ့ပါကြောင်း၊ ပြောကြားစဉ်တွင် NV ကတ်ကိုင်ဆောင်သူများကို တစ်နိုင်ငံလုံး လွတ်လပ်စွာသွားလာခွင့်ပေးလိုက်သည်ဟူသော သဘောမျိုးပြောခြင်း မဟုတ်ပါကြောင်း၊ NV ကတ်ကိုင်ဆောင်သူများ၏ အခွင့်အရေးတွင် တစ်နိုင်ငံလုံး သွားလာခွင့်ရှိကြောင်း၊ သို့သော် ယာယီခရီးသွားလာခွင့်လက်မှတ် ပုံစံ (၄) ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့၏ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာ၍ လွတ်လပ်စွာ ခရီးသွားလာခွင့်ရမည်ဟု ပြောကြားခဲ့ခြင်း ဖြစ်ပါကြောင်း၊ သို့သော် အချို့သော မီဒီယာများက

စာမျက်နှာ ၆ သို့

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်း၏ အကျိုးကျေးဇူးများကို ခံစားရမည့်သူများမှာ ရခိုင်ပြည်သူများပင်ဖြစ်

*စာမျက်နှာ ၅ မှ*

မိမိပြောကြားချက် အပြည့်အစုံနှင့်တွဲ၍ မဖော်ပြဘဲ NV ကတ်ကိုင်ဆောင်သူများ မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာ သွားလာခွင့်ရပြီဟု ထုတ်နုတ်ဖော်ပြခြင်းကြောင့် အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို တစိုက်မတ်မတ် အကောင်အထည်ဖော်နေသည့် ကာလအတွင်းတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဟန့်အတားဖြစ်စေမည့် မလိုလားအပ်သော ဝေဖန်မှုများနှင့် ပြည်သူလူထုအတွင်း အသိလွဲမှားမှုများ ဖြစ်စေခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီအနေဖြင့် အကြံပြုချက်များတွင် ပါဝင်သော နိုင်ငံသားစိစစ်မှုကဏ္ဍကိုလည်း ဦးစားပေးလုပ်ငန်း တစ်ရပ်အဖြစ် တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအတွင်း ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်မှု အရည်အချင်းနှင့် ပြည့်စုံသူများကို နိုင်ငံသားအခွင့်အရေး ရရှိစေမည်ဖြစ်ပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဟုခံယူ၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအနေဖြင့်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

## လွတ်လပ်စွာသွားလာခွင့်

ထို့အပြင် အကြံပြုချက်ပါကဏ္ဍများအနက် လွတ်လပ်စွာသွားလာခွင့်နှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတ်မှတ်ထားသော NV ကတ် ကိုင်ဆောင်သူများ ရရှိခံစားနိုင်သည့် အခွင့်အရေး ၈ ချက်တွင် ပါရှိပြီးဖြစ်သဖြင့် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်း စသည်တို့တွင် လက်လှမ်းမီရရှိနိုင်ပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

## IDP စခန်းများ ပိတ်သိမ်းရေး

ထို့အပြင် ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် နှစ်ရှည်လများ သီးခြားရှိနေခဲ့သော ယာယီ IDP စခန်းများကို ပိတ်သိမ်း၍ ပြန်လည်နေရာချထားပေးနိုင်ပါက ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်မှု၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ သွားလာနိုင်မှုများရရှိပြီး ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်မည် ဖြစ်ပါကြောင်း၊ IDP စခန်းများကို ပိတ်သိမ်းနိုင်ပါက စခန်းတွင်နေထိုင်သူများ ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်နိုင်ပြီး ထောက်ပံ့မှုကို မှီခိုခြင်းမှ ကင်းလွတ်ကာ ဒေသကုန်ထုတ်လုပ်မှု လုပ်ငန်းများကိုလည်း ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် IDP စခန်းများ ပိတ်သိမ်းရေးကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ မဟာဗျူဟာချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိတွင် မြေပုံမြို့တောင်ပေါ် IDP စခန်းပိတ်သိမ်းနိုင်ရေးအတွက်စခန်းအနီးမှာ နယ်စပ်ရေးရာဝန်ကြီးဌာနကနေအိမ်များ ဆောက်လုပ်နေပြီး ပေါက်တောမြို့နိဒင် IDP စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်ပြီး စစ်တွေမြို့သက္ကယ်ပြင် IDP စခန်း၊ စစ်တွေမြို့ ခေါင်းဒုက္ကာ IDP စခန်း(၁)နှင့် (၂)၊ ကျောက်တော်မြို့ နိဒင် IDP စခန်းတို့ရှိ စခန်းနေသူများနှင့်ညှိနှိုင်းဆွေးနွေးခြင်း၊ NV ကတ်လုပ်ငန်းစဉ်တွင်ပါဝင်နိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ၄ လတစ်ကြိမ် ပြည်သူသို့ အစီရင်ခံ တင်ပြရမည်ဟူသော ကော်မတီ၏လုပ်ငန်းတာဝန် သတ်မှတ်ချက်နှင့်အညီ ပထမအကြိမ်ပြည်သူသို့ အစီရင်ခံစာကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်က နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထုတ်ပြန်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ ယခုလ မေလတွင်လည်း ဒုတိယအကြိမ် အစီရင်ခံစာထုတ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည် ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်းနေထိုင်သူများ အားလုံးအတွက် ပြည်လည်ထူထောင်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ကို ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အချိန်ယူ၍ ဆက်လက်ကြိုးစားဆောင်ရွက်သွားရမည့်လုပ်ငန်းများစွာ ကျန်ရှိပါသေးကြောင်း၊ အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုအဆင့်မှ လမ်းညွှန်ချက်များနှင့် ပြည်နယ်အဆင့်ရှိ အစိုးရတာဝန်ရှိသူများ၊ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများသည်လည်း ကိုက်ညီမှုရှိရန်လိုအပ်ပြီး အပြုသဘောဆောင်သည့် ပြောင်းလဲမှုရရှိအောင် တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်နိုင်ရန် စုပေါင်းအားဖြင့် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ဤကဲ့သို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်း၏ အကျိုးကျေးဇူးများကို ခံစားရမည့်သူများမှာ ရခိုင်ပြည်သူများပင်ဖြစ်ပါကြောင်း၊ အတိတ်က နာကြည်းဖွယ်များကို ကျော်လွှားပြီး လက်ရှိအခြေအနေကို သုံးသပ်၍ အကျိုးဖြစ်ထွန်းမှုများကို ဦးတည်သည့် တရားသောဥပဒေများ စိုးမိုးသော အနာဂတ် ရခိုင်ပြည်နယ်၏ လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်စေရေးကို အားလုံး၏ စုပေါင်းအားကို အလေးထားလျက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို ရှင်းလင်းတင်ပြ အပ်ပါကြောင်း။

## တူညီသောဦးတည်ချက်

နိဂုံးချုပ်အားဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို အကောင်အထည်ဖော်နေခြင်းသည် မိမိတို့အစိုးရသစ် စတင်တာဝန်ယူစကပင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းစဉ်များနှင့် ဆက်စပ်

**“ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို အကောင်အထည်ဖော်နေခြင်းသည် မိမိတို့အစိုးရသစ် စတင်တာဝန်ယူစကပင် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ လုပ်ငန်းစဉ်များနှင့်ဆက်စပ်ကိုက်ညီမှုရှိပြီး တူညီသောဦးတည်ချက်ဖြစ်သည့် ရခိုင်တစ်ပြည်နယ်လုံး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိပြီး ငြိမ်းချမ်းမှုတ၍ သာယာဝပြောသော အနာဂတ်ဖြစ်ပေါ်လာစေရန် ဆောင်ရွက်နေခြင်းဖြစ်”**

ကိုက်ညီမှုရှိပြီး တူညီသောဦးတည်ချက်ဖြစ်သည့် ရခိုင်တစ်ပြည်နယ်လုံး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိပြီး ငြိမ်းချမ်းမှုတ၍ သာယာဝပြောသော အနာဂတ် ဖြစ်ပေါ်လာစေရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ **ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) ထုတ်ပေးခြင်းအပါအဝင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ**ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်ခြင်း**နှင့်စပ်လျဉ်းသည့် သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

ထို့ပြင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် အဖွဲ့ဝင်အဖြစ် ဦးတင်မောင်မြင့်အား ခန့်အပ်တာဝန်ပေးလိုကြောင်း သဝဏ်လွှာ**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်သို့ အသိပေးတင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့အတူ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မကွေးတိုင်းဒေသကြီး ဝန်ကြီးများအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမော်ဌေးနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်ဆွေတို့ကို ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ငြိမ်းချမ်းရေးနှင့် အလိုက်သင့် တွန်းလှန်လွန်မြောက်နိုင်စွမ်းရှိမှုတို့အတွက် အလုပ်အကိုင်နှင့် သင့်လျော်ကောင်းမွန်သော အလုပ်ဆိုင်ရာ တိုက်တွန်းချက်အမှတ်(၂၀၅)ကို မှတ်တမ်းတင်နိုင်ရေး** ကိစ္စနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ILO ပြဋ္ဌာန်းချက် ၂၀ ခုကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယင်းပြဋ္ဌာန်းချက်များနှင့်ညီညွတ်သော ပြည်တွင်းဥပဒေများကို ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝဘေးအန္တရာယ်များနှင့် ပဋိပက္ခဖြစ်ပွားမှုများကြောင့် စီးပွားရေး လုပ်ငန်းများနှင့် လူ့အသိုက်အဝန်းများအပေါ် ထိခိုက်နေသည့် အခြေအနေများကို ကာကွယ်ရန်နှင့်တုံ့ပြန်ရန် အလုပ်အကိုင် ဆိုင်ရာ အစီအမံများအပေါ် အဓိကထားသည့် သီးသန့်မူဘောင်တစ်ခုအဖြစ် ချမှတ်ထားခြင်းဖြစ်ပြီး ထိခိုက်လွယ်သည့် အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ ဒေသခံတိုင်းရင်းသားများ၊ လူနည်းစုများ၊ မသန်စွမ်းသူများ၊ ပြည်တွင်းရွှေ့ပြောင်းခံရသူများ၊ ရွှေ့ပြောင်းသွားလာသူများ၊ ဒုက္ခသည်များနှင့် နယ်စပ်များအား ဖြတ်ကျော်စေလျက် အစမ္မရွှေ့ပြောင်းခံရသူများနှင့် နေရာအတည်တကျ မရှိသူများအပေါ် အထူးအလေးထား ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ထို့အပြင် တိုက်တွန်းချက်၏ အဓိကထားမှုဖြစ်သည့် ပြန်လည်တည်ဆောက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ ဆောင်ရွက်ရာတွင် ကာကွယ်တားဆီးခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းတို့ ပါဝင်လာစေရန် ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး လမ်းညွှန်အဖြစ် အသုံးပြုရန်အတွက် ဤတိုက်တွန်းချက်အမှတ်(၂၀၅)ကို အတည်ပြုချမှတ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

## အမည်စာရင်း တင်သွင်းနိုင်

အိုင်အယ်လ်အို ညီလာခံများက အတည်ပြုချမှတ်ခဲ့သည့် ပြဋ္ဌာန်းချက်၊ အကြံပြုတိုက်တွန်းချက်များကို အိုင်အယ်လ်အို ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ်ခွဲ ၁၉ စာပိုဒ် ၆ (ခ) အရ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံပြီးနောက် သာမန်အားဖြင့် ၁၂ လအတွင်း အထူးကိစ္စရပ်များရှိခဲ့ပါက ၁၈ လအတွင်း နိုင်ငံ၏ဆောင်ရွက်ပိုင်ခွင့်ရှိသည့် အာဏာပိုင်ထံသို့ ဥပဒေပြုရေး ဆောင်ရွက်ရန် (သို့မဟုတ်) အခြားကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် တင်ပြရန်နှင့် ထို့သို့ တင်ပြပြီးကြောင်းကို အိုင်အယ်လ်အို ဖွဲ့စည်းပုံအခြေခံ အပိုဒ်ခွဲ ၁၉ စာပိုဒ် ၆(ဂ)အရ အိုင်အယ်လ်အိုသို့ အကြောင်းပြန်ကြားရမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ငြိမ်းချမ်းရေးနှင့် အလိုက်သင့်တွန်းလှန် လွန်မြောက်နိုင်စွမ်းရှိမှုတို့ အတွက် အလုပ်အကိုင်နှင့် သင့်လျော်ကောင်းမွန်သော အလုပ်ဆိုင်ရာ တိုက်တွန်းချက်အမှတ် (၂၀၅) ကို မှတ်တမ်းတင်နိုင်ရေး** ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ထို့ပြင် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော Framework Agreement of International Solar Alliance တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေး** ကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မြန်မာနိုင်ငံ၏ လက်ရှိသုံးစွဲနေသော Energy Mix တွင် ရေအားနှင့် သဘာဝဓာတ်ငွေ့တို့ကို အဓိကထားသုံးစွဲလျက်ရှိပြီး အနာဂတ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များမှ ဓာတ်အားထုတ်ယူသုံးစွဲခြင်းအားဖြင့် နိုင်ငံ၏လိုအပ်နေသော ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် နေရောင်ခြည်အရင်းအမြစ် ပေါကြွယ်ဝသည့်အတွက် Energy Mix တွင် သင့်တင့်သော ရာခိုင်နှုန်းတစ်ခု ပါဝင်လာရန်၊ ရရှိနိုင်သော နေရောင်ခြည်စွမ်းအင်အရင်းအမြစ်ကို အကျိုးရှိစွာအသုံးချနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်နေသော နည်းပညာများကို လက်လှမ်းမီအသုံးပြုနိုင်ရန်ရည်ရွယ်၍ ISA သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ရန် ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါကြောင်း။

## အထောက်အကူပြုနိုင်မည်

မြန်မာနိုင်ငံအနေဖြင့် ISA Framework Agreement တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းဖြင့် Solar မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနှင့် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော** Framework Agreement of International Solar Alliance **တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေး** ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

အလားတူ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုရေး** ကိစ္စ နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအားလုံး လက်မှတ်ရေးထိုးပြီးဖြစ်သော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြု စာချုပ်စတင်အာဏာသက်ဝင်စေရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများ ပြီးစီးပြီဖြစ်ကြောင်း အတည်ပြုသည့် အကြောင်း ပြန်ကြားစာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရန်လိုအပ်ပါသဖြင့် အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူ စာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြစာချုပ်ကို မြန်မာနိုင်ငံမှ အတည်ပြုရေး**ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ တိုးချဲ့ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲဖွဲ့စည်းခြင်း နှင့်ပယ်ဖျက်ခြင်း** တို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၁၈ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **သူရဇော်၊ မွေးကြူဇင်(သတင်းစဉ်)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

> ❖ **ခေတ်စနစ်နှင့်မညီသည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်သကဲ့သို့ ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းစေသည့် ဥပဒေများ၊ ပြည်သူများ၏ အခြေခံ လူ့အခွင့်အရေးကို ကာကွယ်ပေးမည့် ဥပဒေများကို ဆက်လက်ပြဋ္ဌာန်းသွားကြရမည်ဖြစ်**

**နေပြည်တော် မေ ၁၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နှုတ်ခွန်းဆက် စကားပြောကြားရာတွင် လွှတ်တော်ရပ်နားထားစဉ် ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များကို အလေးပေးဆောင်ရွက်ခဲ့ကြသည်များကို ကြားသိရသည့်အတွက် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ယနေ့ စတင်ကျင်းပသည့် အဋ္ဌမပုံမှန် အစည်းအဝေးကာလ အတွင်းတွင် အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း ၁၅၀၊ အသင့်ဖြစ်အဆို ၁၂ ခု၊ ဥပဒေကြမ်းများအနေဖြင့် ၂၈ ခု ရှိပါကြောင်း။

**မူဝါဒအပြောင်းအလဲများ တွေ့မြင်နေရမည်**

ယနေ့ ကမ္ဘာ့နိုင်ငံရေးအခြေအနေများကို လေ့လာကြည့်မည်ဆိုလျှင် နိုင်ငံရေးရည်မှန်းချက် အပြောင်းအလဲများနှင့်အတူ မူဝါဒအပြောင်းအလဲများကို ထင်ထင်ရှားရှား တွေ့မြင် ကြားသိနေကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း မူဝါဒအပြောင်းအလဲများကို သတိပြုပြီး မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ဖြစ်လာရန် ကျရာ အခန်းကဏ္ဍမှ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ခေတ်စနစ်နှင့် မညီသည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းစေသည့် ဥပဒေများ၊ ပြည်သူများ၏ အခြေခံ လူ့အခွင့်အရေးကို ကာကွယ်ပေးမည့် ဥပဒေများကို ဆက်လက်ပြဋ္ဌာန်းသွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ လွှတ်တော်များကို လေ့လာကြည့်မည်ဆိုလျှင် ပြဋ္ဌာန်းပြီးသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုကို ဆက်လက်လေ့လာ စိစစ်ခြင်း (Post Legislative Scrutiny) ကို လွှတ်တော်များက ဆောင်ရွက်ကြပါကြောင်း၊ လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်သည့် ဥပဒေများကို လက်တွေ့ကျင့်သုံးရာတွင် ပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှု ရှိ၊ မရှိနှင့် အကောင်အထည်ဖော်ရသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိကို လွှတ်တော်ကိုယ်စားလှယ်များက စောင့်ကြည့်လေ့လာ စိစစ်သွားရန်လည်း လိုအပ်မည်ဖြစ် ပါကြောင်း။

**ယုံကြည်မှုတည်ဆောက်နိုင်ရန် ကူညီ**

ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များသည် မြန်မာ့ဒီမိုကရေစီဖော်ဆောင်ရေးတွင် နိုင်ငံတော်၏အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို တတ်နိုင်သမျှ စိစစ်ထိန်းညှိပြီး ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသည့် လွှတ်တော်ဖြစ်စေရေး၊ နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားအတွက် အားကိုးအားထားပြုရသည့် လွှတ်တော်ဖြစ်စေရေးတို့အတွက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခုလို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စုပေါင်းအင်အားနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာအောင် ကြိုးပမ်းတည်ဆောက်နေသည့်ကာလတွင် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တိုင်းရင်းသားအချင်းချင်းကြားတွင် ယုံကြည်မှုတည်ဆောက်နိုင်ရန် ဝိုင်းဝန်းကူညီပေးကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံတွင် ဒီမိုကရေစီ ယဉ်ကျေးမှုများ ပိုမိုတိုးတက်ဖြစ်ထွန်းစေရန် ကိုယ်စားလှယ်များကိုယ်တိုင်ကလည်း ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ စံနမူနာပြ ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်တွင် လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းဆိုသည့် လောကပါလတရားများ ထွန်းကားရန်အတွက် ဥပဒေများ အခိုင်အမာ ပြဋ္ဌာန်းနိုင်ကြရန် အထူးလိုအပ်ပါကြောင်း၊ ပြည်သူ့အကျိုးစီးပွားကို အကာအကွယ်ပေးသည့် ဥပဒေများဖြစ်မှသာ ပြည်သူကလည်း ယုံကြည်အားကိုးပြီး လေးစားလိုက်နာကြမည် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌအဖြစ်နှင့်သာမက ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေဖြင့်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဥပဒေပြုရေးမဏ္ဍိုင် ပိုမိုခိုင်မာ အားကောင်းစေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆက်လက်ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် ပြည်သူ့ကိုယ်စားလှယ်များ ပီသစွာ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဖြူစင်သည့် စိတ်စေတနာ၊ မှန်ကန်သည့် ဆောင်ရွက်ချက်များနှင့် ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**လွှတ်တော်က မှတ်တမ်းတင်**

ထို့နောက် ၂၀၁၈ ခုနှစ် မတ် ၂၃ ရက်တွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Nguyen Thi Kim Ngan နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Pany YOTHOTOU၊ ၂၀၁၈ ခုနှစ် မတ် ၂၆ ရက်တွင် ဆားဘီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ H.E.Mrs.Maja Gojkovic နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr.Li Zhanshu၊ ၂၀၁၈ ခုနှစ် မတ် ၂၈ ရက်တွင် အာဆီယံပါလီမန်များဆိုင်ရာ ညီလာခံ (AIPA)၏ အထွေထွေ အတွင်းရေးမှူးချုပ် Mr.Isra Sunthornvut၊ ၂၀၁၈ ခုနှစ် မတ် ၂၉ ရက်တွင် အယ်လ်ဂျီးရီးယား အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ H.E.Mr. Said Bouhadja၊ ၂၀၁၈ ခုနှစ် ဧပြီ ၂ ရက်တွင် ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Mr.Tadamori Oshima၊ ၂၀၁၈ ခုနှစ် ဧပြီ ၃ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Chung Sye-Kyun၊ ပါလီမန်များဆိုင်ရာအဖွဲ့(IPU)၏ အထွေထွေ အတွင်းရေးမှူးချုပ် Mr.Martin Chungong နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Vladimir Andreichenko၊ ၂၀၁၈ ခုနှစ် ဧပြီ ၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Vyacheslav Volodin၊ အိန္ဒိယနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mrs. Sumitra Mahajian၊ ၂၀၁၈ ခုနှစ် ဧပြီ ၉ ရက်တွင် တူရကီနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Ismail KAHRAMAN နှင့် စင်ကာပူသမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Tan Chuan-Jin၊ ၂၀၁၈ ခုနှစ် ဧပြီ ၁၀ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ Samdech Akka Moha Ponhea Chakrei HENG SAMRIN၊ ၂၀၁၈ ခုနှစ် ဧပြီ ၁၂ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Pantaleon D.Alvarez နှင့် ၂၀၁၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် လူဇင်ဘတ်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Mars Di Barolomeo တို့ထံမှ ပေးပို့သော သဝဏ်လွှာများကို ဂုဏ်ယူဝမ်းမြောက်ကြောင်း လွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ ယနေ့ကျင်းပသည့် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားသည်။

မက်မန်း မဲဆန္ဒနယ်မှ ဦးတင်အေး၏ **မက်မန်းမြို့နယ် ပညာရေးမှူးရုံးအား မိုင်းဖြတ်ခရိုင် ပညာရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ကျိုင်းတုံခရိုင်ပညာရေးမှူးရုံး ကွပ်ကဲမှုအောက်သို့ ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပညာရေးဖွဲ့စည်းပုံအရ မက်မန်းမြို့နယ်သည် မိုင်းဖြတ်ခရိုင်အတွင်း ပါဝင်လျက်ရှိရာ မိုင်းဖြတ်မြို့၏ အနောက်မြောက်ယွန်းယွန်းတွင် တည်ရှိပြီး မိုင်ပေါင်း ၁၉၀ ခန့် ကွာဝေးပါကြောင်း၊ မက်မန်းမြို့နယ်သည် “ဝ ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မြို့နယ် ၆ မြို့နယ်တွင် ပါဝင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ အုပ်ချုပ်ရေးခရိုင်အရ မက်မန်းခရိုင်အဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၏ ပညာရေးခရိုင်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်ခရိုင်တွင် လည်းကောင်း ပါဝင်နေပါကြောင်း။

**ရှင်းလင်းဖြေကြား**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမြို့နယ်မှ မိုင်းဖြတ်ခရိုင်ရုံးသို့ ပညာရေးဆိုင်ရာဌာနလုပ်ငန်းများ သွားရောက် ဆောင်ရွက်ရာတွင် ကျိုင်းတုံမြို့မှတစ်ဆင့် သွားလာနေရ၍ အခက်အခဲများရှိပါကြောင်း၊ မက်မန်းမြို့နယ် ပညာရေးမှူးရုံးအား မိုင်းဖြတ်ခရိုင် ပညာရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ကျိုင်းတုံခရိုင်ပညာရေးမှူးရုံး ကွပ်ကဲမှုအောက်သို့ ထည့်သွင်းပြောင်းရွှေ့ပေးပါက ရုံးလုပ်ငန်းများနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းကို ပြည်နယ်ပညာရေးမှူးရုံးမှလည်း တင်ပြထားရှိပါကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းမြို့နယ် ပညာရေးမှူးရုံးအား ကျိုင်းတုံခရိုင် ပညာရေးမှူးရုံး ကွပ်ကဲမှုအောက်သို့ ပြောင်းရွှေ့နိုင်ရန်အတွက် အခြေခံပညာဦးစီးဌာန အနေဖြင့် မက်မန်းမြို့နယ်အား ကျိုင်းတုံခရိုင် ဖွဲ့စည်းပုံတွင် ပြင်ဆင်ထည့်သွင်းနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အင်းတော် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၏ **တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရသည့် ထောက်ခံစာများအနက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူ၏ ထောက်ခံစာကို ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်၏ စာမျက်နှာ(၂)တွင် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာနှင့် ကျန်းမာကြောင်း ထောက်ခံစာကို တင်ပြရမည်ဟု ထည့်သွင်းဖော်ပြ သတ်မှတ်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှစ၍ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်များ၏ စာမျက်နှာ(၂) တွင် အဆိုပါထောက်ခံစာများ ပူးတွဲတင်ပြရမည်ဟု ထည့်သွင်းဖော်ပြသတ်မှတ်ခြင်းမရှိတော့ပါကြောင်း၊ ယမန်နှစ် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ် စာမျက်နှာ(၁)တွင်လည်း ထောက်ခံစာများ တင်ပြရမည်ကို ထည့်သွင်းဖော်ပြထားခြင်း မရှိတော့ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**Master Plan တစ်ခု ရေးဆွဲဆောင်ရွက်**

ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်းသို့မဟုတ် လက်မှုပညာသင်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် အစိုးရနည်းပညာအထက်တန်းကျောင်းဖွင့်လှစ်ပေးနိုင်ရန်အတွက် ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၀၅) ရပ်ကွက် လှော်ကားလမ်းမကြီးဘေးရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေ ၁၄ ဧက၏ မြေပြင်အခြေအနေအပေါ် မူတည်၍ စာသင်ဆောင်၊ အလုပ်ရုံ၊ ကျောင်းသားအိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ပါဝင်သည့် Master Plan တစ်ခုအား ရေးဆွဲပြီး လိုအပ်မည့်ရေိယာအကျယ်အဝန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အနေဖြင့် မြေနေရာလွှဲပြောင်းရယူပြီးပါက လိုအပ်သော အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ဝန်ထမ်းများခန့်ထားခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးခြင်းများအတွက် လိုအပ်သော ဘဏ္ဍာငွေများကို ဘဏ္ဍာရေးနှစ်အလိုက် လုပ်ထုံးလုပ်နည်းနှင့်အညီ ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား သည်။

ဆက်လက်၍ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၊ ဒီပဲယင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်နှင့် ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

*စာမျက်နှာ ၈ သို့*

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် မေ ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့ကျင်းပနေစဉ်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေ အသီးသီးတွင် မဲဆန္ဒရှင် ပြည်သူများ၏ အခက်အခဲများ၊ လိုလားချက်များ၊ နယ်မြေဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ စသည့် ပြည်သူများ၏အသံ၊ ပြည်သူများ၏ဆန္ဒများကို နားထောင်ခဲ့ကြ၊ ကွင်းဆင်းလေ့လာခဲ့ကြပြီး ဖြစ်ကြသည်ဟု ယုံကြည်ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများ၏ လိုလားချက်ဆန္ဒနှင့် အခက်အခဲများကို အကောင်အထည်ဖော်ရေးအတွက် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေပြုခြင်း လုပ်ငန်းများအပြင် သက်ဆိုင်ရာကော်မတီများအလိုက် လေ့လာစိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်သည့်အကြောင်း ပြောကြားရင်း ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးကို တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ ပြည့်စုံပြီး မဲဆန္ဒရှင် ပြည်သူများ အကျိုးအတွက် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ၅ ခုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဖြေကြားသည်။

**အမြန်ဆုံးဆောင်ရွက်ပေးမည်**

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးယောနာ၏ **ကချင်ပြည်နယ် ဆော့လော်မြို့နယ် လာချင်ကျေးရွာအုပ်စု လာချင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကချင်ပြည်နယ် ဆော့လော်မြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာန ၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁ခု၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန ၁ ခု၊ နယ်စပ်ဆေးပေးခန်းဌာန ၁ ခု ရှိပါကြောင်း၊ လာချင်(သို့မဟုတ်) လန်ဆယ်ကျေးရွာသည် လက်ရှိဂျယန်ကျေးလက်ကျန်းမာရေးဌာနအောက်တွင် ရှိသည့်ရွာတစ်ရွာဖြစ်ပါကြောင်း၊ ဆော့လော်မြို့နယ်တွင် ဂျယန်ကျေးလက်ကျန်းမာရေးဌာန ၁ ခုတည်းသာရှိပြီး ဝန်ထမ်းအင်အား ၁၅ ဦးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း။

လာချင်ကျေးရွာသည် ဂျယန်ကျေးလက်ကျန်းမာရေးဌာနနှင့် ၉၅ မိုင်ခန့်ဝေးပြီး ခြေကျင်ခရီးဖြင့် သွားရပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင်လည်း အဆိုပါနေရာတွင် ရေဘေးနှင့် သဘာဝဘေးဒဏ်များကြုံတွေ့ရသည့် ဒေသဖြစ်သည့်အပြင် တိုင်းဦးစီးမှူးမှ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁ ခု အမြန်ဆုံးဖွင့်လှစ်ရန် တင်ပြထားပါကြောင်း၊ ထို့ကြောင့် လာချင် (လန်ဆယ်) ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁ ခု ဖွင့်လှစ်ရန် စီမံကိန်းနှင့် ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ အစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် တင်ပြ၍ အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ထောက်ခံတင်ပြထား**

ရှောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးထိန်ဝင်း၏ **ရှောဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ မြစ်ဝကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဇလွန်မြို့နယ်၊ မြစ်ဝကျေးလက်ကျန်းမာရေးဌာနခွဲသည် ရေလဲကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုဖြစ်ပြီး ကျေးရွာ ၂၂ ရွာ အိမ်ခြေ ၃၃၅၀ ကျော်၊ လူဦးရေ ၁၅၀၀၀ နီးပါးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနေပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနအဖြစ် ဖွင့်လှစ်ရန် အခြေခံမှု ငါးချက်နှင့်လည်း ကိုက်ညီသည့်အပြင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးအနေဖြင့်လည်း ထောက်ခံတင်ပြထားသည့်အတွက် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ စာအမှတ်၊ ၈၁မခ (ဃ) ၂၀၁၇/၉၈၄၈ ဖြင့် ညှိနှိုင်းတောင်းခံထားပြီး ဖြစ်ပါကြောင်း၊ ဦးစားပေးအဖြစ် အမြန်ဆုံးလုပ်ဆောင်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဒေါက်တာဇော်လင်းထွဋ်၏ **မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဓမ္မဝတီ မြို့သစ်တွင် မြို့အဆင့်မီ ခေတ်မီအားကစားကွင်းနှင့် လေ့ကျင့်ရေးစင်တာတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သထုံမြို့နယ်၊ သုဓမ္မဝတီမြို့သစ်စီမံကိန်းတွင် စံချိန်မီအားကစားကွင်းနှင့် လေ့ကျင့်ရေးစင်တာ ဖော်ဆောင်ရန်အတွက် မြေကွက်ကွင်းအမှတ် ၅၁၃၊ မြေဧရိယာ အကျယ်အဝန်း (ပေ ၈၀၀ × ၆၀၀) မြေနေရာကို မြေဂရန်ရရှိရေးအတွက် အဆင့်ဆင့်လုပ်ဆောင်ပြီးဖြစ်ပါကြောင်း၊ နောက်ဆုံးအဆင့်အနေဖြင့် အမည်ပေါက်ဂရန် ရရှိရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့သို့ မြေစာရင်းပုံစံ၁၀၅၊ ၁၀၆ ရေးဆွဲခွင့်ရရှိရေးအတွက် တင်ပြထားပြီးဖြစ်ပါကြောင်း၊ မြေဂရန်ရရှိလာပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ရှင်းလင်းဖြေကြား**

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးကျော်သန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄) မှ ဦးသန်စိုး (ခ) သန်းစိုး (ဘောဂဗေဒ)နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်တို့က ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂) မှ ဦးကျော်နိုင်က ယခုဥပဒေကြမ်းသည် ပြီးခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလအတွင်း ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ကျန်ရစ်ခဲ့သည့် ဥပဒေကြမ်းပေါင်း ၂၂ ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လေးဦးက အထူးဂရုပြု လေ့လာပြီး ဝေဖန်ဖြည့်စွက် အကြံပြုခဲ့ပါကြောင်း၊ သိပ္ပံနှင့် နည်းပညာဆန်းသစ်တီထွင်မှုများတွင် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးမှုမရှိဘဲ နောက်ကျနေပါကြောင်း၊ ထိုသို့ ဖွံ့ဖြိုးမှုမရှိသည့်အတွက် ရိုးရိုးနာမည်မပေးဘဲ သိပ္ပံ၊ နည်းပညာဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးဥပဒေဆိုသည့် ခေါင်းစဉ်ကို မုချမသွေသုံးစွဲရမည်ဖြစ်ပါကြောင်း၊ မူလအဆိုပြု ပြဋ္ဌာန်းချက်နှင့် ပြည်သူ့လွှတ်တော် အတည်ပြုချက်အတိုင်း ဆန်းသစ်တီထွင်မှုဆိုပါက အားနည်းချက်များ ဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်း။

**ဆက်လက်ဆွေးနွေး သွားမည်**

အဆိုပြု ပြဋ္ဌာန်းချက်တွင် ပါဝင်သည့်အချက်ကို အမျိုးသား လွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသူများ၏ အရည်အသွေးမြင့်မားစေရန်ဆိုသည့် အချက်မှာ အတည်ပြုရမည့် အချက်ဖြစ်ပါကြောင်း၊ သို့သော် ပြည်သူ့လွှတ်တော်က မူလအဆိုပြုချက်အတိုင်း ထားရှိပါကြောင်း၊ အားနည်းချက်များစွာရှိပါကြောင်း၊ အချက်အလက်ပေါင်း ၁၀၉ ချက်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကွဲလွဲချက် အချက်ပေါင်း ၅၄ ချက်ရှိပါကြောင်း၊ တူညီသည်မှာ ၅၅ ချက်ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင် (သတင်းစဉ်)**

> **"လာချင် (လန်ဆယ်) ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁ ခု ဖွင့်လှစ်ရန် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ အစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် တင်ပြ၍ အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်"**

---

*စာမျက်နှာ ၇ မှ*

ထို့နောက် မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက **အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော ပညာရေးဝန်ထမ်းများအား ၎င်းတို့မိသားစုများနှင့် အနီးစပ်ဆုံးရှိရာထူးတာဝန်နှင့် ကိုက်ညီသော စာသင်ကျောင်းများတွင် ဦးစားပေး တာဝန်ချထားပေးနိုင်ရန် အစီအစဉ်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန်** သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြရသည့် အချို့ပညာရေးဝန်ထမ်း ဆရာ၊ ဆရာများသည် မိမိတို့မိသားစုများနှင့် ဝေးကွာလှသည့် တိုင်းဒေသကြီး၊ ပြည်နယ် အခြားဒေသများတွင် တာဝန်ထမ်းဆောင်နေရခြင်း၊ တိုင်းဒေသကြီးအတွင်း ဝေးလံသောမြို့များတွင် တာဝန်ထမ်းဆောင်နေကြရခြင်း၊ နိုင်ငံတော်မှ အခြေခံပညာရေးဝန်ထမ်းများအတွက် အိမ်ရာအဆောက်အအုံများကို လုံလောက်အောင် တည်ဆောက်မပေးနိုင်သေးခြင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရာတွင် ကိုယ်စိတ်နှစ်ပါး စိတ်ချလုံခြုံမှုရှိစေရန် လိုအပ်ခြင်း၊ သွားလာရေး အဆင်ပြေစေရန်နှင့် မိသားစုစားဝတ်နေရေး ပိုမိုအဆင်ပြေမှု ရှိစေရန်အတွက် သာမက အနာဂတ်ကျောင်းသားလူငယ်တို့၏ ပညာရေးကို စိတ်ချမ်းမြေ့စွာ သင်ယူနိုင်ရေးတို့အတွက် အလွန်ပင်အရေးကြီး လိုအပ်လျက်ရှိနေကြောင်း တင်ပြသည်။

**ကန့်ကွက်မဲများ**

ယင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံပြီး လွှတ်တော်က မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၁၈ မဲ၊ ကန့်ကွက်မဲ ၂၂၆ မဲ၊ ကြားနေမဲ ၇ မဲဖြင့် ကန့်ကွက်မဲများသဖြင့် ယင်းအဆိုအား လက်ခံဆွေးနွေးရန် မရှိကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

**သဘောတူ အတည်ပြု**

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ၇ ချက်ကို ဥပဒေကြမ်းကော်မတီဝင်က လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုသည်။

ဆက်လက်၍ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အချက် ၄ ချက်သည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးက အဆိုတင်သွင်းပြီး ယင်းဥပဒေကြမ်းအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မေ ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့ အထိ အမျိုးသားလွှတ်တော်သို့ ပြည်တွင်း ဧည့်သည် ၁၃၉၀၂ ဦးနှင့် ပြည်ပဧည့်သည် ၁၅၅၅ ဦး လာရောက်လေ့လာခဲ့ကြောင်း သိရှိရသည်။

ယင်းသို့လာရောက်လေ့လာခဲ့ရာတွင် နေပြည်တော်၌ ကျင်းပခဲ့သည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများမှ စာကြည့်တိုက်မှူးများညီလာခံ၊ တစ်ဆက် တစ်စပ်တည်း အစည်းအဝေးများဖြစ်သော တတိယအကြိမ် အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၆) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသမှ အမျိုးသားစာကြည့်တိုက်များ၏ ညွှန်ကြားရေးမှူးများ နှီးနှောဖလှယ်ပွဲတို့ကို တက်ရောက်ခဲ့သည့် နိုင်ငံတကာမှ ကိုယ်စားလှယ် ၇၀ ဦးနှင့် ပြည်တွင်းမှ ကိုယ်စားလှယ် ၃၈၃ ဦး၊ လူဦးရေစုစုပေါင်း ၄၅၃ ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တောင်ဖီလာအသင်းတော်မှ ဦးထန်ကျုံးနုံး ခေါင်းဆောင်သောအဖွဲ့ဝင် ၂၃ ဦးတို့လည်း ပါဝင်ကြောင်း သိရှိရသည်။

အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာလိုပါက လျှောက်ထားစာကို စာဖြင့်ဖြစ်စေ၊ Email ဖြင့်ဖြစ်စေ သုံးရက်ကြိုတင်၍ အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူပေးပို့နိုင်သည်။ Email ဖြင့် ပေးပို့လိုပါက amyothahluttaw@ gmail.com နှင့် amyothahluttaw.adm.ddg@gmail.com သို့ လျှောက်ထားပေးပို့နိုင်ပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ အကြောင်းအရာများကို သိရှိလိုပါက အမျိုးသားလွှတ်တော် website www.amyotha.hluttaw. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အား ထိုင်းတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ချီးမြှင့်

**နေပြည်တော် မေ ၁၄**

အာရှ (၁၁) နိုင်ငံပါဝင်သော အာရှဗုဒ္ဓဘာသာအသင်းအဖွဲ့ဆွေးနွေးပွဲ အခမ်းအနားကို မေ ၁၁ ရက်က ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် တက္ကသိုလ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ထိုင်းနိုင်ငံမှ ဒုတိယပါမောက္ခချုပ်ဆရာတော် Phra Sophon vachirabhorn ဦးဆောင်သော တက္ကသိုလ်မှ ဆရာတော်များ၊ မြန်မာနိုင်ငံမှ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ထူးဆောင် ဓမ္မပါရဂူ ဒေါက်တာဘဒ္ဒန္တကုမာရ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာ ဘဒ္ဒန္တကုဏ္ဍလ၊ ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနာဂဒီပ၊ မော်တင်စွန်းဆရာတော်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ နုဂ္ဂဟအသင်း ဗဟိုဥက္ကဋ္ဌတို့မှ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မေ ၁၃ ရက်တွင် ထိုင်းနိုင်ငံ အယုဒ္ဓယမြို့ Mahachula longkornrajavidyalaya University ၌ ကျင်းပသည့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုဏ္ဍလအား ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် တက္ကသိုလ်မှ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ (Honorary Doctorate Degree in Administration) အား ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ယင်းအခမ်းအနားသို့ ကျိုက်ထီးဆောင်း ဆရာတော်အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနာဂဒီပနှင့် မော်တင်စွန်းဆရာတော်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟ အသင်း (ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှု (အခမဲ့) ကုသပေးမည်

**နေပြည်တော် မေ ၁၄**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ မွန်ပြည်နယ် မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်းရှိ Royal Hinthar Hotel ၌ မေ ၂၅ ရက်မှ ၂၇ ရက်အထိ ဒေသခံပြည်သူလူထုအား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုကို ကျွမ်းကျင်ပါရဂူ၊ အထူးကုဆရာဝန်ကြီးများက အခမဲ့ကြည့်ရှုစစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-နော်ဝေနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၁၄**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး H.E. Ms Tone Tinnes အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်ဦးမြင့်ဝင်းနှင့်အဖွဲ့ အပြည်ပြည်ဆိုင်ရာဥပဒေဖိုရမ် တက်ရောက်ရန် ရုရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၁၄**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးမြင့်ဝင်းနှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ မေ ၁၅ ရက်မှ ၁၉ ရက်ထိ ပူးတွဲကျင်းပမည့် (၈) ကြိမ်မြောက် စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာဥပဒေဖိုရမ်သို့ တက်ရောက်ရန် ယနေ့နံနက် ၂ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးမြင့်ဝင်းနှင့်အတူ အဖွဲ့ဝင်အဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်ဦးတွာလ်ကျင်ပေါင် လိုက်ပါသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကော့ကရိတ်မြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

**ကော့ကရိတ် မေ ၁၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ နဘူးနှစ်ခြားကျေးရွာအုပ်စု နန်းကော်တေးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မေ ၁၄ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် အစိုးရဌာနများမှ တာဝန်ရှိသူများ၊ နဘူးနှစ်ခြားကျေးရွာ၊ နန်းကော်တေးကျေးရွာ၊ ဘုရားကုန်းကျေးရွာ၊ ထီဝါးဆူးကျေးရွာ၊ မွန်စုကျေးရွာ၊ နောင်ထပွဲကျေးရွာ၊ မြပတိုင်ကျေးရွာများမှ ပြည်သူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် စကားဝိုင်းကို စတင်ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကိုခိုင်နှင့် တာဝန်ရှိသူတို့က လွှတ်တော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကျေးလက်ရန်ပုံငွေ ခွဲဝေချထားမှု၊ ပြည်ထောင်စုရန်ပုံငွေခွဲဝေသုံးစွဲမှုနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက်သုံးစွဲမည့် ကျေးရွာဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ အရေးကြီးသည့်ဌာန ၂၄ ခုကို ခွဲဝေပေးမည့် အခြေအနေများကို လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ စားသုံးသူအကာအကွယ်ပေးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လည်းကောင်း၊ တောင်သူများအား အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးမှု စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့်ကျေးရွာကိုယ်စားလှယ်များက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဖြင့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ဈေးကွက်စီးပွားရေးစနစ်ထွန်းကားရေးတို့အတွက် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးမေးမြန်းကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေးနှင့် သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယအကြီးအကဲ Ms. Dawn Del Rio နှင့်အဖွဲ့အား မေ ၁၄ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင်ရုံး၌ တွေ့ဆုံ၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံရာ၌ ကော်မရှင် ဥက္ကဋ္ဌက လူ့အခွင့်အရေး မြှင့်တင်ရေး၊ ကာကွယ်ရေး၊ ဥပဒေရေးရာနှင့် နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တို့တွင် ကော်မရှင်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကာ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းပြသည်။




ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံကို အကူအညီပေးမည့် အစီအစဉ်တစ်ရပ်ဖြစ်သည့် တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးမှု အားကောင်းစေရေးစီမံချက် (Strengthening Accountability and Rule of Law - SARL) တွင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အခန်းကဏ္ဍအရေးပါမှုနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ရှင်းပြဆွေးနွေးသည်။ ထို့နောက် ကိုယ်စားလှယ်အဖွဲ့နှစ်ရပ်အကြား အပြန်အလှန်ဆွေးနွေးကြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်ကိုညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မြေပုံမြို့နယ် ဝဘော်ကြီးကျေးရွာ မီးဘေးသင့်သူများအား လူသုံးကုန်နှင့် စားနပ်ရိက္ခာထောက်ပံ့

**မြေပုံ မေ ၁၄**
ရခိုင်ပြည်နယ် မြေပုံမြို့နယ် ဝဘော်ကြီးကျေးရွာ၌ မေ ၁၂ ရက် ည ၁၁ နာရီခွဲခန့်က မီးလောင်ခဲ့ရာ နေအိမ် ၉၄ လုံးမီးလောင်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သဖြင့် မီးဘေးသင့်ပြည်သူများကို ပြည်နယ်အစိုးရအဖွဲ့နှင့် မြောက်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှမေ ၁၄ ရက်တွင် လူသုံးကုန်ပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ မီးလောင်အိမ်ခြေ ၉၄ လုံးအနက် မြေပုံမြို့နယ် ရေခေါင်းချောင်းကျေးရွာအုပ်စု သီလာကွင်းကျေးရွာသစ်သို့ ၂၀၁၈ ခုနှစ် မတ်လတွင် လူနေအိမ်ခြေ ၆၈ လုံးမှာ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ယခုမီးလောင်မှုတွင် ကျန်လူနေအိမ် ၂၆ လုံးနှင့်ပြောင်းရွှေ့သွားသော လူမနေသည့်အိမ် ၆၈ လုံးမှာ မီးလောင်ဆုံးရှုံးခဲ့သည်။

မီးဘေးသင့် လူနေအိမ် ၂၆ လုံးနှင့် လူဦးရေ ၁၀၃ ဦးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဆန်အိတ် ၃၀၊ မိသားစုအသုံးအဆောင် ပစ္စည်းစုံ ဖာ ၃၀၊ မီးဖိုချောင်သုံးပစ္စည်းစုံဖာ ၃၀၊ ခေါက်ဆွဲ၁၀ ဖာ၊ ကြာဆံလေးအိတ်၊ ခြင်ထောင်နှင့် နှစ်ယောက်အိပ်အထည် ၅၀၊ ခေါင်းအုံးအလုံး ၁၀၀၊ စောင်အထည် ၁၀၀၊ ပုဆိုး အထည် ၅၀၊ တီရှပ်အင်္ကျီအထည် ၁၀၀၊ ကလေးဝတ်ကျားအစုံ ၂၀၊ ကလေးဝတ်မ အစုံ ၂၀၊ ငါးပိကြော်ငါးဖာ၊ သရက်သီးသနပ် ငါးဖာ၊ ပဲထောပတ် ငါးဖာ၊ ငါးသေတ္တာငါးဖာ၊ ပဲသရက်ချဉ် ငါးဖာတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြောက်ဦးခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ မီးဘေးသင့်အိမ်ထောင်စု ၂၆စုမှ လူဦးရေ ၁၀၃ ဦးအတွက် ဆန် တစ်ပတ်စာ ထောက်ပံ့ငွေကျပ် ၂၁၆၃၀၀၊ သွပ်မိုးပျဉ်ကာနှင့် တိုက်အိမ် ၁၃ လုံးအတွက် ငွေကျပ် ၂၆ သိန်း၊ ဓနိမိုးဝါးထရံကာ အိမ်ခြေ ၁၃ လုံးအတွက် ငွေကျပ် ၁၃ သိန်း ပေးအပ်ပြီး တစ်အိမ်ထောင်လျှင် လူသုံးကုန်ပစ္စည်း ၁၅ မျိုးတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ကျော်နှင့် ဌာနဆိုင်ရာများ၊ မြောက်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမိုးနွယ်တို့က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ပူတာအိုမြို့နှင့် တာလောကြီးကျေးရွာတို့တွင် မီးလောင်မှုများ ဖြစ်ပွား



**မြစ်ကြီးနား မေ ၁၄**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပူတာအိုမြို့နှင့် တာလောကြီးကျေးရွာတို့တွင် မေ ၁၄ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ ကြောင်း သိရသည်။

မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာနေ ဒေါ်ခင်မြိုင်(၇၈ နှစ်) ၏ နေအိမ်တွင် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ထင်းမီးဖိုဖြင့် ရေနွေးအိုးတည်ရာမှ နေအိမ်ထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကာ အလျားပေ ၃၀၊ အနံပေ ၂၀ရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနေအိမ်တစ်လုံးနှင့် အလျား ၁၈ ပေ၊ အနံ ၁၀ ပေရှိ မီးဖိုဆောင်တစ်လုံး မီးလောင်ခဲ့သည်။

မီးလောင်မှုဖြစ်ရာနေရာသို့ တာလောကြီးနယ်မြေ လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ဆန်းလင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁၂ နာရီ ၄၈ မိနစ်တွင် မီးငြိမ်းခဲ့ပြီး အိမ်ရှင်ဒေါ်ခင်မြိုင်အား တာလောကြီးနယ်မြေ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ထို့အတူ ယနေ့မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် နယ်မြေ(၈)နေ ဒေါ်အားဆာမိ(၃၉ နှစ်) ၏ အလျား ၃၅ ပေ၊ အနံပေ ၂၀ ရှိသွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနှစ်ထပ် နံကပ်နေအိမ်တွင် တပ်ဆင်အသုံးပြုထားသည့်လျှပ်စစ်မီးပလပ်ခုံအပူလွန်ကဲပြီး အနီးရှိထရံကို မီးကူးစက်လောင်ကျွမ်းရာမှ လူနေအိမ်သုံးလုံး၊ စက်ရက်ကန်းရုံတစ်ရုံနှင့် စက်ရက်ကန်းငါးလုံး မီးလောင်ဆုံးရှုံးခဲ့သည်။ (ဓါတ်ပုံ)

မီးလောင်မှုဖြစ်ပွားရာသို့ မြစ်ကြီးနား မီးသတ်စခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူ ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်ငါးစီး၊ ရေသယ်ယာဉ်သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၅၀၊ အရန်တပ်ဖွဲ့ဝင် ၂၀ တို့ဖြင့် ငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်ကျွမ်းမှု ဖြစ်စဉ်ကြောင့် အိမ်ပိုင်ရှင်ဒေါ်အားဆာမိအား အမှတ်(၂)ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ယနေ့မွန်းလွဲ ၂ နာရီက ပူတာအိုခရိုင် ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက် ၄ နေ ဦးအင်ထက်ဇော်ဖန်၏နေအိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှ တစ်ဆင့် နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းခဲ့၍ အလျား ပေ ၂၀၊ အနံ ၁၅ ပေရှိ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနှစ်ထပ်နေအိမ်တစ်လုံးနှင့် မီးဖိုဆောင်တစ်လုံး မီးလောင်ကျွမ်းခဲ့ရာ ပူတာအိုမြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးနိုင်ဝင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် ငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်စဉ်ကြောင့် ဦးအင်ထက်ဇော်ဖန်အား ပူတာအိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**

# ရန်ကုန်ပရဟိတအဖွဲ့မှ တနိုင်းမြို့ စစ်ဘေးသင့်ပြည်သူများအား အစားအသောက်နှင့် ထောက်ပံ့ငွေများ သွားရောက်လှူဒါန်း

မြစ်ကြီးနား မေ ၁၄
**တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့(KIA) တို့၏ နှစ်ဖက်တိုက်ပွဲများကြောင့် တနိုင်းမြို့ပေါ်ရှိ ဘာသာရေးကျောင်းများ၌ ခိုလှုံနေကြသော စစ်ဘေးသင့်ပြည်သူများအား ကိုထက်အောင်လင်း(ရန်ကုန်) ပရဟိတအဖွဲ့မှ ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။**

တနိုင်းမြို့ပေါ်ရှိ KBC, COC, AG,RCအသင်းတော်များက ထိန်းသိမ်းစောင့်ရှောက်ထားသော စစ်ဘေးသင့်ပြည်သူများတွင် အိမ်ထောင်စု ၃၀၀ ကျော်၊ လူဦးရေ ၁၀၀၀ ကျော် ရှိနေပြီး ကိုထက်အောင်လင်း (ရန်ကုန်) အပါအဝင် သူငယ်ချင်းငါးဦး ပါဝင်သော ပရဟိတအဖွဲ့က ၎င်းစစ်ဘေးသင့်ပြည်သူများအား ဆန် ၁၈၃ အိတ်၊ စားသုံးဆီ ၄၉ ဖာ၊ အိုင်အိုဒင်းဆားအိတ်ကြီး ၂၃ အိတ်၊ ငါးသေတ္တာဘူးကြီး ၁၀၉၅ ဘူး၊ ခေါက်ဆွဲခြောက်ထုတ်ကြီး ၇၆ ဖာ၊ ကုလားပဲအိတ်ကြီး ၁၀ အိတ်နှင့်ကျောင်းသားကျောင်းသူများ ပညာရေးအသုံးစရိတ်အဖြစ် ငွေသားများအား ဘာသာရေးအဖွဲ့ခေါင်းဆောင်များထံသို့ အပ်နှံပေးခဲ့ကြောင်း ဦးထက်အောင်လင်းက ပြောသည်။

“ကျွန်တော်တို့ သူငယ်ချင်းတွေ ပူးပေါင်းပြီးတော့မှ သွားလှူတာဖြစ်ပါတယ်၊ သူတို့အတွက အဓိကလိုအပ်တဲ့ စားသောက်ကုန်နဲ့ ကျောင်းသားကျောင်းသူတွေအတွက် ပညာရေးအသုံးစရိတ်ငွေကျပ် ၁၀ သိန်းကျော်ကို လှူဒါန်းပေးခဲ့ပါတယ်၊ ကျွန်တော့်အနေနဲ့ အဓိက ပြောချင်တာကတော့ တနိုင်းမြို့ပေါ်မှာရှိတဲ့ စစ်ဘေးသင့်ပြည်သူတွေကို တရားဝင်စစ်ရှောင်စခန်းအဖြစ် ခွင့်ပြုပေးစေချင်ပါတယ်၊ စစ်ရှောင်စခန်းအဖြစ် တရားဝင်ခွင့်ပြုချက်မရတဲ့အခါမှာ သူတို့အနေနဲ့ ရပ်တည်ရတာ အလွန်ခက်ခဲပါတယ်၊ ဒါ့ကြောင့် ပြည်နယ်အစိုးရအနေနဲ့ တနိုင်းမြို့ပေါ်မှာရှိတဲ့ စစ်ဘေးသင့်ပြည်သူတွေကို တရားဝင်စစ်ရှောင်စခန်း ဖွင့်ပေးစေလိုပါတယ်”ဟု ဦးထက်အောင်လင်းက ပြောသည်။

အဆိုပါ သွားရောက်လှူဒါန်းမှုတွင် ဦးထက်အောင်လင်းနှင့် သူငယ်ချင်းများ၊ တနိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနောင်နဂျာတန်တို့က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။


**မင်းမင်းဦး**

# ဖားကန့်၌ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီအတွင်း မီးလောင်မှုဖြစ်ပွား

**ဖားကန့် မေ ၁၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ရတနာရွှေအိတ် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီအတွင်း မေ ၁၃ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရတနာရွှေအိတ်ကုမ္ပဏီနှင့် ကုမ္ပဏီဝန်ထမ်းများ လုပ်ခလစာ ညှိနှိုင်းမှု အဆင်မပြေခြင်းကြောင့် ကုမ္ပဏီဝန်ထမ်းများက ကုမ္ပဏီပိုင်ရုံးခန်းနှင့် လူနေအဆောင်များအားမီးရှို့ဖျက်ဆီးခဲ့၍ ကုမ္ပဏီရုံးခန်းအပါအဝင် လူနေအိပ်ဆောင် ငါးလုံး၊ ဘက်ဟိုးယာဉ်တစ်စီး၊ ဂါလန် ၂၄၀၀ ဆံ့ ဆီလှောင်တိုင်ကီခြောက်လုံးတို့ ပျက်စီးခဲ့ကြောင်းနှင့် ယင်းဖြစ်စဉ်တွင်ပါဝင်ပတ်သက်သူ ၄၉ ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။



ရတနာရွှေအိတ် ကျောက်မျက်ကုမ္ပဏီ၌ ယမန်နေ့မွန်းလွဲပိုင်းက ကုမ္ပဏီဝန်ထမ်းများက ရာသီကုန်လုပ်ကွက်သိမ်းချိန်ကို မေ ၁၅ ရက်တွင် ရပ်ဆိုင်းပေးစေလိုကြောင်း၊ အချိန်ပိုလုပ်ခများအားရယူလိုကြောင်း တောင်းဆိုမှုများ ပြုလုပ်ခဲ့ပြီး ညှိနှိုင်းမှုအဆင်မပြေဖြစ်ရာမှ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ကြောင်း။

အဆိုပါ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီတွင် ဝန်ထမ်း ၂၅၀၀ ရှိသည့်အနက် ဝန်ထမ်း ၁၀၀၀ ခန့်က ည ၇ နာရီခွဲခန့်တွင် ကုမ္ပဏီရုံးခန်းနှင့် လူနေအဆောင်များအား ခဲများဖြင့်ပစ်ပေါက်ခြင်းနှင့် အခြားဖျက်ဆီးမှုများ ပြုလုပ်ခဲ့ရာ ကုမ္ပဏီလုံခြုံရေး တာဝန်ကျနယ်မြေခံရဲတပ်ဖွဲ့က သေနတ်ဖြင့် ခြောက်လှန့်ဟန့်တားပစ်ခတ်ခဲ့သော်လည်း ပြန်လည်ထွက်ခွာသွားခြင်းမရှိဘဲ အဆောက်အအုံများ၊ ဘက်ဟိုးယာဉ်နှင့် ဆီလှောင်ကန်များအား မီးရှို့ခဲ့ကြကြောင်း၊ ည ၁၀ နာရီကျော်ခန့်တွင် တာဝန်ရှိသူများက မီးသတ်ယာဉ် ၁၀ စီးဖြင့် ဝင်ရောက်မီးငြိမ်းသတ်ခဲ့ပြီး ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ဖမ်းဆီးရမိသူ ၄၉ ဦးအနက် ဒဏ်ရာရရှိသူ သုံးဦး၊ သေဆုံးသူတစ်ဦး ရှိခဲ့ပြီး အဆောက်အအုံများ၊ စက်ပစ္စည်းများ အပြင်ကျောက်စိမ်းရိုင်း နှစ်တန်ခန့်နှင့် အခြားပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)နှင့်**
**မြို့နယ် (ပြန်/ဆက်)**

## ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

# ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း တူးမြောင်းများဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးများပေးအပ်

**ဖြူး မေ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ဖြူးချောင်းဆည်ရေပေးမြောင်းများ ဖောက်လုပ်ရာတွင်ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်ပွဲ အခမ်းအနားကို ဖြူးမြို့နယ်ခန်းမ၌ မေ ၁၄ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။



အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်၊ ဖြူးမြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး ၁ မှ ညွှန်ကြားရေးမှူး ဦးအောင်မြတ်မျိုးတို့က အမှာစကားပြောကြားခဲ့ကြပြီး နစ်နာကြေးငွေများကို တောင်သူများအား ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများအပါအဝင် အင်အား ၃၄၀ ခန့် တက်ရောက်ခဲ့ကြသည်။ ကျေးရွာအုပ်စုငါးစုမှ တောင်သူ ၂၇၆ ဦး၏ ပါဝင်မြေ ၈၆ ဒသမ ၆၁ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်သိန်း ၂၀ နှုန်းဖြင့် နစ်နာကြေးငွေကျပ် ၁၇၇၂ ဒသမ ၂ သိန်းအပြင် ကြံသီးနှံနှင့် ထန်းပင်များအတွက် သီးနှံလျော်ကြေး ငွေကျပ် ၂၃ ဒသမ ၂၀၅ သိန်းကိုပါ ပေးအပ်ရာ စုစုပေါင်း နစ်နာကြေး လျော်ကြေးငွေကျပ် ၁၇၉၅ ဒသမ ၄၀၅ သိန်းကို တောင်သူများအား ပေးအပ်ခဲ့သည်။

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ရေလှောင်တမံ၊ ရေပိုလွှဲနှင့်ရေလွှဲဆည်တို့မှာ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သော်လည်း ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းမှာ ၁၆ ဒသမ ၁ ရာခိုင်နှုန်းသာ ဆောင်ရွက်ပြီးစီးသေးသဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေကြောင်း၊ စီမံကိန်းများ အားလုံးပြီးစီးပါက လယ်မြေဧက ၉၀၀၀၀ ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်ပြီး ယခုနှစ်ဆောင်ရွက်နေသည့် တူးမြောင်းများပြီးစီးပါက လယ်မြေဧက ၈၄၀၀ ကို ဆည်ရေကြိုတင်ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# ပွင့်ဖြူမြို့နယ် ငှက်တော်ကုန်းကျေးရွာတွင် ရောဝတီမြစ်ကမ်းပါးပြိုကျ၍ ရွာဦးဘုန်းတော်ကြီးကျောင်းအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရ

**ပွင့်ဖြူ မေ ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် နန်းတော်ကျွန်းကျေးရွာအုပ်စု ငှက်တော်ကုန်းကျေးရွာတွင် မေ ၁၄ ရက် နံနက် ၁၀ နာရီက ရောဝတီမြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ပြီး အဆိုပါ မြစ်ကမ်းပါးပြိုကျလာမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုနှင့် နီးကပ်လျက်ရှိသည့် ရွာဦးဘုန်းကြီးကျောင်းအား အန္တရာယ်ဖြစ်မည်ကို စိုးရိမ်ရသဖြင့် ငှက်တော်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင့်စိန်နှင့် ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းစုပေါင်း၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ပွင့်ဖြူ၊ မင်းဘူးနှင့်ဇီးကုန်းမြို့နယ်များတွင် လေပြင်းတိုက်မှုကြောင့် နေအိမ်များ ပြိုလဲပျက်စီး

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မေ ၁၃ ရက် ညနေပိုင်းက မိုးသက်လေပြင်းများ ဆက်လက်တိုက်ခတ်ခဲ့မှုများဖြစ်ပွားခဲ့ပြီး ပွင့်ဖြူမြို့ပေါ်ရှိ ရပ်ကွက်အချို့နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လူနေအိမ်များ တစ်စိတ်တစ်ပိုင်းပျက်စီးခြင်းများနှင့် ပြိုလဲပျက်စီးခြင်းများဖြစ်ပွားခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။



မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် တစ်စိတ်တစ်ပိုင်းအမိုးလန်သည့် နေအိမ် ၂၂၈ လုံးနှင့် ပြိုလဲပျက်စီးသည့် နေအိမ်ကိုးလုံး ဆုံးရှုံးသွားကြောင်း၊ လေဘေးသင့်ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ပွင့်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးလျက်ရှိပြီး လိုအပ်သည့်အကူအညီများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လေပြင်းတိုက်ခတ်မှု အရှိန်ကြောင့် ပွင့်ဖြူမြို့နယ်တွင် လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ မေ ၁၃ ရက် ညနေပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မင်းဘူးမြို့ အမှတ် ၄ ရပ်ကွက်နှင့် ကျေးရွာပေါင်း ၂၁ ရွာတွင် စုစုပေါင်း သာသနာရေးအဆောက်အအုံနှစ်လုံး၊ စာသင်ကျောင်းတစ်ကျောင်း၊ အမိုးလန်နေအိမ် ၁၆၁ လုံးနှင့် ပြိုလဲ၊ ပျက်စီးနေအိမ် ၁၈ လုံး ဆုံးရှုံးခဲ့ကြောင်း၊ ကိုင်းတောကြီးကျေးရွာနေ ဒေါ်ဟန်အေး (၅၅ နှစ်)မှာ ပြိုလဲသည့် ထနောင်းပင်သစ်ကိုင်းနှင့်ရိုက်မိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ဇီးကုန်း**

ဇီးကုန်းမြို့တွင် မေ ၁၃ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် အမှတ် ၃ ရပ်ကွက်၌ အိမ်ခြေ ၁၇ လုံး အမိုးများလန်ခြင်း၊ ပြိုလဲခြင်းများဖြစ်၍ အမှတ် ၄ ရပ်ကွက်တွင် အိမ်ခြေအလုံး ၃၀၊ ကြက်မွေးမြူရေးခြံနှစ်ခြံ၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတို့မှာ အမိုးလန်ခြင်းနှင့် အချို့အိမ်များပြိုလဲခဲ့ကာ ဓာတ်တိုင် ၁၂ တိုင် ကျိုးပြတ်ခြင်း၊ ပြိုလဲခြင်း၊ ထရန်စဖော်မာတင်သော တိုင်နှစ်တိုင် ယိုင်လဲခြင်းများဖြစ်ပွားခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# ရန်ကုန်ပြန်ရန် ကားစောင့်နေသူနှစ်ဦး မလှိုင်မြို့နယ်၌ မိုးကြိုးပစ်ခံရသဖြင့် သေဆုံး

**မလှိုင် မေ ၁၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဆည်တိုနယ်မြေ ရဲကင်းစခန်းနယ်မြေ၌ မေ ၁၃ ရက် ည ၉ နာရီခွဲခန့်တွင် ရန်ကုန်ပြန်ရန် ကားစောင့်နေသူနှစ်ဦးသည် မိုးကြိုးပစ်ခံရ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

မလှိုင်မြို့နယ် ဆည်တိုနယ်မြေ ရဲကင်းစခန်းမှူး ရဲအုပ်လှမြင့်သည် မေ ၁၃ ရက် ည ၉ နာရီခွဲခန့်တွင် လူနှစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံးနေကြောင်း သတင်းအရ သက်သေများနှင့် သွားရောက်စစ်ဆေးရာ မလှိုင်-မိတ္ထီလာသွား ကားလမ်းဘေး ဆည်တိုကျေးရွာ အုပ်ကျောက်ဖူးကားဂိတ်တွင် အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦး သေဆုံးနေကြောင်းတွေ့ရှိရပြီး သေဆုံးသူများမှာ ဦးမြင့်နိုင်နှင့် ၎င်း၏ ချွေးမဖြစ်သူ မငွေငွေမော်တို့ဖြစ်ကြောင်း၊ ၎င်းတို့မှာ ရန်ကုန်သို့ပြန်ရန် ကားဂိတ်၌ ကားစောင့်နေစဉ် မိုးသက်လေပြင်းများကျရောက်ပြီး မိုးကြိုးပစ်မှုကြောင့် အခင်းဖြစ်နေရာ၌ သေဆုံးနေကြောင်း စစ်ဆေးသိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဆည်တိုနယ်မြေရဲကင်းစခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၄**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ရေဖြူမြို့နယ် ဓမင်းဆိပ်ကျေးရွာကမ်းခြေ၌ ဧရာမဝေလငါးမန်းကြီးတစ်ကောင် ထပ်မံရရှိ

**ထားဝယ် မေ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကလိန်အောင်မြို့နယ်ခွဲ ကံပေါက်တိုက်နယ် ဓမင်းဆိပ်ကျေးရွာကမ်းခြေ၌ မေ ၁၃ ရက် ညနေပိုင်းက သုံးကောင်မြောက် ဝေလငါးမန်းကြီးတစ်ကောင် ထပ်မံရရှိခဲ့ကြောင်း သိရသည်။

ဒေသခံ ဦးကိုကိုဇော်က "အဲဒီကမ်းခြေမှာ အဲဒီလိုငါးကြီးတွေကို မေ ၁၁ ရက်က တစ်ကောင်နဲ့ မတ်လတုန်းက တစ်ကောင်ရရှိပြီးပြီ၊ အခုတစ်ကောင်နဲ့ဆို သုံးကောင်ရှိပြီ"ဟု ပြောသည်။

အဆိုပါကျေးရွာမှာ တံငါရွာကလေးဖြစ်ပြီး ပင်လယ်ပြင်၌ ငါး၊ ပုစွန်တို့ကို ဝါးလုံးတိုင်ရိုက်စိုက်ကာ ထောင်ဖမ်းရသည့် ကျားပါးစပ်ပိုက်လုပ်ငန်း လုပ်ကိုင်ကြသည်။ ထိုဧရာမငါးကြီးတို့ကို ကျားပါးစပ်ပိုက်တွင် ဖမ်းမိသဖြင့် အသေရရှိကာ ကျေးရွာသားများက ကမ်းခြေသို့ ဆွဲယူလာခဲ့ခြင်းဖြစ်သည်။

ငါးကြီး၏အရှည်မှာ ၁၈ ပေခန့်၊ ငါးဦးခေါင်းနှင့် ဝမ်းဗိုက်စပ်ကြားတွင် လုံးပတ် ၁၄ ပေခန့်နှင့် ငါးဆူးတောင်ယပ်ပြားအရှည် လေးပေခန့်ရှိကြောင်း၊ ထားဝယ်ဒေသ၌ ထိုငါးကြီးကို ဝဇီပြောက်၊ ငါးမန်းပြောက်၊ ငါးမန်းဘလောင်းဟု ခေါ်ကြောင်း သိရသည်။

ထိုငါးကြီးမှာ ရှားပါးသော ဝေလငါးမျိုးစိတ်ဖြစ်ပြီး ဝေလငါးမန်း (Whale Shark) ဟုခေါ်ကြောင်း၊ ပင်လယ်ပြင်တွင် ရေညှိရေမှော်များကိုသာ စားသုံးတတ်ပြီး အခြားငါးကလေးအုပ်စုများဖြင့် ရောနှောသွားလာနေတတ်ကာ လူကိုလည်း ရန်မပြုတတ်ကြောင်းနှင့် စီဘူးကျွန်း၊ ဖိလစ်ပိုင်နိုင်ငံ ပင်လယ်ကမ်းခြေတို့၌ တွေ့ရှိရကြောင်း သိရသည်။

**သတင်း-သန်းဌေး(ဒလ)၊ ဓာတ်ပုံ-စန်းဝင္ဇာ**



# စိတ်ဝေဒနာသည် အမျိုးသားတစ်ဦး မိတ္ထီလာကန်ထဲတွင် ရေနစ်သေဆုံးမှုဖြစ်

**မိတ္ထီလာ မေ ၁၄**

မိတ္ထီလာ၌ စိတ်ဝေဒနာခံစားနေရသည့် စီးပွားရေးတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသားတစ်ဦး ရေနစ်သေဆုံးနေသည့်ရုပ်အလောင်းကို မေ ၁၄ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၃၀ က မိတ္ထီလာကန်ထဲမှ တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးညွန့်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ရေနစ်သေဆုံးနေသည့် ရုပ်အလောင်းတစ်လောင်း မိတ္ထီလာတောင်ကန် ရေလယ်ဘုရား တံတားအနီး၌ တွေ့ရှိရကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ရေနစ်သေဆုံးသူမှာ စိတ်ဝေဒနာခံစားနေရသည့် မောင်ငြိမ်းချမ်းထက် (၂၁ နှစ်)သာယာကုန်း(၂) နန်းတော်ကုန်းရပ်ကွက် စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားဖြစ်ကြောင်း၊ ပြင်ပဒဏ်ရာများမရှိဘဲ ရေနစ်သေဆုံးနေကြောင်းနှင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် မြို့မရဲစခန်းက သေမှုသေခင်းအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**၀၄၇**

# ဝေ့လေလန်ပူးပေါင်းစစ်ဆေးရေးစခန်း၌ ကျပ်သိန်းပေါင်း ၉၆၀၀ ခန့် တန်ဖိုးရှိ အိုက်စ်များ ဖမ်းဆီးရမိ



**ဝမ်ပုံ မေ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ဝေ့လေလန်ပူးပေါင်းစစ်ဆေးရေးစခန်း၌ မေ ၁၄ ရက်နံနက် ၃ နာရီခွဲခန့်က ကျပ်သိန်းပေါင်း ၉၆၀၀ ခန့်တန်ဖိုးရှိ (အိုက်စ်)အဖြူရောင် ပုံဆောင်ခဲများ ဖမ်းဆီးရမိသည်။

မေ ၁၄ ရက် နံနက် ၃ နာရီခွဲခန့်တွင် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့ နယ် မိုင်းဖုန်း(ခ)အုပ်စု ဝေ့လေလန်ပူးပေါင်းစစ်ဆေးရေးစခန်း၌ တာချီလိတ်ဘက်မှ ဝမ်ပုံဘက်သို့ အိုက်နွန်း (၂၉ နှစ်)မောင်းနှင်ပြီး စိုင်းကျောက် (၂၁ နှစ်)လိုက်ပါလာသော တိုယိုတာမတ်တူးအမျိုးအစား ခဲရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေစဉ် ယာဉ်မောင်းအိုက်နွန်းသည် ယာဉ်ပေါ်မှ ခုန်ချထွက်ပြေးသွားခဲ့ပြီး စိုင်းကျောက်ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ထို့နောက် ယာဉ်အားဆက်လက်ရှာဖွေရာ ယာဉ်နောက်ဖုံးအတွင်း ဆာလာအိတ်သုံးလုံးဖြင့် ထည့်လျက် တရုတ်လက်ဖက်ခြောက်အိတ်အတွင်း မက်သာဖက်တမင်း ဟိုက်ဒရိုကလိုရိုက်(အိုက်စ်)အဖြူရောင် ပုံဆောင်ခဲ အလေးချိန်တစ်ကီလိုခန့်စီပါ ၄၈ ထုပ် စုစုပေါင်းအလေးချိန် ၄၈ ကီလိုခန့်(ဒေသတန်ဖိုးကျပ်သိန်းပေါင်း ၉၆၀၀ ခန့်)နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို တွေ့ရှိသိမ်းဆည်းခဲ့သည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ စိုင်းကျောက် (၂၁ နှစ်) နမ့်မွဲရွာ မိုင်းဟဲ(အောက်)အုပ်စု တာချီလိတ်မြို့နယ် နေသူနှင့် ထွက်ပြေးတိမ်းရှောင်သွားသူ အိုက်နွန်း (၂၉ နှစ်ခန့်) ဆန်ဆိုင်းရပ်ကွက် တာချီလိတ်မြို့နေသူတို့အား ဝမ်ပုံနယ်မြေရဲစခန်းကအမှုဖွင့်ပြီး ထွက်ပြေးတိမ်းရှောင်နေသူအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မြစ်ကြီးနားမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၄**

ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက် နံနက် ၁၀ နာရီခန့်က မြစ်ကြီးနားမြို့ ရွှေအိုက်ရပ်ကွက် အမှတ် (၃) နယ်မြေ လမ်းသွယ်(D)ပေါ်တွင်တွေ့ရှိသူ ကျော်စိုးကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ စိုးမိုးအောင်ကို မြစ်ကြီးနားမြို့တပ်ကုန်းရပ်ကွက် အဝေးပြေးကားကြီးဝင်းအနီးလမ်းမပေါ်၌ ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၆ နာရီ ခွဲကျော်က မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်-အနောက်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားဝင်းကားပါကင်အနီး၌ ဆူဇူကီးပစ်ကပ်မော်တော်ယာဉ်ပေါ်မှ ဆင်းလာသူ မမေသက်ခိုင်နှင့် ယာဉ်အားရှာဖွေရာ (စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၂၈၅ ပြား) ကိုလည်းကောင်း ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့၌ ရထားသံလမ်းဝန်ထမ်းတစ်ဦး ဘာလီသံချောင်း ရိုက်မိ၍ သေဆုံးမှုဖြစ်

**သထုံ မေ ၁၄**

မွန်ပြည်နယ် သထုံမြို့၌ မြန်မာ့မီးရထား သံလမ်းဝန်ထမ်းတစ်ဦး လုပ်ငန်းဆောင်ရွက်နေစဉ် မေ ၁၃ ရက် နံနက် ၁၀ နာရီခွဲခန့်က ဘာလီသံချောင်းဖြင့် ရိုက်မိ၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တိုင်းအမှတ်(၈) ရထားလမ်း အလုပ်သမားခေါင်း ကျော်စွာဝင်းပါ အလုပ်သမား ငါးဦးသည် သထုံမြို့အောင်းစိုင်ကျေးရွာ တံတားဖြူအနီး ရန်ကုန်-မော်လမြိုင် ရထားလမ်းမိုင်တိုင်အမှတ် ၁၄၁/၃ နှင့် ၁၄၁/၄ အကြား ရထားလမ်း ဇလီဖားတုံးအစား၊ ကွန်ကရစ်ဇလီဖားတုံးများလဲလှယ်နေစဉ် လုပ်သားခေါင်းကျော်စွာဝင်းမှာ ကွန်ကရစ်ဇလီဖားတုံးအား အရှည်လေးပေခွဲ၊ လုံးပတ်တစ်လက်မခွဲခန့်အလေးချိန် ခြောက်ပိသာခန့်ရှိ ဘာလီသံချောင်းဖြင့် ရထားသံလမ်းကို မယူစဉ် သံလမ်းနှင့် ဘာလီသံချောင်းတို့ ပွတ်ချော်ကာ ၎င်းကိုင်ဆောင်သည့် ဘာလီသံချောင်းဖြင့် ကျော်စွာဝင်း၏ ယာဘက်လည်ပင်းကို ရိုက်မိ၍ သတိမေ့လဲကျသွားပြီး သထုံခရိုင်ဆေးရုံကြီးသို့ တင်ပို့စဉ် လမ်းတွင်သေဆုံးသွားခဲ့သဖြင့် သထုံမြို့မရဲစခန်းက သေမှုသေခင်းအမှုဖွင့်ထားကြောင်း သိရသည်။

**နန္ဒကျော်စွာ၊ လှိုင်ထွန်းအောင်**

# ဟိုတယ်၌တည်းခိုနေသူ ဂျာမနီနိုင်ငံသားထံမှ လက်တော့ပ်ခိုးယူသူအား ဖမ်းဆီး

**နေပြည်တော် မေ ၁၄**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြတ်မင်္ဂလာ ဟိုတယ်အတွင်းမှ မေ ၇ ရက် ည ၁၀ နာရီခန့် က ဂျာမနီနိုင်ငံသား CHRISTON HEINING ၏ လုပ်ငန်းသုံး Lenovo တံဆိပ်ပါ လက်တော့ပ်တစ်လုံးကို ခိုးယူခံရကြောင်း သတင်းရရှိသဖြင့် နေပြည်တော် ရဲတပ်ဖွဲ့ မှုခင်းအကူဌာနမှ ရဲအုပ် နိုင်လင်းဦးနှင့်အဖွဲ့က မေ ၉ ရက်တွင် ပြစ်မှု ကျူးလွန်သူ ကျော်မင်းဝင်း (ခ) ငှက်ပျောသီး ရွာမကျေးရွာ ဒက္ခိဏသီရိ မြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့သည်။

အမှုစစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါ သက်သေခံပစ္စည်းအား ယင်းနေ့ နံနက်ပိုင်းတွင် သွားရောက် သိမ်းဆည်း ရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ ကျော်မင်းဝင်း (ခ) ငှက်ပျောသီးအား ဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# တမူးမြို့နယ်တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**တမူး မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သင်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်သော်၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့်ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက်က သတင်းအရ နယ်မြေကွင်းဆင်း ရှင်းလင်းဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် တမူးမြို့နယ် ဟဲဇင်းကျေးရွာအုပ်စု ရေနန်းကျေးရွာ ယူးချောင်းအတွင်းမှ ကညင်သစ် ၇၃ တုံး၊ စုစုပေါင်းသစ် ၁၀ တန်ကျော်ခန့်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိပြီး သစ်များအား လုံခြုံရာသို့ သယ်ယူရွှေ့ပြောင်းရေးအတွက် သစ်တောဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ညောင်လေးပင် ဖအောင်းရွာအနီး လူသေအလောင်းတွေ့ရှိ

**ညောင်လေးပင် မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဖအောင်းကျေးရွာအနီး အာလောကွေ့အနောက်ဘက်ချိုင့်ထဲ၌ မေ ၁၂ ရက်က ပုပ်ပွ၍သေနေသော လူသေအလောင်းတစ်လောင်းတွေ့ရှိကြောင်း သိရသည်၊

ညောင်လေးပင်မြို့တောင်ဘက်အထွက် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် ၉၆/၂ နှင့် ၃ အကြား ဖအောင်းကျေးရွာအနီး၌ အသက် ၄၀ ခန့်ရှိ အမျိုးသားတစ်ဦး မှောက်လျက်အနေအထားဖြင့် သေဆုံးနေသည်ကို ညောင်လေးပင်မြို့မရဲစခန်းမှ တာဝန်ရှိသူများက စစ်ဆေးတွေ့ရှိခဲ့ကြသည်။

ဆက်လက်စစ်ဆေးရာ သေဆုံးသူ၏အနီးတွင် အရက်ပုလင်းတစ်လုံး၊ ကျောပိုးအိတ်တစ်လုံးနှင့် အဝတ်အထည်များ တွေ့ရှိသိမ်းဆည်းရမိပြီး သေဆုံးသူ၏ ဝဲဘက်လက်မောင်းတွင် နဂါးပုံဆေးမင်ထိုးထားသည်ကို စစ်ဆေးတွေ့ရှိရ၍ ညောင်လေးပင်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ထို (အမျိုးသား)သေဆုံးခြင်းနှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ် ဆက်လက်စစ်ဆေးနိုင်ရန် ညောင်လေးပင်မြို့မရဲစခန်းက သေမှုသေခင်းအမှုဖွင့်ထားကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**

# ခိုးမှုများကျူးလွန်ထားသူများကို ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှု ၂၇ မှု ဖော်ထုတ်နိုင်

**ရန်ကုန် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အရှေ့ပိုင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှတပ်ဖွဲ့များက ခိုးမှုများ ကျူးလွန်ထားကြောင်း သတင်းရရှိသူများကို ဖမ်းဆီးရမိစစ်ဆေးရာမှ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ မရမ်းကုန်းမြို့နယ်များအတွင်းမှ ခိုးမှု ၂၇ မှုအား ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခိုးမှုများမှ ပြစ်မှုကျူးလွန်သူ မရမ်းကုန်းမြို့နယ် နေသူများဖြစ်သည့် ကြည်မျိုးလွင်(ခ)တွတ်ပီ၊ ဇေယျာဝင်း (ခ) ဇေယျာ(ခ)ကုလား၊ သန်းအေးနှင့် ဒေါပုံမြို့နယ်နေ ဖိုးလပြည့်(ခ) ဝသုန်မိုးတို့အား မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက ဧပြီ ၂၃ ရက်က ၎င်းတို့ နေထိုင်ရာနေအိမ်များ၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ကြည်မျိုးလွင်(ခ) တွတ်ပီပါ လေးဦးတို့အား စစ်ဆေးခဲ့ရာ ၂၀၁၇ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၈ မတ်လ အတွင်း မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ မရမ်းကုန်းမြို့နယ်အတွင်း နေအိမ်များမှ လက်ကိုင်ဖုန်းတို့အား ခိုးယူရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အလားတူ ၂၀၁၈ ခုနှစ် ဧပြီလ အတွင်းက မြောက်ဥက္ကလာပမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ မရမ်းကုန်းမြို့နယ်တို့ရှိ နေအိမ်များမှ လက်ကိုင်ဖုန်းတို့အား ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့ပါသည်။

ပေါ်ပေါက်ချက်များအရ ကြည်မျိုးလွင်(ခ)တွတ်ပီပါ လေးဦးတို့အား မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ မရမ်းကုန်းမြို့မရဲစခန်း၌ အမှုများအသီးသီးဖွင့် အရေးယူဆောင်ရွက်လျက်ရှိပြီး အမှုများမှ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖားကန့်၌ ကုမ္ပဏီမြေစာပစ်လမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွား

**ဖားကန့် မေ ၁၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မော်ကျေးရွာ မြေစာပစ်လမ်းပေါ်၌ မေ ၁၃ ရက် ည ၇ နာရီခွဲခန့်က ရတနာစမ်းရှင်(ကျောက်စိမ်းသစ်ရှက်) ကုမ္ပဏီ မြေစာသယ်ယာဉ်ဖြင့် ယင်းကုမ္ပဏီ၏ အလုပ်သမားသုံးဦးအား ကြိတ်မိမှုဖြစ်ပွားရာ အခင်းဖြစ်နေရာတွင် နှစ်ဦးသေဆုံးပြီး တစ်ဦးမှာစိုးရိမ်ရသည့် အခြေအနေတွင် ရှိကြောင်း သိရသည်။

အဆိုပါအခင်းဖြစ်နေရာသို့သွားရောက်သည့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ စီးနင်းလာသော မော်တော်ယာဉ်သည် ဘရိတ်ပေါက်ကာ အခင်းဖြစ်နေရာအနီးရှိ လူလေးဦးကို ထပ်မံတိုက်မိ၍ ဒဏ်ရာများရရှိခဲ့ပြီး နမ့်မော်ကျေးရွာ မြတ်ပါရမီလူမှုကူညီရေးအသင်း မော်တော်ယာဉ်ဖြင့် ဒဏ်ရာရရှိသူ ငါးဦးလုံးအား ဖားကန့်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရေပူစစ်ဆေးရေးအဖွဲ့ ရှောင်တခင်စစ်ဆေးစဉ် ပိတောက်စားရွှေတုံးများ ဖမ်းမိ

နေပြည်တော် မေ ၁၄

**တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၃ ရက်တွင် မန္တလေး- မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၃၇ စီး၊ သွင်းကုန် ၈၅၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၇၀၊ သွင်းကုန် ၂၀၉ စီးကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၂၃၃ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅၉ သန်းခန့် စုစုပေါင်းတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ ဒသမ ၈၂၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် စံလောင်းကျေးရွာအနီးတွင် ရပ်တန့်ထားသော ALPHARD မော်တော်ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်စားရွှေ ၁၇ တုံး(၀ ဒသမ ၄၁၄၄ တန်) နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၂၄၃ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့သည်။

အလားတူ မေ ၁၂ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်ကွင်းလမ်းများသို့ ရှောင်တခင်စစ်ဆေးခဲ့ရာ ပျဉ်းကတိုးကုန်း ကျေးရွာအတွင်း တရားဝင်စာရွက် စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့တိုယိုတာမတ်တူးယာဉ်တစ်စီး၊ ခန့်မှန်းတန်ဖိုး ငွေကျပ်နှစ်သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နျူကလီးယားဖျက်သိမ်းမှုကို အောင်မြင်စွာလုပ်ဆောင်နိုင်ပါက ကင်ဂျုံအန်း၏ လုံခြုံရေးကို အာမခံကြောင်း အမေရိကန်ပြော



**ဝါရှင်တန် မေ ၁၄**
မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားဖျက်သိမ်းမှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ပါက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ လုံခြုံရေးအတွက် အမေရိကန်နိုင်ငံက အာမခံကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မိုက်ပွန်ပီအိုက မကြာသေးမီက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင်၏ လုံခြုံရေးနှင့်ပတ်သက်ပြီး ပွန်ပီအိုက လုံခြုံရေးအာမခံချက်ရရှိရန် အသေအချာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖောက်စ်နယူးသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ပြောကြားခဲ့သည်။ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား ကူညီသွားရန် အဆင်သင့်ရှိကြောင်း ပွန်ပီအိုက ဆက်လက်ပြောကြားခဲ့သည်။

သမ္မတထရန့်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ထပ်မံလုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်များရှိကြောင်း၊ ယခုဆောင်ရွက်ရမည်မှာ သမ္မတထရန့်နှင့် ကင်တို့ တွေ့ဆုံသွားရေးဖြစ်ကြောင်း ပွန်ပီအိုက ဆက်လက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယား နျူကလီးယားစမ်းသပ်မှုနေရာ ဖျက်သိမ်းရေး ထုတ်ပြန်ချက်အပေါ် ပွန်က "ဒါက သတင်းကောင်းပါပဲ၊ နောက်ထပ်ဆက်သွားမယ့် ခြေလှမ်းတစ်ခုပေါ့" ဟု ပြောကြားခဲ့သည်။

စင်ကာပူတွင် ကျင်းပမည့် မြောက်ကိုရီးယားနှင့် အမေရိကန်တို့၏ ထိပ်သီးအစည်းအဝေးအတွက် လုပ်သင့်လုပ်ထိုက်သည်များ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပွန်ပီအိုက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တွေ့ဆုံခဲ့ခြင်းအပေါ် မိုက်ပွန်ပီအိုက မြောက်ကိုရီးယားပြည်သူများအတွက် အောင်မြင်မှုရရှိစေရန် မည်သို့ လုပ်ဆောင်ရမည်ကို သိရှိကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# စူရာဘာရာ၌ ဖြစ်ပွားသည့် ဗုံးခွဲတိုက်ခိုက်မှုကို အင်ဒိုနီးရှားသမ္မတ ဝေဖန်ရှုတ်ချ

**ဂျကာတာ မေ ၁၄**
အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် စူရာဘာရာရှိ ဘုရားရှိခိုးကျောင်းသုံးခုတို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်သမားများ၏ ဗုံးခွဲတိုက်ခိုက်မှုကို အပြင်းအထန် ဝေဖန်ရှုတ်ချခဲ့ကြောင်း သိရသည်။ ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၁၃ ဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့် ဘုရားရှိခိုးကျောင်းများနှင့် ထိခိုက်ဒဏ်ရာရရှိသူများမှာ ဆေးကုသမှုခံယူလျက်ရှိရာ ရဲတပ်ဖွဲ့ဆေးရုံသို့ သမ္မတ ဂျိုကိုဝီဒိုဒို လာရောက်ခဲ့ပြီးနောက်တွင် တိုက်ခိုက်မှုအပေါ် ပြစ်တင်ရှုတ်ချခဲ့ခြင်း ဖြစ်သည်။ သမ္မတသည် တိုက်ခိုက်မှုလုပ်ဆောင်ရန် ကြံစည်ခဲ့သည့် အကြမ်းဖက်အုပ်စုကွန်ရက်များကိုလည်း အမြစ်မှလှန်ကာ သုတ်သင်ဖယ်ရှားပစ်ရန် အမိန့်ပေးအပ်ခဲ့သည်။

အမျိုးသားရဲတပ်ဖွဲ့ ဌာနချုပ်ရှိ ဆက်သွယ်ရေးဌာနစိတ် အကြီးအကဲ မူဟာမက် အစ်ကဘယ်လ်က စူရာဘာရာရှိ ဘုရားရှိခိုးကျောင်းသုံးခုတို့တွင် ဖြစ်ပွားသည့် ဗုံးခွဲတိုက်ခိုက်မှုတွင် သေဆုံးခဲ့သူအရေအတွက်မှာ ၁၃ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ပြောကြားခဲ့သည်။

ဗုံးခွဲတိုက်ခိုက်မှုကို ကျူးလွန်ခဲ့သူများသည် မိသားစုတစ်ခုတည်းမှဖြစ်ကြောင်းနှင့် တိုက်ခိုက်မှုလုပ်ဆောင်ရန် ကြံစည်ခဲ့သည့် အဖေ၊ အမေ၊ သားနှစ်ဦးနှင့် သမီးနှစ်ဦးတို့ပါဝင်သည့် မိသားစုတစ်ခုသည် ဆီးရီးယားမှ ပြန်လာခဲ့သူများအုပ်စုမှဖြစ်ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့အကြီးအကဲ တီတိုကာနာဗီရန်က ပြောသည်။

ယင်းမိသားစုမှ ဖခင်ဖြစ်သူသည် အာဂျူနာလမ်းပေါ်ရှိ ဘုရားရှိခိုးကျောင်း၌ ဗုံးခွဲမှုလုပ်ဆောင်ခဲ့ကြောင်း၊ ၎င်း၏ဇနီးဖြစ်သူနှင့် သမီးနှစ်ဦးတို့မှာ ဒီပွန်နီဂိုရိုလမ်းပေါ်ရှိ ဘုရားရှိခိုးကျောင်းကို ဗုံးခွဲမှုလုပ်ဆောင်ခဲ့ကြောင်း တီတိုက ပြောသည်။ **ဆင်ဟွာ**







# ဂျပန်နိုင်ငံသားများ အတင်းအကျပ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရမှုကို ဖြေရှင်းရန်အတွက် ဆွေးနွေးပွဲပြုလုပ်ရန်လိုကြောင်း အာဘေးပြော

**တိုကျို မေ ၁၄**
တနင်္လာနေ့က ပြုလုပ်ခဲ့သည့် ဒိုင်းယက်အစည်းအဝေး၌ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ၎င်းသည် ဆွေးနွေးပွဲများအပြီးတွင် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးနှင့်ပတ်သက်၍ ထရန့်က အကျဉ်းချုပ် ပြန်လည်ရှင်းလင်းတင်ပြရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေး၌ အကြီးတန်းဒီမိုကရက်တစ် ဥပဒေပြုလွှတ်တော်အမတ်တစ်ဦးက ဂျပန်နိုင်ငံသားများအား မြောက်ကိုရီးယားအေးဂျင့်များက အတင်းအကျပ်ဖမ်းဆီးခေါ်ဆောင်သွားမှုကို ရည်ညွှန်းပြောဆိုခဲ့သည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ဥပဒေပြုအမတ်က ဂျပန်သည် မြောက်ကိုရီးယားအပေါ် ဖိအားပေးမှုများ ဆက်လက်ပြုလုပ်နေသော်လည်း ဂျပန်နိုင်ငံသားများ အတင်းအကျပ်ခေါ်ဆောင်သွားခံရမှုကို ဖြေရှင်းရန်အတွက် ဆွေးနွေးပွဲပြုလုပ်ရန် လိုအပ်လာမည်ဖြစ်ကြောင်း ထောက်ပြခဲ့သည်။

ဂျပန်နှင့် မြောက်ကိုရီးယားနိုင်ငံအကြား ဆွေးနွေးပွဲများ မပြုလုပ်ပါက ယင်းကိစ္စကို အပြည့်အဝ ဖြေရှင်းဆောင်ရွက်နိုင်လိမ့်မည် မဟုတ်ကြောင်းနှင့် ယင်းကိစ္စကို ဖြေရှင်းရန် ဂျပန်နိုင်ငံ၏ ကိုယ်ပိုင်အင်အားစိုက်ထုတ်မှု လိုအပ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

ဂျပန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲသည် ဂျပန်နိုင်ငံသားများ ပြန်ပေးဆွဲခံရမှုကို ဖြေရှင်းနိုင်မည့် နည်းလမ်းဖြစ်ပြီး ၎င်း၏ အစိုးရအဖွဲ့အနေဖြင့် ဖြစ်နိုင်သည့် လမ်းကြောင်းမျိုးစုံဖြင့် ဂျပန်နိုင်ငံ၏အမြင်ကို မြောက်ကိုရီးယားက သိရှိသွားအောင် အသိပေးမည်ဖြစ်ကြောင်း အာဘေးက ပြောသည်။ လာမည့် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးအတွက် ၎င်းအနေဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး သို့မှသာ မြောက်ကိုရီးယားအရေးဖြေရှင်းမှုနှင့် အောင်မြင်တိုးတက်ဖြစ်ထွန်းရန် အခွင့်အလမ်းသာလိမ့်မည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံတစ်ဝန်း လေပြင်းမုန်တိုင်းနှင့် သဲမုန်တိုင်းများ တိုက်ခတ်မှု ထပ်မံဖြစ်ပွားရာ လူ ၇၀ ခန့်သေဆုံး

**နယူးဒေလီ မေ ၁၄**
အိန္ဒိယနိုင်ငံတစ်ဝန်း လေပြင်းမုန်တိုင်းများနှင့် သဲမုန်တိုင်းများ တိုက်ခတ်မှု ထပ်မံဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၇၀ ထက်မနည်း သေဆုံးခဲ့ပြီး လူ ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။

တစ်နာရီလျှင် လေတိုက်နှုန်း ကီလိုမီတာ ၁၀၀ ကျော်သော လေပြင်းမုန်တိုင်းနှင့် သဲမုန်တိုင်းများ တိုက်ခတ်သောကြောင့် အိန္ဒိယနိုင်ငံမြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် သစ်ပင်များ အမြစ်မှ ကျွတ်ထွက်ခြင်း၊ ဓာတ်တိုင်များ လဲပြိုကျိုးကျခြင်း၊ အိမ်များ ပျက်စီးခြင်းတို့ဖြစ်ပွားခဲ့ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ပြောခဲ့သည်။

အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် လေပြင်းတိုက်ခတ်မှုနှင့် သဲမုန်တိုင်း တိုက်ခတ်မှုများကြောင့် နံရံများပြိုကျပြီး လူ ၄၀ သေဆုံးခဲ့ကြောင်းနှင့် သစ်ပင်နှင့် ဓာတ်တိုင်များ လဲပြိုခဲ့ကြောင်း သိရသည်။

လေပြင်းမုန်တိုင်းတိုက်ခတ်မှုများကြောင့် အိန္ဒိယနိုင်ငံ၏ အကျော်ကြားဆုံးပြည်နယ်တွင် နောက်ထပ် လူ ၈၀ ခန့် ဒဏ်ရာရရှိခဲ့ပြီး အိမ်ခြေ ၄၀ ခန့် လဲပြိုကျခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားတွင် မေ ၁၃ ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်မှုများကြောင့် လူ ၁၄ ဦးမှာ သေဆုံးခဲ့ပြီး အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် မိုးကြိုးပစ်ခတ်မှုကြောင့် လူ ၁၂ ဦးခန့် သေဆုံးခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ တောင်ပိုင်းပြည်နယ်တွင်လည်း မေ ၁ ရက်က မိုးကြိုးများ အကြိမ်ကြိမ်ပစ်ခဲ့ရာ လူ ၁၄ ဦးခန့် သေဆုံးခဲ့ကြောင်း သိရသည်။

မြို့တော် နယူးဒေလီနှင့် ဘီဟာတို့တွင်လည်း မုန်တိုင်းများတိုက်ခတ်ခဲ့ရာ လူနှစ်ဦးခန့်သေဆုံးခဲ့ကြောင်း၊ အဆိုပါဒေသတွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ ခန့်ရှိကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်များက ပြောခဲ့သည်။

အင်ဒီယာဂန္ဒီ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုလည်း လေပြင်းမုန်တိုင်း တိုက်ခတ်၍ နှစ်နာရီကြာ ပိတ်ထားခဲ့ရကြောင်းနှင့် လေယာဉ်ခရီးစဉ် ၇၀ ခန့် လမ်းကြောင်းပြောင်းခဲ့ရကြောင်း သိရသည်။

သဲမုန်တိုင်းတိုက်ခတ်ပြီး ၁၀ ရက်အကြာတွင် ကမ္ဘာကျော်အဆောက်အအုံ တက်ချ်မဟာရှိရာ အာဂရာတွင် လူပေါင်း ၈၄ ဦးထက်မနည်း သေဆုံးခဲ့ ကြောင်း သိရသည်။



နောက်နှစ်ရက်တွင် အင်အားပြင်းထန်သည့် မုန်တိုင်းများသည် အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းသို့ ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း မိုးလေဝသအရာရှိများက ခန့်မှန်းထားသည်။ **အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်း စီမံကိန်းများကို မဟာသီယာပြန်လည်စဉ်းစား သုံးသပ်မည်

**ကွာလာလမ်ပူ မေ ၁၄**

မလေးရှားဝန်ကြီးချုပ်သစ် မဟာသီယာမိုဟာမက်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများပါဝင်နေသည့် လုပ်ငန်းစီမံကိန်းမှန်သမျှကို ပြန်လည်စဉ်းစားသုံးသပ်မည့် မူဝါဒတစ်ရပ်ကို ကြေညာခဲ့ကြောင်း သိရသည်။

မဟာသီယာသည် မြို့တော်ကွာလာလမ်ပူ၌ စနေနေ့က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ယင်းမူဝါဒနှင့် ပတ်သက်၍ ပြောဆိုခဲ့သည်။ ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ကကျင်းပခဲ့သည့် မလေးရှားအထွေထွေရွေးကောက်ပွဲတွင် ၎င်း၏ အတိုက်အခံမဟာမိတ်အဖွဲ့က အနိုင်ရရှိခဲ့သည်။ ရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့် ရလဒ်သည် လွတ်လပ်ရေးရပြီးချိန်မှစတင်ကာ တစ်ခုတည်းသော မဟာမိတ်ပါတီက အာဏာရရှိလာခဲ့သည့် မလေးရှားနိုင်ငံအတွက် သိသာထင်ရှားသည့် အပြောင်းအလဲတစ်ခု ဖြစ်လာစေခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် အတူဆောင်ရွက်နေသည့် လုပ်ငန်းစီမံကိန်းများသည် မလေးရှားနိုင်ငံအပေါ် မည်သို့ အကျိုးဖြစ်ထွန်းနိုင်မည်ကို ဆုံးဖြတ်ရန်အတွက် ပြန်လည်စဉ်းစားသုံးသပ်သွားမည်ဖြစ်ကြောင်း မဟာသီယာက ပြောကြားခဲ့သည်။ မလေးရှားသည် နိုင်ငံများအားလုံးနှင့် ခင်မင်ရင်းနှီးစွာဖြင့် ဆက်လက်ရှိနေမည်ဖြစ်ပြီး မည်သူ့ကိုမျှအခွင့်အရေး ပိုမိုပေးအပ်မည်မဟုတ်ကြောင်းကိုလည်း ၎င်းက ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

---

### အမေရိကန်ဆီးနိတ် လွှတ်တော်အမတ်များက ကန့်ကွက်သော်လည်း F-35 ဂျက်လေယာဉ်များကို တူရကီစတင်လက်ခံမည်

**အန်ကာရာ မေ ၁၄**

တူရကီနှင့် အမေရိကန်ပြည်ထောင်စုတို့ကြားတွင် အမေရိကန်ဆီးနိတ်လွှတ်တော်အမတ်များက ကန့်ကွက်ပိတ်ပင်ရန် ကြိုးစားမှုများရှိနေသော်လည်း တူရကီသည် နည်းပညာပိုင်းဆိုင်ရာအကောင်းဆုံးမြှင့်တင်ထားသည့် ပထမဆုံးသော F-35 တိုက်ခိုက်ရေးဂျက်လေယာဉ်များကို စတင်လက်ခံရရှိတော့မည် ဖြစ်ကြောင်း သိရသည်။

ယင်းစီမံကိန်းနှင့် နီးစပ်သည့် ကာကွယ်ရေးဆိုင်ရာ သတင်းရင်းမြစ်များက ပထမဆုံးသော F-35 တိုက်လေယာဉ်များကို တူရကီလေတပ်သို့ လာမည့် ဇွန် ၂၁ ရက်တွင် ပို့ဆောင်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ယင်းတိုက်လေယာဉ်များကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါရှိ အက်ဂလင်လေတပ်အခြေစိုက်စခန်း၌ တစ်နှစ်ခန့်ထားမည်ဖြစ်ပြီး ယင်းလေတပ်စခန်း၌ တူရကီလေယာဉ်မှူးများက လေ့ကျင့်ကြမည်ဖြစ်ကြောင်း အကြီးတန်း တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

---

# အိုင်အက်စ်တို့ကို တိုက်ထုတ်ပြီးနောက် ပထမဦးဆုံးကျင်းပခဲ့တဲ့ အီရတ်ရွေးကောက်ပွဲ

**ဖြိုးစန္ဒီမွေး**



အီရတ်နိုင်ငံ မိုဆူးလ်မြို့ဆိုတာ နာမည်ကြီးမြို့ တစ်မြို့ပါ။ သူနာမည်ကြီးရတဲ့ အကြောင်းကတော့ အခြားကြောင့် မဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာ ရက်စက်ကြမ်းကြုတ်ဆုံးလို့ သတ်မှတ်ထားတဲ့ အိုင်အက်စ်တွေရဲ့သိမ်းပိုက်ခြင်းကို ခံရပြီး အီရတ်အစိုးရအနေနဲ့ ဒီမြို့ကို ပြန်သိမ်းနိုင်ဖို့ အတော်လေးကြိုးစားခဲ့ရလို့ပါပဲ။

**မိုဆူးလ်မြို့ပြန်လည်ရှင်သန်ခြင်း**

၂၀၀၃ ခုနှစ်မှာ အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်အဖွဲ့ဟာ အာဏာရှင်ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချဖို့ အီရတ်ကို ကျူးကျော်ခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ မိုဆူးလ်မြို့မှာ ကျင်းပလေ့ရှိတဲ့ နွေဦးပွဲတော်ကို ကျင်းပနိုင်ခဲ့ခြင်း မရှိတော့ပါဘူး။ ဒါပေမယ့်လည်း ၂၀၁၈ ခုနှစ် မေလဒုတိယပတ်ထဲမှာတော့ မကျင်းပဖြစ်တာကြာပြီဖြစ်တဲ့ နွေဦးပွဲတော်ကို မိုဆူးလ်မြို့မှာ ပြန်လည်ကျင်းပနိုင်ခဲ့ပါတယ်။

အိုင်အက်စ်တွေ လက်ထဲမှာ အချိန်အတော်ကြာ ကျရောက်ခဲ့ရတဲ့ မိုဆူးလ်မြို့ ပြန်လည်ရှင်သန်ခြင်း အထိမ်းအမှတ်နဲ့ ဒီပွဲတော်ကို ပြန်လည်ကျင်းပရတာပါလို့ ပွဲစီစဉ်သူတွေက ပြောပါတယ်။ တကယ်ဆိုရင် မိုဆူးလ်မြို့ဆိုတာ အီရတ်ရဲ့ ဒုတိယမြို့တော်လည်း ဖြစ်ပါတယ်။ အိုင်အက်စ်တွေရဲ့ ဖျက်ဆီးမှုကြောင့် မိုဆူးလ်မြို့ဟာ အခုထက်ထိ နာလန်မထူနိုင်သေးပါဘူး။ အပျက်အစီးတွေ အများကြီးရှိနေဆဲပါပဲ။

နွေဦးပွဲတော်ကတော့ အောင်မြင်တယ်လို့ ပြောရမှာပါ။ ကျောင်းသူကျောင်းသားအများအပြား ပါဝင်ခဲ့တဲ့ ဒီပွဲမှာ အိုင်အက်စ်တွေကို ဆန့်ကျင်ရေးအတွက် အကောင်းဆုံးသရုပ်ဖော်နိုင်ခဲ့ပါတယ်။ ဒီပွဲ ဖြစ်မြောက်ရေးအတွက် အီရန်ဘက်က ငွေကြေးထောက်ပံ့ထားပြီး အီရတ်မှာ အစွန်းရောက် စစ်သွေးကြွတွေကို တိုက်ခိုက်တဲ့အခါမှာလည်း အီရန်ဘက်က ကူညီပေးခဲ့တာတွေရှိပါတယ်။

**စိန်ခေါ်မှုတွေ ကြီးမားလှ**

ဒီနွေဦးဟာ မိုဆူးလ်မြို့တင်မကပါဘူး။ အီရတ်တစ်နိုင်ငံလုံးကိုပါ ပြန်လည်မွေးဖွားတဲ့ အထိမ်းအမှတ်တစ်ခု ဖြစ်လာနိုင်ပါတယ်။ အီရတ်ဝန်ကြီးချုပ်မှာလည်း ဖြေရှင်းစရာ ပြဿနာတွေ အများကြီး ရှိနေပါသေးတယ်။ စိန်ခေါ်မှုတွေကလည်း ကြီးမားလှပါတယ်။

သူဟာတိုင်းပြည်ရဲ့ ပြန်လည်ထူထောင်ရေးမှာတင် အာရုံစိုက်ရမှာမဟုတ်ပါဘူး။ နိုင်ငံရေးအုပ်စုတွေ ကွဲပြီး ပြည်တွင်းစစ်မဖြစ်အောင်လည်း လုပ်ဆောင်ရမယ့် တာဝန်သူ့မှာ ရှိပါတယ်။

**အခက်အခဲတွေကြားထဲက ရွေးကောက်ပွဲ**

အီရတ်နိုင်ငံမှာ မေလ ၁၂ ရက်နေ့ကစပြီး ရွေးကောက်ပွဲကျင်းပခဲ့ပါတယ်။ အခက်အခဲတွေ အများကြီးထဲကမှ ကျင်းပရတဲ့ ရွေးကောက်ပွဲလည်းဖြစ်တယ်။ နိုင်ငံရေးဂိုဏ်းဂဏတွေကွဲပြီး ပြည်တွင်းစစ်မဖြစ်ပွားဖို့ ဆိုရင် ပြည်သူတစ်ရပ်လုံးက ယုံကြည်ရ တဲ့ အစိုးရပေါ်ပေါက်လာဖို့ လိုပါတယ်။

ယခုလက်ရှိ ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဗ္ဗ ဒီဦးဆောင်တဲ့အဖွဲ့ဟာ မဲအများကြီးရမယ်လို့ အများက ယူဆခဲ့ပေမယ့် အီရတ်ရဲ့ မဲပေးမှုစနစ်အရ သူ့အဖွဲ့တစ်ခုတည်းနဲ့တော့ အစိုးရဖွဲ့လို့ရမှာ မဟုတ်ပါဘူး။ ညွန့်ပေါင်းအစိုးရဖွဲ့ဖို့အတွက် ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ကောင်းလည်း လုပ်နိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။

> “ယခုလက်ရှိ ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဗ္ဗဒီ ဦးဆောင်တဲ့အဖွဲ့ဟာ မဲအများကြီးရမယ်လို့ အများကယူဆခဲ့ပေမယ့် အီရတ်ရဲ့ မဲပေးမှုစနစ်အရ သူ့အဖွဲ့တစ်ခုတည်းနဲ့တော့ အစိုးရဖွဲ့လို့ ရမှာမဟုတ်”



လက်ရှိဝန်ကြီးချုပ်နဲ့ အဓိက ပြိုင်ဘက်ဖြစ်တဲ့ ဟာဒီ-အယ်လ်-အမီရီကတော့ ဖာတာအုပ်စုကို ဦးဆောင်ခဲ့ပါတယ်။ သူ့ရဲ့ နိုင်ငံရေးပါတီကတော့ ရှီးယိုက်တိုက် ခိုက်ရေးသမားတွေအတွက် အဓိကပါတီ တစ်ခုဖြစ်ပါတယ်။ အီရတ်နိုင်ငံရေးမှာ အဓိက လွှမ်းမိုးတာကတော့ ရှီးယိုက်နဲ့ ဆွန်နီအုပ်စုတွေဖြစ်ပြီး ကာ့ဒ်တွေမှာလည်း သူ့ခွဲတမ်းနဲ့သူ ရှိပါတယ်။

**အခွင့်အရေးပြန်ရမှာဖြစ်**

ရွေးကောက်ပွဲရလဒ်တွေ ထွက်ပေါ်လာတဲ့အခါ အီရတ်အများစုက လက်ခံနိုင်တဲ့ ရလဒ်မျိုးဆိုရင်တော့ အီရတ်နိုင်ငံဟာ နိုင်ငံပြန်လည်ထူထောင်ရေးအတွက် အခွင့်အရေးပြန်ရမှာပါ။ ဒီလိုမှမဟုတ် အများက လက်မခံနိုင်တဲ့ ရလဒ်မျိုးဆိုရင်တော့ တိုင်းပြည်ရဲ့ အခြေအနေဟာ မလွယ်ပါဘူး။

မေ ၁၂ ရက်မှာ ကျင်းပ တဲ့ ပါလီမန်ရွေးကောက်ပွဲကတော့ အိုင်အက်စ်တွေကို နှိမ်နင်းပြီး ပထမဦးဆုံးအကြိမ် ကျင်းပတဲ့ ရွေးကောက်ပွဲဖြစ်ပြီး အမတ်နေရာ ၃၂၉ နေရာအတွက် ကိုယ်စားလှယ်လောင်း ၇၀၀၀ နီးပါး ဝင်ရောက်ယှဉ်ပြိုင်ကြပါတယ်။ ထူးခြားတာ တစ်ခုကတော့ အဲဒီထဲက အများစုဟာ အမျိုးသမီးတွေလို့ သိရပါတယ်။

**မဲပေးပွဲမှာ ပါဝင်ကြဖို့ တိုက်တွန်း**

ရွေးကောက်ပွဲမှာ ဘယ်သူပဲ အနိုင်ရရ အီရတ်နိုင်ငံရဲ့ ထိရှလွယ်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းဖို့လိုအပ်ပါ တယ်။ လက်ရှိ အီရတ်နိုင်ငံရဲ့ အခြေအနေကတော့ အတော်လေးသတိထားရမယ့် နေရာမှာ ရှိပါတယ်။ မေလ ၁၂ ရက်နေ့ ပါလီမန်ရွေးကောက်ပွဲ စတင်တဲ့အခါမှာတော့ လက်ရှိဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဗ္ဗဒီဟာ အီရတ်နိုင်ငံသားအားလုံးကို မဲပေးပွဲမှာ ပါဝင်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။ လက်ရှိအချိန်မှာ အီရတ်ဟာ အကြမ်းဖက်သမားတွေကို နှိမ်နင်းတဲ့နေရာမှာ စုစည်းညီညွတ်မှုနဲ့ အင်အားအလွန်ကောင်းနေပြီး ဒါဟာ အီရတ်နိုင်ငံသား အားလုံးအတွက် အောင်မြင်မှုကြီးလို့ သူက ပြောခဲ့ပါတယ်။

**ရွေးကောက်ပွဲကို စိတ်ကုန်**

အီရတ်ပြည်သူတွေဘက်က ကြည့်ရင် အစိုးရရဲ့ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးမှာ မအောင်မြင်မှု၊ စီးပွားရေးအားနည်းနေမှုနဲ့ ပတ်သက်လို့ မကျေနပ်ကြပြန်ပါဘူး။ ပြောင်းလဲမှုဆိုတာ မရှိတဲ့အတွက် ရွေးကောက်ပွဲဆိုတာကို စိတ်ကုန်နေကြသူတွေလည်း ရှိပါတယ်။

ဘဂ္ဂဒက် ဒေသခံတစ်ဦးကဆိုရင် သူဟာ ၂၀၁၄ ခုနှစ်က မဲပေးခဲ့မှုအတွက် နောင်တရတယ်လို့ ပြောပါတယ်။ ဘာလို့လဲဆိုတော့ နိုင်ငံရေးသမားတွေရဲ့ကတိတွေ အားလုံးအား အလိမ်အညာတွေ ချည်းပဲပါလို့ ဖြေပါတယ်။

**မဲရုံတွေမှာ လုံခြုံရေးတင်းကျပ်ထား**

အစိုးရကတော့ ဒီပါလီမန် ရွေးကောက်ပွဲကို အားထားပါတယ်။ မဲပေးပွဲမှာ အထောက်အကူဖြစ်စေဖို့ သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရဆိုတဲ့ အမိန့်ကိုတောင် တစ်စိတ်တစ်ပိုင်း ကင်းလွတ်ခွင့်ပေးထားပါတယ်။

မဲရုံတွေမှာလည်း လုံခြုံရေးကို တင်းကျပ်ထားပါတယ်။ ဒါတောင်မှပဲ ကာကွတ်ပြည်နယ်မှာ မဲရုံအနီး တိုက်ခိုက်မှုဖြစ်ပွားလို့ လူသုံးဦး သေဆုံးခဲ့ရပါတယ်။

အီရတ်နိုင်ငံရဲ့ပါလီမန်ရွေးကောက်ပွဲဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အီရန်နျူကလီးယားသဘောတူညီမှုကနေ နုတ်ထွက်တယ်လို့ ကြေညာအပြီး ရက်အနည်းငယ်ကြာတဲ့အခါ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲလည်း ဖြစ်တယ်။

အီရန်နဲ့ အမေရိကန်တို့ သဘောထားတင်းမာမှု အမြင့်ဆုံးဖြစ်ပေါ်နေတဲ့ အချိန်မျိုးလည်း ဖြစ်တယ်။ ဒါကြောင့် အချို့သော အီရတ်တွေကဆိုရင် အမေရိကန်နဲ့ အီရန်တို့ကြားညပ်ပြီး အီရတ်နိုင်ငံမှာ နောက်ထပ်အပျက်အစီးတွေ ဖြစ်ပေါ်လာမှာ၊ ထိခိုက်မှုတွေရှိလာမှာကို စိုးရိမ်နေကြပါတယ်။

သူတို့စိုးရိမ်တာလည်း မလွန်ပါဘူး။ ဘာလို့လဲဆိုတော့ အီရတ်မှာ အီရန်ရဲ့လွှမ်းမိုးမှုတွေ ရှိနေတဲ့အပြင် အမေရိကန်နဲ့လည်း မကင်းနိုင်ပါဘူး။ ဒါကြောင့် နှစ်ဖက်ကြားညပ်ပြီးနောက် တစ်ကြိမ်ပျက်စီးမှုနဲ့ကြုံမှာ စိုးရိမ်ကြတာပါ။

လက်ရှိအချိန်မှာတော့ အီရတ်နိုင်ငံဟာ အိုင်အက်စ်တွေကို တိုက်ထုတ်နိုင်တဲ့အတွက် စုစည်းညီညွတ်မှု အကောင်းဆုံးအနေအထားမှာ ရှိနေပါတယ်။ ဒီလို အခြေအနေမျိုးမှာသာ ပြည်သူက လက်ခံနိုင်တဲ့ အစိုးရတစ်ရပ် ပေါ်ပေါက်လာမယ်ဆိုရင် အီရတ်နိုင်ငံဟာ အသစ်ပြန်လည်တည်ဆောက်ဖို့ ခွန်အားတွေရရှိလာမှာပဲဖြစ်တယ်။ ။

**ကိုးကား-ဘီဘီစီ**

# ပြတိုက်များမှ လူငယ် အနာဂတ်ဆီသို့

✤ ခင်ချိုချိုဟန်(မန်း/မြေ) ✤

**ဤဆောင်းပါးလေးမှာ အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ကို ရည်ရွယ်၍ ရေးသားခဲ့ခြင်းဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ်အဖြစ် ၁၉၇၇ခုနှစ် မေလ ၁၈ရက်နေ့မှစတင်၍ ကမ္ဘာတစ်ဝန်းရှိပြတိုက်များတွင် ပြတိုက်များနေ့ကို တခမ်းတနားကျင်းပလေ့ရှိကြသည်။ ဆောင်းပါးရှင်ကိုယ်တိုင်ပြတိုက်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလ လေးနှစ်ကျော်ခြောက်နှစ်ကာလအတွင်း ပြတိုက်များနေ့အခမ်းအနားကို ၂၀၁၅ခုနှစ် မေလ ၁၈ရက်နေ့တွင် တစ်ကြိမ် အမျိုးသားပြတိုက်ရန်ကုန်၌ လည်းကောင်း၊ ၂၀၁၆ ခုနှစ် မေလ ၁၈ရက်နေ့တွင် တစ်ကြိမ် အမျိုးသားပြတိုက် ရန်ကုန်၌ လည်းကောင်း နှစ်ကြိမ်အခမ်းအနားကို တက်ရောက်ခဲ့ဖူးပါသည်။**




ပြတိုက်ဟူသည် ယခင်ကပြသပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးနှင့် လုံခြုံရေးကဏ္ဍထိန်းသိမ်းစောင့်ရှောက်ခြင်းဟု အများက လက်ခံကြသော်လည်း ယခုလိုတိုးတက်ခေတ်မီလာသောအချိန်တွင် ကျောင်းသားလူငယ်များ၏ အနာဂတ်ရည်မှန်းချက်အတွက် လေ့လာစူးစမ်းခြင်းကဏ္ဍအဖြစ် အရေးပါသည့်နေရာတစ်ခုဖြစ်သည်ကို ဆောင်းပါးရေးသူတစ်ဦးအနေဖြင့် ပို၍သိလာခဲ့ရသည်။

**အဓိပ္ပာယ်ပိုမိုကျယ်ပြန့်လာ**

ပြတိုက်ဟူသော ဝေါဟာရသည် သာမန်ရှေးဟောင်းပစ္စည်းကိုသာ ပြသရန်ရည်ရွယ်ခဲ့ပြီး ၂၀ ရာစုအရောက်တွင် အဓိပ္ပာယ်ပိုမို ကျယ်ပြန့်လာသည်။ ဤသို့ ပြတိုက်အမျိုးအစားများစွာ တိုးတက်ထွန်းကားလာခြင်းမှသည် အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်များအတွက် ရည်မှန်းချက်၊ ရည်ရွယ်ချက်ကောင်းများဖြင့် လူငယ်ဘဝများတိုးတက်လုပလာမည်ဟု ယုံကြည်မိပါသည်။ လူငယ်ဆိုသည်မှာ စူးစမ်းလေ့လာလက်တွေ့အသုံးချခြင်းကို လူငယ်အများ၏ စိတ်ဆန္ဒတွင် အများဆုံးရှိတတ်ကြသည်။ လူငယ်များ၏ အနာဂတ်သည် လက်ဦးဆရာဖြစ်သည့် အမိ၊ အဘနှင့် လူငယ်အများဆုံး ထိတွေ့ရသည့် ဆရာ ဆရာမများမှာ ပထမဖြစ်သည်ဟု ယူဆမိပါသည်။ မိဘများ၏ဆိုဆုံးမမှုနှင့် ဆရာ ဆရာမများ၏ပဲ့ပြင်လမ်းညွှန်သင်ကြားခြင်းမှသည် ကျွန်မတို့လို ဝန်ထမ်းများမှာလည်း တစ်ဖက်တစ်လမ်းမှပိုင်းဝန်းကူညီမှုအများဆုံး၊ အဖွဲ့အစည်းအားလုံးပါဝင်မှသာ အနာဂတ်လူငယ်များ ဘဝလုပစေမည်ဖြစ်ပါသည်။

**အကြံဉာဏ်များပေးချင်**

ကျွန်မအနေဖြင့် အကြံဉာဏ်များလည်း ပေးချင်ပါသည်။ “အစိုးရကျောင်းတိုင်းတွင် စူးစမ်းလေ့လာ မှု စီမံချက်ဟူသော စီမံချက်”ကို ထည့်သွင်းရေးဆွဲစေချင်ပါသည်။ တစ်လတစ်ကြိမ် ကျောင်းသားလူငယ်များအတွက် ပညာပေးသည့်နေရာ၊ ပျော်ရွှင်စေသည့်နေရာများကို သွားရောက် လေ့လာသင့်ပါသည်။ ကျွန်မသည် ပြတိုက်ဝန်ထမ်းဖြစ်နေသည့်အတွက် လူငယ်ကျောင်းသားများ သွားရောက်လေ့လာနိုင်သည့်ပြတိုက်အမျိုးအစားများကို ရွေးချယ်ပြောပြချင်ပါသည်။ ရန်ကုန်မြို့အတွက်လည်း ဖြစ်ပါသည်။ အမျိုးသားပြတိုက် (ရန်ကုန်)၊ အနုပညာပြတိုက် (မြန်မာ့ရုပ်ရှင်ပြတိုက်)၊ လဟာပြင်ပြတိုက် (တိုင်းရင်းသားကျေးရွာ) People Park၊ အတွင်းဝန်များရုံး (ဝန်ကြီးများရုံး) အခြားဘာသာရပ်ဆိုင်ရာပြတိုက်များမှာ မနုဿဗေဒဆိုင်ရာပြတိုက် (ရန်ကုန်တက္ကသိုလ်)၊ ဘူမိဗေဒဘာသာရပ်ဆိုင်ရာပြတိုက် (ရန်ကုန်တက္ကသိုလ်)၊ သိပ္ပံနှင့် နည်းပညာပြတိုက်များ (နက္ခတ်တာရာပြခန်း)၊ လူထုပညာပေးပြတိုက် (မူးယစ်ဆေးဝါးပြတိုက်၊ ကျန်းမာရေးပြတိုက်၊ မီးသတ်ပြတိုက်)၊ ရွှေတိဂုံပြတိုက် (အများပြည်သူလှူဒါန်းထားသော ပစ္စည်းများကို လှူဒါန်းပြသထားသည့်ပြတိုက်)၊ စစ်ရေယာဉ် မေယုအထိမ်းအမှတ်ပြတိုက် (ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၊ ဦးသန့်နေအိမ်ပြတိုက်)တို့ဖြစ်ပါသည်။ ဆရာ ဆရာမများသည် လည်းကောင်း၊ မိဘများသည်လည်းကောင်း၊ မိမိတို့ လေ့လာရေး သွားရောက် မည့်နေရာကို မိမိတို့ကိုယ်တိုင် အရင်ဆုံး စူးစမ်းလေ့လာသင့် ပါသည်။ သို့မှသာ ထိရောက်သော လေ့လာမှုကို ကျောင်းသား လူငယ်များအတွက် ပေးနိုင်မည်ဖြစ်ပါသည်။

# “ပြတိုက်အမျိုးအစား များစွာ တိုးတက်ထွန်းကားလာခြင်းမှသည် အနာဂတ်မျိုးဆက်သစ် ကျောင်းသားလူငယ်များအတွက် ရည်မှန်းချက်၊ ရည်ရွယ်ချက်ကောင်းများဖြင့် လူငယ်ဘဝများ တိုးတက်လုပလာမည်ဟု ယုံကြည်”

**နိုင်ငံတကာအဆင့်မီစေချင်**

မိမိတို့လေ့လာမည့်နေရာတွင် ဝန်ထမ်းများနှင့်လည်း တွေ့ဆုံမေးမြန်းသင့်ပါသည်။ တောင်းဆိုမှုများကို လူငယ်ကျောင်းသားများအတွက် စည်းကမ်းဘောင်အတွင်းမှ ဝန်ထမ်းအားလုံးမှပေးနိုင်အောင် ကြိုးပမ်းလျက်ရှိပါသည်။ (စည်းကမ်းဘောင်ဟုသုံးနှုန်းရခြင်းသည် ဟိုမလုပ်နဲ့ဒီဟာမလုပ်နဲ့မဟုတ်ပါ။ အသိပညာတိုးစေမည့် စည်းကမ်းကိုကျွန်မဆိုလိုပါသည်။) ကျွန်မအနေဖြင့် ပြည်သူလူထုအပါအဝင် အားလုံးစည်းကမ်းရှိစွာ ကျောင်းသားကျောင်းသူအများစုပါ အသိပညာ၊ အတတ်ပညာများ တိုးတက်စေချင်ပါသည်။ အထက်က ကျွန်မရောက်ရှိခဲ့ရသည့် ပြတိုက်များကို သွားမည်ဆိုပါကကြိုတင်ပြီး အကြောင်းကြားစာလေး ပို့ပေးစေချင်ပါသည်။ ဥပမာ စစ်ရေယာဉ်မေယုထားရှိသည့်နေရာမျိုးဆိုလျှင် ခရီးလည်း နည်းနည်းဝေးပါသည်။ သီးသန့်အနေဖြင့် လုံခြုံရေးအရထားရှိသည့်နေရာဖြစ်ပါသည်။ ကျွန်မအနေဖြင့် ပြည်သူတွေကို နိုင်ငံတကာအဆင့်ကို မီစေချင်ပါသည်။

**လူငယ်များ လေ့လာစူးစမ်းမှုကို အထောက်အကူပြု**

ထိုကဲ့သို့ အဆင့်မီဖို့ ဆိုရင် ငွေကြေးကုန်ကျမှုမဟုတ်ပါ။ ခေတ်မီအသုံးအဆောင် ပစ္စည်းများ ဝယ်ပေးစရာလည်းမလိုပါ။ ကျောင်းသားလူငယ်လေးများ လေ့လာစူးစမ်းမေးမြန်းခြင်းကို အထောက်အကူပြုပြီး စာကြည့်တိုက်မှစာအုပ်များကို ဖတ်ရှုမည်ဆိုပါက ကျွန်မပြောသည့် အဆင့်မီဆိုသောစကားဆီသို့ အနာဂတ်လူငယ်များ လျှောက်လှမ်းနိုင်ကြမည်ဖြစ်ပါသည်။ ကျွန်မအနေဖြင့် စိတ်မကောင်းဖြစ်ရတာ လေးများလည်းရှိပါသည်။ ကျွန်မတို့ နိုင်ငံ၏လိုအပ်ချက်လည်း ဖြစ်ပါသည်။ ပြတိုက်ကို လာရောက်လေ့လာတာချင်းအတူတူ တခြား နိုင်ငံသားတွေက ကလေး၊ လူငယ်၊ လူကြီးစိတ်ဝင်စားစွာ စူးစမ်းလေ့လာနေကြပြီး ကျွန်မတို့ လူထုနှင့်ကလေးတွေမှာတော့ စိတ်ဝင်စားမှု အားနည်းနေသည်ကို တွေ့မြင်ခြင်းပင်ဖြစ်ပါသည်။ လူငယ်အများစုမှာ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို သိလားဆိုတော့လည်း မသိပါ၊ စာဖတ်အားနည်းသည့် ကျွန်မတို့၏အကျင့်က လွှမ်းမိုးထားလို့ အခုလိုဖြစ်ရခြင်းဖြစ်ပါသည်။

ဒီအားနည်းချက်လေးကို နည်းနည်းအားဖြည့်မည်ဆိုလျှင် ကျွန်မတို့အားလုံးအတွက်ရော၊ လူငယ်ကျောင်းသားများ အတွက်ပါ တန်ဖိုးမဖြတ်နိုင်သည့်ဘဝတစ်ခုကို ပိုင်ဆိုင်နိုင် ကြမည်ဖြစ်ပါသည်။ အများပြည်သူကျောင်းသားလူငယ် ဆရာ ဆရာမများနှင့် အဖွဲ့အစည်းအသီးသီးအနေဖြင့် လေ့လာမှုခရီးစဉ်များအတွက် မိမိသွားမည့်နေရာ လိပ်စာသိရှိရန်၊ လေ့လာရေးသွားရာတွင် စာအုပ်နှင့် ခဲတံသုံးရန်၊ လေ့လာမှုများမှာ မိမိတို့ရဲ့ရည်ရွယ်ချက်များအောင်မြင်နိုင်မည့် နည်းလမ်းနှင့်အကြံဉာဏ်များ ဖန်တီးနိုင်ရန်၊ မိမိသွားရောက် လည်ပတ်မည့်နေရာ အမျိုးအစားလည်းသိရှိရန် ကျောင်းသား ကျောင်းသူလူငယ်များ၊ ဆရာ ဆရာမများ၊ အဖွဲ့အစည်းများ ပြန်လည်ဆွေးနွေးပြီး အကြောင်းအရာများကို အကြံဉာဏ်များပေးရန်တို့ဖြစ်သည်။

ယင်းပြတိုက်များကို လေ့လာခြင်းဖြင့် မိမိတို့၏ အနာဂတ် ရည်ရွယ်ချက်ကို ဘာလုပ်ရမည်ဟူသော အတွေးကို ခေါင်းထဲရောက်ရှိခွင့်ပေးရန် အကောင်းဆုံးရွေးချယ်လျှောက်လှမ်း သွားနိုင်မည်ဟု ယုံကြည်မိပါသည်။

**ရည်ရွယ်ချက်၊ ရည်မှန်းချက်ကောင်းများ**

ကျွန်မကိုယ်တိုင်လည်းပြတိုက်များကို လေ့လာခြင်းသည် ပညာပေးရာနေရာ၊ ပြည်သူလူထုအပန်းဖြေရာနေရာများ လူထုတက္ကသိုလ်ဟု တင်စားခဲ့မိပါသည်။ မိမိတို့၏နိုင်ငံတွင်လည်း ပြတိုက်များတိုးတက်များပြားစွာ တည်ဆောက်နိုင်ခဲ့ခြင်း၊ ခင်းကျင်းမှု နည်းပညာပြောင်းလဲတိုးတက်လာခြင်း၊ သုတေသနလုပ်ငန်းများထိန်းသိမ်းမှုနည်းပညာများတိုးတက် အောင်မြင်လာခြင်း၊ လူထုအားထိရောက်သော စိတ်ဝင်စားနိုင်သည့် နည်းပညာသစ်များကိုပေးနိုင်ခြင်း၊ ပြတိုက် လာ လူထုပရိသတ်အား လွတ်လပ်ပေါ့ပါးစွာ ကြည့်ရှုခွင့်ပေး နိုင်ခြင်းများသည် ပြတိုက်လုပ်ငန်းများကို တွင်ကျယ်စွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြောင်း ၂၀၁၈ ခုနှစ် မေလ ၁၈ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ပြတိုက်များရက်နေ့ကို ကြိုဆို၍ ဤဆောင်းပါးဖြင့် ဂုဏ်ပြုခြင်းမှ အနာဂတ်လူငယ်များဆီသို့ ရည်ရွယ်ချက်၊ ရည်မှန်းချက်ကောင်းများ ရရှိနိုင်ကြပါစေရန် ဆန္ဒပြုလိုက်ရပါသည်။ ။

## ညောင်တုန်းမြို့ ပြည်သူ့ဆေးရုံသစ် တည်ဆောက်ခြင်းအား ယာယီရပ်ဆိုင်းထား

**ညောင်တုန်း မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ပြည်သူ့ဆေးရုံ သုံးထပ် RC ဆောက်လုပ်ရာတွင် မူလအဆောက်အအုံရေးဆွဲထားသည့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်း၊ လွဲချော်မှုများရှိနေခြင်း၊ အရည်အသွေးပြည့်မီမှုမရှိခြင်းများကြောင့် သုံးထပ်ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းများအား မေ ၁၀ ရက်မှစ၍ ရပ်ဆိုင်းထားကြောင်း သိရသည်။

အဆိုပါ ညောင်တုန်း သုံးထပ်ပြည်သူ့ဆေးရုံသစ်ကြီးသည် ပေ (၁၅၀ ×၆၂) ရှိ RCသုံးထပ် အမျိုးအစားဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး လုပ်ငန်းအခက်အခဲများနှင့် ပြဿနာများစွာရှိခြင်းကြောင့် အချိန်ကာလများစွာ တည်ဆောက်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားမှုများရှိခဲ့ပြီး အလုပ်သမားများ၊ လုပ်အားခအပြည့်အဝ မရရှိခဲ့ခြင်းတို့ကြောင့် မေ ၇ ရက်က မီဒီယာအဖွဲ့များနှင့် အလုပ်သမားများ တွေ့ဆုံရာမှ အလုပ်သမားများနှင့် တင်ဒါအောင် ကုမ္ပဏီ အဆင်မပြေရာမှစပြီး သက်ဆိုင်ရာသို့ ထပ်မံတိုင်ကြားမှုများ ရှိလာကြောင်း သိရသည်။

ယင်းအဆောက်အအုံသစ် ဆောက်လုပ်ရာတွင် အဆောက်အအုံအတွင်းရှိ ကွန်ကရစ်ထောက်တိုင်များ တည်ဆောက်ထားမှုမှာ နေရာလွဲနေခြင်း၊ စောင်းနေခြင်း၊ ကွန်ကရစ်ထောက်တိုင်များအတွင်း ထည့်သွင်းအသုံးပြုရမည့် သံချောင်းများသည်လည်း သတ်မှတ်သံချောင်းအရွယ်အစား ထက်သေးငယ်ခြင်း၊ ပထမ ကွန်ကရစ်လောင်းစဉ်ကလည်း ကွဲအက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း စစ်ဆေးမှုများအရ ဒေသခံပြည်သူများက စိုးရိမ်ပူပန်မှုများ ရှိနေကြသည်။

ထို့ကြောင့် သုံးထပ်ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်ရာတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီမှု မရှိခြင်းတို့ကြောင့် ယင်းဆေးရုံသစ်ကြီး ဆောက်လုပ်နေမှုကို မေ ၁၀ ရက်မှစ၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ယာယီရပ်ဆိုင်းထားရန် ညွှန်ကြားထားကြောင်း သိရသည်။



**ထွန်းကျော်၊ ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ပဲစင်းငုံကို အိန္ဒိယက ဝယ်ယူမည့် သတင်းကြောင့် တောင်သူများဝမ်းသာ



**မန္တလေး မေ ၁၄**
အိန္ဒိယနိုင်ငံက မတ်ပဲနှင့် ပဲတီစိမ်းများကို ပြန်လည်ဝယ်ယူမည့် သတင်းများထွက်ပေါ်ပြီး တစ်ပတ်အကြာ မေ ၁၂ ရက်က ပဲစင်းငုံကိုပါ ထပ်မံ၍ တန်ချိန်နှစ်သိန်း ပြန်လည်ဝယ်ယူမည်ဟု သတင်းများထွက်ပေါ်လာခြင်းကြောင့် မန္တလေးဈေးကွက်တွင် ပဲလောက အပြောင်းအလဲအတွက် ဝမ်းပန်းတသာ ကြိုလင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါပဲများကို အိန္ဒိယနိုင်ငံက ၂၀၁၇ ခုနှစ် မတ်လက ဝယ်ယူမှုရပ်ဆိုင်းထားခဲ့ရာ တစ်နှစ်ကျော်အကြာ မေ ၄ရက်တွင် မတ်ပဲနှင့် ပဲတီစိမ်းကို ပြန်လည်ဝယ်ယူမည့် သတင်းများ ထွက်ပေါ်လာခဲ့ပြီး ယင်းသတင်းကြောင့် ပဲတီစိမ်း၊ မတ်ပဲ ဈေးနှုန်းမှာ မြင့်တက်လာခဲ့ကြောင်း၊ ယခုအခါ ပဲစင်းငုံဈေးမှာလည်း အဆိုပါသတင်းကြောင့် နာရီပိုင်းအတွင်းသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ရှစ်ထောင်နှုန်းခန့် မြင့်တက်သွားကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ပဲစင်းငုံက အခြားသီးနှံထက် စိုက်ပျိုးစရိတ်နည်းပြီး အလွယ်တကူ စိုက်ပျိုးနိုင်တဲ့ သီးနှံဖြစ်လို့ တောင်သူတွေအနေနဲ့ နှမ်းသီးနှံလို အဓိကအားထားပြီး စိုက်ပျိုးနေရတဲ့ သီးနှံဖြစ်တယ်၊ အခုလို ရပ်ဆိုင်းထားတဲ့ ပဲတွေကို ပြန်လည်ဝယ်ယူတဲ့ သတင်းက တောင်သူတွေနဲ့ ကုန်သည်တွေအတွက် ထွက်ပေါက်တစ်ခုဖြစ်သလို အိန္ဒိယနိုင်ငံအနေနဲ့လည်း အော်ဂဲနစ်သီးနှံအဖြစ် စားသုံးရပြီး မြန်မာ့ပဲစင်းငုံဟာ အခြားနိုင်ငံတွေကထွက်တဲ့ ပဲထက် အရသာပိုပြီးကောင်းမွန်တဲ့အတွက် အခုလို ပြန်လည်ဝယ်ယူမှုဟာ နှစ်နိုင်ငံအပြန်အလှန်အကျိုးပြုတဲ့ Win-Win Policy နဲ့ ကိုက်ညီနေတယ်"ဟု ၎င်းကပြောသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဦးက "အိန္ဒိယနိုင်ငံက မတ်ပဲနဲ့ပဲတီစိမ်းလို ပဲစင်းငုံကိုပါ ထပ်မံဝယ်ယူမယ်လို့ ကျွန်တော်တို့လည်း သိရတယ်၊ တန်ချိန် ဘယ်လောက် ဝယ်ယူမယ်ဆိုတာကိုတော့ ပြောလို့မရသေးဘူး၊ ကုန်သည်အသိုင်းအဝိုင်းကတော့ တန်ချိန် နှစ်သိန်းဝယ်ယူဖို့ ရှိတယ် ဆိုပြီး သတင်းတွေထွက်နေတယ်"ဟု ပြောသည်။

ထို့အပြင် နိုင်ငံတော်အနေဖြင့်လည်း ပြန်လည်ဝယ်ယူသည့် ပဲအမျိုးအစားများ၏ တန်ချိန်၊ ဈေးနှုန်း၊ ဝယ်ယူမည့်ကာလများကို ပြည်သူများ သိရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အတိအလင်း ထုတ်ပြန်ပေးစေလိုကြောင်း ဦးစိုးဝင်းမြင့်က ဆက်လက်ပြောသည်။

"ကျွန်တော်တို့ တောင်သူတွေက ပဲစင်းငုံဈေးမကောင်းတဲ့ အတွက် အခုမိုးဦးကျမှာ ပြောင်းနဲ့နှမ်းကို အစားထိုး စိုက်ပျိုးနေကြပြီ၊ အခုလို အိန္ဒိယကပြန်ဝယ်မယ်ဆိုတဲ့ သတင်းက အရင်က စိတ်ပျက်နေတာနဲ့စာရင် ပြုံးနိုင်ရုံအဆင့်တော့ ရောက်သွားပြီ၊ ယခင်ဈေးလို ငွေကျပ် ငါးသောင်းခွဲ၊ ခြောက်သောင်းလောက် ဖြစ်သွားရင်တော့ ပြုံးနိုင်ပျော်နိုင်ပြီပေါ့ဗျာ" ဟု ငါန်းဇွန်မြို့နယ် မင်းကြည်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

လက်ရှိမန္တလေးဈေးကွက်တွင် မေ ၁၁ရက်က သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀ရှိသော ပဲစင်းငုံအသစ်မှာ မေ ၁၂ ရက်တွင် ငွေကျပ် ၄၀၀၀၀ အထိမြင့်တက်လာပြီး ၂၀၁၇ ခုနှစ် လက်ကျန်ပဲစင်းငုံအဟောင်း ဈေးနှုန်းများအနေဖြင့် ၃၅၀၀၀မှ ငွေကျပ် ၄၂၀၀၀ အထိ ရောက်ရှိလာကြောင်း မန္တလေးပဲဈေးကွက်မှသိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဖျာပုံမြို့နယ်မှ ကမ်းဝေးငါးဖမ်းရေယာဉ် ၁၀၀ ကျော်ထွက်ရာမှ အစီး ၂၀ သာ ငါးဖမ်းထွက်ရတော့မည်

**ဖျာပုံ မေ ၁၄**
မြန်မာ့ပင်လယ်ပြင် ငါးသယံဇာတ မရှားပါးရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ မေ ၁၆ ရက်မှ ဩဂုတ် ၁၅ ရက်ထိ (သုံးလ) အား ငါးမဖမ်းရကာလ သတ်မှတ်ထားပြီး ယင်းကာလတွင် ရေလုပ်ငန်းရှင်၊ ရေလုပ်သားများနှင့် ပြည်သူတို့ ငါးစားသုံးမှု အဆင်ပြေစေရေးတို့အတွက် ကမ်းဝေးငါးဖမ်းရေယာဉ် ၂၀ ရာခိုင်နှုန်းကို ငါးဖမ်းခွင့်ပြုထားကြောင်း သိရသည်။

မေ ၁၂ ရက် နံနက်က ဖျာပုံမြို့နယ် ကျားပိုက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသံချောင်းက ဖျာပုံမြို့နယ်တွင် ပင်လယ်ငါးဖမ်းရေယာဉ် ဘုံကျောင်း ၆၃ စီး၊ မျှောပိုက် ငါးဖမ်းရေယာဉ် ၁၀ စီး နှင့် စိန်ပိုက်ငါးဖမ်းရေယာဉ် ၃၂ စီး ရှိကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုထားသည့် ၂၀ ရာခိုင်နှုန်းတွက်ချက်ရာတွင် ငါးဖမ်းရေယာဉ်များ အားလုံးပေါင်းပြီး တွက်ချက်ပါက အခက်အခဲမရှိသော်လည်း လုပ်ငန်းအမျိုးအစား တစ်မယ်ချင်းအလိုက် တွက်ချက်ပါက အောက်ခြေတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးနှင့် သက်ဆိုင်ရာအသင်းအဖွဲ့တို့ ညှိနှိုင်းချက်အရ မေ ၁၆ ရက်တွင် ဖျာပုံမြို့နယ်မှ ဘုံကျောင်း ငါးဖမ်းရေယာဉ် ၁၂ စီး၊ မျှောပိုက် ငါးဖမ်းရေယာဉ် နှစ်စီးနှင့် စိန်ပိုက်ငါးဖမ်းရေယာဉ် ခြောက်စီး ပေါင်း အစီး ၂၀ ငါးဖမ်းထွက်ကြမည်ဖြစ်ကြောင်း ပြောသည်။



ဖျာပုံမြို့နယ်မှ ပုံမှန်အားဖြင့် ငါးဖမ်းရေယာဉ် ၁၀၅ စီး ထွက်ခွာငါးဖမ်းလျက်ရှိရာမှ အစီး ၂၀ သာ ထွက်ခွာငါးဖမ်းခွင့်ရရှိသဖြင့် သတ်မှတ်ကာလအတွင်း ပင်လယ်ငါးနှင့် ငါးခြောက် ငါးဈေးနှုန်းများ မြင့်မားလာနိုင်ကြောင်း လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ငါးဖမ်းရေယာဉ်ပိုင်ရှင်တစ်ဦးကတော့ ငါးမဖမ်းရကာလ သုံးလအစား နှစ်လသာ ဖြစ်သင့်ကြောင်း၊ ငါးဖမ်းလုပ်သားရှားပါးသဖြင့် ၎င်းတို့၏ စားဝတ်နေရေး အဆင်ပြေအောင် စီမံပေးထားရကြောင်း၊ အချို့လုပ်သားများ သင့်လျော်မည့် အလုပ်အကိုင်များ ဖန်တီးပေးပြီး အခြားထောက်ပံ့မှုများလည်း ထောက်ပံ့ပေးထားရကြောင်း ပြောသည်။

ပင်လယ်ငါးဖမ်းရေယာဉ်များ ငါးဖမ်းထွက်ရာတွင် စနစ်တကျဖြစ်စေရေးအတွက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ စိစစ်ခွင့်ပြုခြင်း၊ ဖျာပုံမြို့နယ် ပင်လယ်ဝ ခမင်းဆိပ် ဆိပ်ကမ်းတွင် အဖွဲ့ပေါင်းစုံမှ စစ်ဆေးပြီးသာ ထွက်ခွာရပြီး ပင်လယ်ပြင်တွင်လည်း တပ်မတော် (ရေ)မှ ရေကင်းများ၏ စစ်ဆေးမှုများကို ခံယူဆောင်ရွက်ရကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ CCTV ကင်မရာ တပ်ဆင်မည်

**ရန်ကုန် မေ ၁၄**
ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဒေသလုံခြုံရေးအတွက် လမ်းဆုံလမ်းခွတွင် CCTV ကင်မရာ (လုံခြုံရေး)တပ်ဆင်မည်ဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက်ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ(မှုခင်းအဖြစ်များသည့်နေရာ)လမ်းဆုံလမ်းခွတွင် CCTV ကင်မရာလုံခြုံရေး ၁၆ နေရာကို မေ ၂၅ ရက် နောက်ဆုံးထားပြီး တပ်ဆင်သွားမည်ဖြစ်ကြောင်း မြို့မရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ထံမှ သိရသည်။

**ကျင်မောင်**

# ရမည်းသင်း၌ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ရမည်းသင်း မေ ၁၄**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် ခရိုင်၊ မြို့နယ်မီးသတ်ဦးစီး ဌာနတို့ ပူးပေါင်း၍ ဒုတိယအကြိမ် မီးဘေးကာကွယ်ရေးဆောင်ရွက်ခြင်းကို မေ ၁၁ ရက်က ရမည်းသင်းမြို့ မြို့မဈေးကြီးအတွင်း၌ ပြုလုပ်ခဲ့သည်။

ထိုသို့ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ရာတွင် မီးငြှိမ်းသတ်ယာဉ်သုံးစီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီး၊ မြို့နယ်စည်ပင်သာယာရေးရေသယ်ယာဉ်နှစ်စီးတို့ဖြင့် မီးငြှိမ်းသတ်ခြင်း၊ မီးသတ်ရေသယ်ယာဉ်မှ ရေဖြည့်ဆည်းဆောင်ရွက်ခြင်း၊ ဘေးပတ်ဝန်းကျင် ကူးစက်မှုမရှိစေရန် အပူချိန်လျှော့ချသော အနေအထားဖြစ်အောင် ရေပက်ဖျန်းထားရှိခြင်း စသည်တို့ကို ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းသရုပ်ပြဆောင်ရွက်သည်။ ယင်းနောက် မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်ခြင်းကို ပြောကြားပြီး ဈေးသူ ဈေးသားများက လက်တွေ့ မီးငြှိမ်းသရုပ်ပြကြကြောင်း သိရသည်။ **အတ်ကလေး(ရမည်းသင်း)**

# မြင်းမူမြို့နယ်တွင် တရားမဝင်သစ်ခွဲသားများ ဖမ်းမိ

**မြင်းမူ မေ ၁၄**
မြင်းမူမြို့နယ် မြင်းမူတိုးဂိတ်အနီး၌ တရားမဝင်ပိတောက်ခွဲသားများ တင်လာသောယာဉ်တစ်စီးကို မေ ၁၁ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ သစ်တောဦးစီးဌာနမှ တောအုပ်များနှင့် မြင်းမူမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မြင်းမူတိုးဂိတ်၌ ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ် မုံရွာဘက်မှ ယာဉ်မောင်း စိုင်းစံမင်းဦး မောင်းနှင်လာပြီး တင်ကျော်သက်ဦး လိုက်ပါလာသည့် အေဒီဇင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်ပိတောက်သစ်ခွဲသားများ သယ်ဆောင်လာသည်ကို တွေ့ရှိရသဖြင့် ယာဉ်ကို သစ်တောရုံးဝင်းအတွင်း မောင်းနှင်ပြီး ချတိုင်းစစ်ဆေးရာ ပိတောက်သစ်ခွဲသား ကိုးချောင်း အလေးချိန် ၁ ဒသမ ၁၃၁၆ တန်ကို တွေ့ရှိရ၍ သစ်များ တရားမဝင်သယ်ဆောင်လာသူနှစ်ဦးအား မြင်းမူမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **(၀၇၇)**

# မှုခင်းကျဆင်းရေး စလင်းမြို့နယ်အတွင်းပညာပေး

**စလင်း မေ ၁၄**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကန်ပြားကျေးရွာရဲစခန်းအပိုင် အင်ကြင်းပင်လှအုပ်စု လက်ပံတောကျေးရွာ၌ ပြည်သူများ မှုခင်းကျဆင်းရေးဆိုင်ရာ အသိပညာများ သိရှိစေရန်အတွက် မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းကြိုတင်ကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်လျော့နည်းကျဆင်းစေရေးနှင့် လူကုန်ကူးမှုအန္တရာယ် ပပျောက်ရေး အသိပညာပေးဟောပြောပွဲကို မေ ၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါဟောပြောပွဲတွင် ကန်ပြားရဲကင်းမှူး ရဲအုပ်ခိုင်လင်းက ကျေးရွာနေပြည်သူများအား မှုခင်းများမဖြစ်ပွားရအောင် ကြိုတင်ကာကွယ်ခြင်း၊ မူးယစ်ဆေးဝါး လူကုန်ကူး၊ သက်ငယ်မုဒိမ်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# အရှေ့တောင်အာရှ အာဆီယံစာကြည့်တိုက်မှူးများညီလာခံ အတွေ့အကြုံရှင်းလင်း

**သီပေါ မေ ၁၄**
(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ အာဆီယံစာကြည့်တိုက်မှူးများ ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲနှင့် ရပ်ကွက်၊ ကျေးရွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို မေ ၁၃ ရက်က သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်နီလာစိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အဖွဲ့ဝင်၊ ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်း တွဲဖက်အတွင်းရေးမှူး ဦးမြသန်း (ဇာဏီဟိန်း-သီပေါ) က (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ အာဆီယံ စာကြည့်တိုက်မှူးများညီလာခံ အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။ **စိုင်း(သီပေါ)**




**ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်နှင့် စဉ့်ကူးမြို့နယ်ကြားရှိ ယက္ကန်းစင်တောင်ဒေသအတွင်းမှ ရွှေဂုဏ်တိုင်ကျေးရွာအုပ်စု ကုလားကုန်းကျေးရွာနှင့် ရွှေဂုဏ်တိုင်(၂) ကျေးရွာတို့တွင် သောက်သုံးရေများ လိုအပ်နေသည့်အတွက် မြို့နယ်မီးသတ်တပ်ဖွဲ့၊ ရေနံ့သာ အရန်မီးသတ်တပ်ဖွဲ့နှင့် မတ္တရာလူငယ် လူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ သောက်သုံးရေများကို မေ ၁၂ ရက်က သွားရောက်လှူဒါန်းစဉ်။**
စိုးကျော်သူထွေး(မတ္တရာ)

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ကြီးမြတ်ထွတ်ခေါင် ဇလုံတောင်

**မောင်ယဉ်ကျေး**



ဒီဇင်ဘာနောက်ဆုံးပတ်မို့ ရာသီဥတုကအေးမြလျက်ရှိသလို ဝန်းကျင်တခိုနှင်းမှုန်များက ရစ်သိုင်းလို့နေသည်။ ရှမ်းနှင့်ကဒူး တိုင်းရင်းသားတို့မွေ့ပျော်ရာ ဗန်းမောက်မြို့သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းတည်ရှိပြီး ယခင်ကသစ်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြကာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် မထင်မရှားသာရပ်တည်ခဲ့ရာမှ ကြီးမြတ်ထွတ်ခေါင် ဇလုံတောင်စေတီတော်ကြောင့် ယခုဆယ်စုနှစ်အတွင်း အထူးပင်ထင်ရှားလာသော မြို့လေးတစ်မြို့ဖြစ်ပေသည်။

ကျွန်တော်တို့အဖွဲ့ ယမန်နေ့က မန္တလေးမြို့မှ နံနက် ၇ နာရီခန့်တွင် မန္တလေး-တကောင်း-ထီးချိုင့်လမ်းအတိုင်း ပတ်ဝန်းကျင်၏ အလှအပများကို ကြည့်ရှုခံစားရင်း ခပ်မှန်မှန်လေး မော်တော်ယာဉ်ကို မောင်းနှင်လာခဲ့ကြရာ နေ့လယ်စာစားချိန်တွင်တော့ ဧရာဝတီ မြစ်အနောက်ဘက်ကမ်းရှိ ထီးချိုင့်မြို့သို့ ရောက်ရှိကာ နေ့လယ်စာစားရင်း ခေတ္တအနားယူကြသည်။ ထီးချိုင့်မှ ဆက်ထွက်လာခဲ့ရာ ၁၈ မိုင်ခန့်အကွာအဝေးအရောက်တွင် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာလမ်းမကြီးနှင့် ပေါင်းဆုံသွားပြီး ယင်းလမ်းမကြီးအတိုင်း ဆက်လက် မောင်းနှင်လာခဲ့ကြရာ အင်းတော်မြို့လေးသို့ရောက်ရှိခဲ့ပြီး လမ်းခွဲမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ဆက်လက် မောင်းနှင်လာခဲ့ကြရာ အင်းတော်မြို့နှင့် ၄၃ ကီလိုမီတာကွာဝေးသော ဗန်းမောက်မြို့လေးသို့ နေမစောင်းခင် ရောက်ရှိခဲ့ကြသည်။ လမ်းပန်းဆက်သွယ်ရေးများကား အတော်လေးပင် တိုးတက်ကောင်းမွန်လာပြီဖြစ်သည်။ အင်းတော်နှင့် ဗန်းမောက်မြို့အကြားတွင်တော့ လမ်းအနည်းငယ် ကြမ်းတမ်းသေးသော်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်း-တံတားများပြုပြင်ဆောင်ရွက်နေသည်ကိုတွေ့ရှိရသည့်အတွက် မကြာမီကောင်းမွန်လာတော့မည်ဖြစ်သည်။

**ဈေးနှုန်းချို**

ဗန်းမောက်မြို့လေးကား ဇလုံတောင်စေတီတော်ကြီးကြောင့် ခရီးသည်ဝင်ထွက်မှုများပြားလာပြီဖြစ်သည့်အတွက် ဧည့်ရိပ်သာ အချို့ရှိနေပြီဖြစ်သော်လည်း အဆင့်မီဟိုတယ်၊ မိုတယ်များတော့ လိုအပ်နေပေသေးသည်။ Golden Top ဧည့်ရိပ်သာတွင် ကျွန်တော်တို့အဖွဲ့တည်းခိုကြတော့ နှစ်ယောက် အိပ်ခန်းတစ်ခန်းကို ငွေကျပ်ခြောက်ထောင်သာ ကျသင့်သည်မို့ အံ့သြမိရပါသည်။ သန့်ရှင်းသပ်ရပ်ပြီး ဆက်ဆံရေးလည်း ချိုသာကြပေသည်။ ခဏတစ်ဖြုတ်နားနေကြပြီး ဗန်းမောက်မြို့ထဲလမ်းလျှောက်ထွက်ကာ ညစာစားကြတော့ နှစ် ၂၀ ခန့်ကွဲကွာနေခဲ့ရသည့် ဟင်းလျော်-ဟင်းပေါင်းတွေကို တွေ့တော့ အားရပါးရစားကြပြန်သည်။ ကျသင့်ငွေရှင်းတော့လည်း လူလေးယောက်စားတာ ငွေကျပ်ငါးထောင်ပင် မကျော်၊ ဒီဒေသတွင်ငွေကြေးအတော်အသင့် တန်ဖိုးရှိသေးသည်ကို တွေ့ရသည်။ ထမင်းစားပြီးနောက် ဗန်းမောက်ခေါ်ပုပ်မီးကင်ပူပူလေးကို အကြော်စုံ၊ မုန့်ပေါင်းတွေနှင့် စားကြပြန်တော့လည်း ဈေးနှုန်းက အလွန်ချိုသာနေပြန်သည်။ ဒေသခံများနှင့်စကားစမြည်ပြောကြည့်ရာ ရိုးသားဖြူစင်ကြသည်ကို တွေ့ရသည်။ မေ့မရသော ညတစ်ညပင်ဖြစ်သည်။

လွန်ခဲ့သောနှစ် ၂၀ ခန့်က ကဒူး-ကနန်းတိုင်းရင်းသားတို့ ပျော်စံရာဒေသတွင် နေထိုင်ခဲ့ရသည့်ငယ်ဘဝကို ပြန်ပြောင်းသတိရမိသည်။ ဗန်းမောက်မြို့သူ မြို့သားများနှင့်တွေ့ဆုံရသည်ကို ကွဲကွာနေသောဆွေမျိုးများနှင့် ပြန်လည်ဆုံစည်းရသလိုပင် ခံစားရသည်။

**စနစ်ကျန**

နောက်တစ်ရက် နံနက်စောစောတွင် ဆန်စေးခေါက်ဆွဲနှင့် လက်ဖက်ရည်ကျဆိမ့်လေးသောက်ပြီး ဇလုံတောင်စေတီတော်သို့သွားရောက်ဖူးမြော်ရန်ထွက်ခွာခဲ့ကြသည်။ မော်တော်ယာဉ်ကို နှင်းမှုန်ဖွဲဖွဲကြားမှ မှန်မှန်လေးမောင်းနှင်လာခဲ့ကြရာ မိနစ် ၂၀ ခန့် အကြာတွင် တယ်ပင်ပြန့်စခန်းသို့ ရောက်ရှိလာသည်။ တယ်ပင်ပြန့်စခန်းတွင် ကျွန်တော်တို့၏မော်တော်ယာဉ်များကိုထားခဲ့ပြီး တောင်တက်ယာဉ်လိုင်းမှမော်တော်ယာဉ်ဖြင့် တက်ရမည်ဖြစ်သည်။ မြင့်မားမတ်စောက်ပြီး အချိုးအကွေ့လည်းများသလို ရေတိုက်စား ထားသည့်မြေသားလမ်းအတော်များများရှိနေသည့်အတွက် စက်အားကောင်းလှသည့် ၄×၄ ယာဉ်များကို လမ်းအထာကျွမ်းကျင်သည့် ယာဉ်မောင်းများက မောင်းနှင်မှသာ ဘုရားဖူးခရီးသည်များ အန္တရာယ်ကင်းမည်ဖြစ်သည်။ ယာဉ်စီးခတစ်ဦးကို ငွေကျပ်သုံးထောင် ပေးရပါသည်။ အသွား-အပြန်ခဆိုလျှင် ငွေကျပ်ခြောက်ထောင် ကျသင့်ပြီး ယာဉ်တစ်စီးလျှင် ၁၅ ဦးသာတင်ပါသည်။ ဒီနေရာတွင်တစ်ခု ပြောလိုသည်မှာ ဤယာဉ်လိုင်းသည် သက်တမ်းနုနယ်သေးသော်လည်း စီမံခန့်ခွဲမှုအပိုင်းတွင် စနစ်ကျနသည့်အတွက် ခရီးသည်များ ကျိုက်ထီးရိုးတောင်တက်ရသလို အလုအယက်တက်ရသည်မျိုးမရှိပေ။ ချီးကျူးမိပါ၏။

**အေးချမ်းလှ**

မော်တော်ယာဉ်ထွက်လာသည့်အခါ ယာဉ်စီးခငွေကျပ်သုံးထောင်မှာ အလွန်ပင်တန်ကြောင်း တွေ့ရှိရပေသည်။ တကယ့်ကို မတ်စောက်သောတောင်ကြီးတွေကို ရင်တဖိုဖိုအသည်းတယားယားဖြင့် တက်ရပေသည်။ အချို့နေရာများမှ ခွေးတမော့ စိုင်တမော့ပမာ ၉၀ ဒီဂရီနီးပါး မတ်စောက်လွန်းလှသဖြင့် တစ်စီးပြီးမှတစ်စီးမောင်းနှင်ရသလို အတက်-အဆင်း ယာဉ်များ အန္တရာယ်ကင်းစေရန် တာဝန်ရှိသူများက စကားပြောစက်ဖြင့် ထိန်းညှိကွပ်ကဲပေးနေကြရပါသည်။ ဒါကြောင့်လည်း ရှစ်မိုင်မျှသာ ရှိသောခရီးကို ၄၅ မိနစ် တစ်နာရီနီးပါး မောင်းနှင်ရခြင်းဖြစ်ပေသည်။ သဘာဝတောတောင်များကားကြီးမားစွာ မပျက်မယွင်းသေးသည့်အတွက် နိုင်ငံခြားသားများ အထူးနှစ်ခြိုက်နိုင်သည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ထူထောင်ရန် အလွန်သင့်လျော်သော ဒေသတစ်ခု ဖြစ်ပေသည်။ မြင့်မားမိုင်းညို့နေသည့် သဘာဝသစ်တောကြီးတွေက တကယ်ပင်အေးချမ်းလှပေသည်။ အကယ်၍ ဤဒေသအား ခရီးသွားလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက လျှပ်စစ်မီးနှင့် မော်တော်ကားလမ်းကိုသာ ကောင်းမွန်အောင်ဆောင်ရွက်ပြီး ကျန်သဘာဝအလှများကိုတော့ ဂေဟစနစ်မပျက်စီးစေရန် သဘာဝအတိုင်း ထားစေလိုပါသည်။

**ဆေးရေးမမီ**

ဘုရားဖူးမော်တော်ယာဉ်များသည် ဇလုံတောင်မရောက်မီ လမ်းခုလတ်ရှိ ကျောက်မဏ္ဍပ်သို့ ဦးစွာပို့ပေးပါသည်။ ကြီးမားကျယ်ပြန့် လှသောကျောက်ဖျာကြီးအုပ်မိုးထားသည့် ကျောက်မဏ္ဍပ်ကြီးကလည်း တကယ့်ကို ရင်သပ်ရှုမောဖွယ်ရာပင်၊ ကျောက်မဏ္ဍပ်စေတီတော်အတွက် ကျောက်မဏ္ဍပ်အတွင်းတွင် ဆင်းတုတော်တစ်ဆူရှိပြီး ကျောက်ဆန်အိတ်၊ ကျောက်ပန်းကန်၊ ကျောက်လှေ၊ ကျောက်မောင်းဆုံများကလည်း စိတ်ဝင်စားစရာပင်။ ကျောက်ဖျာကြီးအပေါ်ရှိ စေတီတော်အား တက်ရောက်ဖူးမြော်ကြည့်ရာ သဘာဝပတ်ဝန်းကျင်အလှကား ဆေးရေးမမီသည့် ပန်းချီကားတစ်ချပ်အသွင်ပင်၊ မြောက်ဘက်နှစ်မိုင်ခန့်အကွာတွင်တော့ ဇလုံတောင်ကြီးကို မှုန်ပျပျ မြူခိုးတွေကြား ကြည်နူးဖွယ်ရာဖူးတွေ့ရလေသည်။ ကျောက်မဏ္ဍပ်စေတီတော်အတွက် အလှူငွေများထည့်ဝင်လှူဒါန်းပြီးနောက် ဧည့်ခံကျွေးမွေးသည့် ဆီးဖြူသီးဆားရည်စိမ်လေးက အမောပြေစေသလို ချင်းလက်ဖက်သုပ်နှင့် ရေနွေးကြမ်းကလည်း တောခေါင်ခေါင်မှ နတ်သုခာလေးပင်ဖြစ်ပေသည်။

ကျောက်မဏ္ဍပ်မှ ဆက်လက်ထွက်ခွာလာကြတော့ လမ်းက ပိုမို၍ပင် မတ်စောက်လာပေတော့သည်။ တစ်ချိန်က ဤနေရာဒေသသည် သောင်းကျန်းသူတို့ လွှမ်းမိုးရာဒေသ ဖြစ်ခဲ့သည့်အတွက် လူသူအရောက်အပေါက်နည်းလှသည့် ပီဘိတောကြီးမျက်မည်း ဖြစ်လေသည်။ ၁၉၉၀ ပြည့်နှစ်တွင်မှ ဒေသခံသံဃာတော်များက ခက်ခဲစွာ ရှာဖွေဖော်ထုတ်နိုင်ခဲ့သည့်အတွက် ယခုအခါ လူအများ လွယ်ကူစွာ သွားရောက်ဖူးမြော်နိုင်ကြခြင်း ဖြစ်ပေသည်။

ကောဇာသက္ကရာဇ် ၁၂၃ ခု၊ ဝါတော် ၂၀ အရတွင် ဂေါတမဗုဒ္ဓဘုရားရှင်သည် နောက်ပါရဟန္တာအရှင်သူမြတ်ငါးရာခြံရံလျက် သိကြားမင်းဖန်ဆင်းအပ်သော နတ်ပန်းရထားဖြင့် ကောင်းကင်ခရီးမှ ကြွမြန်းလာခဲ့ရာ အရှေ့အရပ်တွင် ဧရာဝတီ၊ အနောက်အရပ်တွင် သလ္လာဝတီ စသည့် မြစ်နှစ်သွယ်တို့၏ အလယ်ဗဟိုတွင်ရှိသော ဂေါဒေါပလ္လင်တောင်တော်တွင် ရောပထနတ်နဂါးမင်း သားအဖ၏ လျှောက်ထား တောင်းပန်မှုကြောင့် ခုနစ်ရက်တာမျှ သီတင်းသုံးတော်မူကာ နတ်နဂါးမင်းသားအဖကပ်လှူသည့် ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပါသည်။ ဆွမ်းဘုဉ်းပေးပြီးနောက် ကျန်ရှိသော ဆွမ်းထမင်းဟင်းများအား စိန်ရွှေငွေကျောက်သံ ပတ္တမြားများ ဖြစ်ပါစေသားဟု အဓိဋ္ဌာန်ပြုလျက် ဂေါဒေါပလ္လင်တောင်၏ ဝဲယာရှေ့နောက်အား ကြဲဖြန့်တော်မူလေသည်။ ထို့ကြောင့်လည်း ဤတောင်ကြီးအား ဗဟိုပြုလျက် မြောက်ဘက်ရှိ ဖားကန့်ဒေသတွင် ကျောက်စိမ်းတွင်းများ၊ အရှေ့ အနောက်၊ တောင်အရပ်တို့တွင် ရွှေတွင်းများ ပေါများစွာတည်ရှိနေသလို အဖိုးတန်ရတနာကျွန်းသစ်များလည်း လွန်စွာပေါများလှခြင်းဖြစ်သည်ဟု ဒေသခံများက ယုံကြည်ကြပေသည်။

**မော်ကွန်းတင်**

ထို့အပြင် ဗုဒ္ဓဘုရားရှင်သည် 'ညီဘွားအာနန္ဒာ ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျဘုရားရှင်သည် အောင်မြေခေါ်အပ်ဤဂေါဒေါပလ္လင်တောင်ကလပ်တွင် ငါဘုရားကဲ့သို့ အလှူခံယူတော်မူကာ တရားထူးကို ဟောကြားတော်မူလိမ့်မည်'ဟု ဗျာဒိတ်တော်ပေးခဲ့သည့်အတွက် သံတောင် ၄၄၄ တောင်အမြင့်ရှိသည့် ဤတောင်တော်အား အရိမေတ္တေယျဘုရားရှင်တရားဦးဟောမည့် သလွန်တောင်ဟု တွင်ခဲ့ပေသည်။ နောင်မှ ဒေသခံများက ဇလုံကြီးမှောက်ထားသည့် အသွင်ရှိသည့်အတွက် ဇလုံတောင်ဟု ခေါ်ဝေါ်ခဲ့ကြသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်ပေသည်။

သက္ကရာဇ် ၄၉၂ ခုနှစ်တွင် ရှင်အရဟံဟု မြန်မာ့သမိုင်းတွင် ထင်ရှားသည့် ရှင်ဓမ္မဒဿီနှင့် တပည့်ဖြစ်သူ ရှင်အာစရတို့သည် ဇလုံတောင်သို့ ကြွရောက်လာကြပြီး ဣန္ဒာသရ လိုတရချမ်းသာကြီး အောင်တော်မူ-အောင်ဆုယူစေတီများအား ပထမဦးစွာ တည်ထားတော်မူလေသည်။ တစ်ဖန် သက္ကရာဇ် ၁၂၁၁ ခုနှစ်တွင် ဝိဇ္ဇာမဟိဒ္ဓိအရှင်ဟု ထင်ရှားသည့် ဘုန်းတော်ကြီးဦးသာအေးက အောင်တော်မူ-အောင်ဆုယူစေတီတော်များအား ပြန်လည်ပြုပြင်မွမ်းမံကာ "အောင်ကျော်အေးအောင် ဇလုံတောင်"ဟု သာသနာ့ မော်ကွန်းတင်ခဲ့လေသည်။

ဇလုံတောင်ဟု ထင်ရှားသည့် ကျောက်တောင်တော်ကြီးမှာ ခမည်းတော်တောင်နှင့် မယ်တော်တောင်ဟူ၍ ကြီးမားသော တောင်ကြီးနှစ်လုံး ပူးတွဲတည်ရှိနေပြီး ထိုတောင်ကြီးနှစ်လုံး၏ အရှေ့ဲ-ယာတွင် အနည်းငယ်သေးသော သမီးတော်တောင်နှင့် သားတော်တောင်ဟု ခေါ်တွင်သော တောင်နှစ်လုံးပူးတွဲတည်ရှိပါသည်။ လွန်ခဲ့သော နှစ် ၅၀ ခန့်က သမီးတော်တောင်ဟု ခေါ်တွင်သော ကျောက်တောင်ကြီးပြိုကျသွားခဲ့ရာ ဗန်းမောက်နယ်တစ်နယ်လုံးသိမ့်သိမ့်တုန်မြည်ဟည်းသွားခဲ့ပြီး သမီးတော်မှာ ခိုးရာလိုက်ပြေးသည်ဟု ဒေသခံများက ယုံကြည်ကြပါသည်။

သက္ကရာဇ် ၁၂၇၆ ခုနှစ်တွင် ကန်ရွာကျောင်းဆရာတော်နှင့် တိုက်နယ်သူကြီး ဦးရွှေသီးတို့က ဦးဆောင်ကာ ရပ်နီးရပ်ဝေးမှ ဒါယကာများ၏ ကုသိုလ်ကောင်းမှုဖြင့် ကြေးချိန် ၂၅ ပိဿာရှိသော ခေါင်းလောင်းသွန်းလုပ်လှူဒါန်းခြင်း၊ ၁၂၉၇ ခုနှစ်တွင် သောင်သွတ်နယ် ဝဲတက်ရွာဇာတိ အရှင်ကုဝေရက သားတော်တောင်တွင် ဂန္ဓကုဋိတိုက်စေတီ ငါးဆူတည်ထားခြင်း၊ ဉာဏ်တော် လေးပေရှိ ပဉ္စလောဟာ ဗျာဒိတ်ပေးလိုတိုင်းပြည့် ဗုဒ္ဓရုပ်ပွားတော် သွန်းလောင်းလှူဒါန်းခြင်းတို့ဖြင့် တတိယအကြိမ်သာသနာပြုတော်မူခဲ့လေသည်။

တစ်ဖန် ၁၃၁၁ ခုနှစ်တွင် စက်တောကုန်းရိုးကြီးကျောင်းဆရာတော်ကြီးမှ ဦးဆောင်ကာ အောင်ဆုယူ-အောင်တော်မူစေတီတော်များအား မွမ်းမံကာ ရွှေထီးတော်အသစ်တင်လှူ၍ သာသနာပြုခဲ့ကြပါသည်။ ယခုလက်ရှိ ဇလုံတောင်သာသနာ့နယ်မြေ စည်ပင်ထွန်းကားရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေတော်မူသည်မှာ မန္တလေးမြို့ ဥပုသ်တော်ရပ် စတုဘုမ္မိက ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိဇယ အရှင်သူမြတ်ဖြစ်၏။ ဆရာတော်ကြီးသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တပည့်ဒါယကာ ဒါယိကာမများ၏ သာသနာ့နုဂ္ဂဟဖြင့် ဇလုံတောင်သာသနာ့နယ်မြေ စည်ပင်ထွန်းကားလာရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ခဲ့လေသည်။ ယခင်က တောတိုးသွားလာခဲ့ကြရာမှ ၂၀၀၄ ခုနှစ်မှစတင်ကာ လမ်းအူကြောင်းသစ်ရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ တောင်ခြေတယ်ပင်ပြန့်သို့အရောက် မော်တော်ကားလမ်းပေါက်နေပြီဖြစ်ကာ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများအဆင့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (ယခင်က ပင်လည်ဘူးမြို့ဘက်မှနေ၍ ဘုရားဖူးများမှာ ခက်ခဲစွာ တောတိုးသွားလာခဲ့ရကြောင်း ဒေသခံများထံမှ သိရသည်။-စကားချပ်)

"ဇလုံတောင်အရှင် စာရင်းမဝင်ရင် မေတ္တာရှင်နဲ့ လွဲရမယ်" ဟု ဤဒေသတွင် စာဆိုရှိပေသည်။ ဆိုလိုသည်မှာ ခမည်းတော်တောင်နှင့် မယ်တော်တောင်ဟူသည့် ကျောက်တောင်ကြီးနှစ်ခုအကြားတွင် မတ်စောက်၍ ကွေ့ဝိုက်ကာတက်ရသည့် ကျဉ်းကျပ်သည့် ကျောက်တံခါးရှိလေသည်။ အဆိုပါ ကျောက်တံခါးအား အကုသိုလ်များသူများ မဝင်နိုင်ဟု အယူရှိပါသည်။ အမှန်တကယ်လည်း ကျောက်တံခါးအား မဖြတ်ကျော်နိုင်သဖြင့် ငိုယိုကာ ပြန်သွားရသူများ အမြောက်အမြားရှိကြောင်း ဒေသခံများက ရှင်းပြပါသည်။ အဆိုပါ ကျောက်တံခါးကို ဖြတ်ကျော်၍ တောင်ထိပ်ပေါ်တွင် စံပယ်တော်မူနေသည့် ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်နိုင်မှသာလျှင် နောင်ပွင့်တော်မူလတ်သော အရိမေတ္တေယျဘုရားရှင်အား ဖူးမြော်ခွင့်ရရှိကြမည်ဟုအဆိုရှိကာ တောင်တော်အား စောင့်ရှောက်ကာ သာသနာပြုနေသည့် ဇလုံတောင်အရှင်ကြီးအားလည်း ရိုသေကြသည်ကို တွေ့ရှိခဲ့ရပေသည်။

ဗန်းမောက်၊ ပင်လည်ဘူး၊ အင်းတော်၊ ကသာမြို့တို့အနီးတွင်တည်ရှိပြီး နက်ရှိုင်းလှသည့် တောတောင်လျှိုမြောင်တို့၏ အကြား ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၉၀ ကျော်တွင် ထူးခြားသပ္ပာယ်စွာစံပယ်တော်မူနေသည့် ကြီးမြတ်ထွတ်ခေါင် ဇလုံတောင်စေတီတော်ကြီးကား ယခုအခါ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်နေပြီဖြစ်သည့်အတွက် နေ့ညမပြတ် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိနေပြီဖြစ်သလို အသစ်အသစ်သော ဘုရားဖူးများကို ဝဲတဲတဲစကားသံလေးများဖြင့်ကြိုဆိုနေကြသော ကဒူးတိုင်းရင်းသူလေးများ၏ ချစ်စရာယဉ်ကျေးမှုများကိုလည်း လေ့လာရင်း ဘုရားလည်းဖူး အပန်းလည်းပြေစေဖို့ တစ်ခါတစ်ခေါက် လာရောက်ကြပါရန် ဖိတ်ခေါ်လိုက်ရပေသည်။ ။

# ကော့သောင်းမြို့ ဗျူးပွိုင့်ရှိ ကြိုဆိုပါ၏ဆိုင်းဘုတ်မှ စာလုံးအချို့ ဖျက်ဆီးခံရ

**ကော့သောင်း မေ ၁၄**

ကော့သောင်းမြို့သို့ ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် စတင်ဝင်ရောက်လာပါက မြို့အဝင် သီရိမြိုင်ရပ်ကွက်ဝန်းကျင်နေရာသည် အက်ဒမန်ပင်လယ်ဝရှိ ကျွန်းများကို မြင်နိုင်သလို သာယာလှပသည့် အပေါ်စီး ရှုခင်းများကြောင့် မြို့သို့လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အမှတ်တရ ဓာတ်ပုံရိုက်မှတ်တမ်းတင်ကြသည့် နေရာဖြစ်ကာ မြို့ခံပြည်သူများ အပန်းဖြေအနားယူခြင်းဖြင့် အစဉ်စည်ကားလျက်ရှိသည့် နေရာတစ်ခုလည်း ဖြစ်သည်။




အဆိုပါ ကော့သောင်းမြို့အဝင်နေရာကို ပိုမိုသာယာလှပရေးနှင့် လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပ ခရီးသွားများ ဓာတ်ပုံရိုက်ကူးရာတွင် မြန်မာနိုင်ငံတောင်ဘက်စွန်းရောက်အမှတ်တရ ဖြစ်စေရန် ရည်ရွယ်လျက် ဗျူးပွိုင့်နေရာ ကော့သောင်း-ဘုတ်ပြင်း ကားလမ်းဘေးတွင် Welcome To KAW THAUNG ဆိုင်းဘုတ်နှင့် အလှ လင်းပိုင်ငါးအရုပ်များ ပြုလုပ်ပေးထားရာ အဆိုပါဆိုင်းဘုတ်မှ စာလုံးအချို့ကို မေ ၁၁ ရက် ညပိုင်းက စည်းကမ်းမဲ့သူများ၏ဖျက်ဆီးမှု ခံခဲ့ရကြောင်းသိရသည်။

အဆိုပါ ဆိုင်းဘုတ်ကို မြို့အင်္ဂါရပ်နှင့်အညီ လှပတင့်တယ်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပေးထားခြင်းဖြစ်ရာ ဆိုင်းဘုတ်မှ စာလုံးတစ်ချို့ကို ဖျက်ဆီးခဲ့သူများအား စုံစမ်းဖော်ထုတ်ကာ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် မြို့တာဝန်ရှိအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# လူကုန်ကူးခံရသူ အမျိုးသမီးငယ်တစ်ဦးအား တရုတ်နိုင်ငံမှ လာရောက်လွှဲပြောင်းပေး

**ဗန်းမော် မေ ၁၄**

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသူ မြစ်ကြီးနားမြို့နယ် မော်ဖောင်ကျေးရွာနေ အသက် ၁၇ နှစ်အရွယ် မိန်းကလေးတစ်ဦးအား တရုတ်နိုင်ငံ ကျန်းဖုန်းခရိုင် မူခင်းရဲတပ်ဖွဲ့မှ မစ္စတာရန်စိမ်းလုံနှင့် တာဝန်ရှိသူများအဖွဲ့က မြန်မာတာဝန်ရှိသူများထံသို့ ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ တရားဝင်နယ်စပ်ဝင်ထွက်ဂိတ်(၂)တွင် မေ ၁၂ ရက်က လာရောက်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

လူကုန်ကူးခံရသည့် မိန်းကလေးအား လွယ်ဂျယ်မြို့လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် ၂ မှ တာဝန်ရှိသူများက လက်ခံကြိုဆိုခဲ့ပြီး မိဘနေရပ်ထံ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက်လည်း လွယ်ဂျယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၎င်းအား တရုတ်နိုင်ငံသို့ ရောင်းစားခဲ့ကြသည့် ကျော်နိုင်နှင့် အဲလီဇဘတ်တို့ကိုလည်း မြစ်ကြီးနားမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

အဆိုပါ လူကုန်ကူးခံရသူ မိန်းကလေးအား ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်းက မော်ဖောင်ကျေးရွာနေ မနန်းနန်းအေးနှင့်အတူ ကိုမျိုး(ခ)ကျော်နိုင်တို့က ပြင်ဦးလွင်မြို့ အထည်ဆိုင်တွင် အလုပ်သွင်းပေးမည်ဟု ပြောဆိုစည်းရုံး ခေါ်ဆောင်သွားပြီးနောက် ကျော်နိုင်က ၎င်း၏ဇနီးဖြစ်သူ မနူးနူး(ခ)ခေါ်လေ့(ခ)အဲလီဇဘတ်ထံသို့ ပို့ဆောင်ကာ တရုတ်နိုင်ငံ ပေါက်စန်းမြို့ရှိ တရုတ်အမျိုးသားတစ်ဦးထံ ယွမ် ၁၅၀၀၀ ဖြင့် ရောင်းစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့နောက် ပေါက်စန်းမြို့တွင် ခင်မင်ရင်းနှီးခဲ့သူ မစုလှိုင်ဆိုသူက အဆိုပါ တရုတ်အမျိုးသားထံမှ ခေါ်ဆောင်ခဲ့ပြီးနောက် ကျန်စူးပြည်နယ် လီခွမ့်ကျန်မြို့ရှိ တရုတ်အမျိုးသား ကျန်းချင်းဆိုသူထံသို့ ယွမ် ၁၁၀၀၀၀ ဖြင့် ထပ်မံရောင်းစားခံခဲ့ရပြီးမှ လွယ်ဂျယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ဆက်သွယ်၍ လီချွမ့်ကျန်ရဲစခန်းက လာရောက်ကယ်တင်ပြီး ယခုလို မြန်မာနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြန်မာနိုင်ငံ ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာအသင်း ဖွဲ့စည်းမည်

**ရန်ကုန် မေ ၁၄**

ရေကြောင်းလျှပ်စစ်နည်းပညာများ ပြန့်ပွားတိုးတက်လာပြီး မျိုးဆက်သစ်လူငယ်များအား အသိပညာများ ဖြန့်ဝေပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာများအသင်းကို စတင်ဖွဲ့စည်းမည်ဖြစ်ပြီး အသင်းဖွဲ့စည်းရေး အစည်းအဝေးတစ်ရပ်ကိုလည်း ရန်ကုန်မြို့ သိမ်ဖြူသင်္ဘောကျင်း အစည်းအဝေးခန်းမ၌ မေ ၁၂ ရက်က ပြုလုပ်ခဲ့ကာ ယာယီအသင်းကိုလည်း ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီအသင်းဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်ကတော့ ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာတွေ တစ်စုတစ်ဝေးတည်း တွေ့ဆုံပြီး အသိပညာတွေ၊ အတွေ့အကြုံတွေ ဖလှယ်နိုင်ဖို့ဖြစ်ပါတယ်၊ ဒီကနေတစ်ဆင့် ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာ အတတ်ပညာတွေကို မြန်မာလူငယ် မျိုးဆက်သစ်တွေကို မျှဝေပေးဖို့ဖြစ်ပါတယ်၊ လူမှုရေးအသင်းအဖွဲ့ဖြစ်ပါတယ်"ဟု အသင်းယာယီဥက္ကဋ္ဌ ဦးညွန့်ဦးက ပြောသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ မှတ်ပုံတင် ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာ ၄၀၀၀ ခန့်ရှိကြောင်း၊ သို့သော်လည်း ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာများမှာ အငြိမ်းစားယူမှု များပြားလာခြင်းနှင့် လူငယ်မျိုးဆက်သစ်များမှာ သင်တန်းအသီးသီးသို့ တက်ရောက်နေခြင်းတို့ကြောင့် အမှန်တကယ် သင်္ဘောလိုက်နေသော ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာ အရေအတွက်မှာ ရာဂဏန်းမျှသာရှိနေကြောင်း၊ နိုင်ငံတကာ သင်္ဘောသားဈေးကွက်တွင် မြန်မာရေကြောင်းလျှပ်စစ်အင်ဂျင်နီယာ လိုအပ်ချက်မှာ မြင့်မားလျက်ရှိကြောင်း ၎င်းကဆက်ပြောသည်။

ယာယီအဖြစ် အသစ်ဖွဲ့စည်းလိုက်သည့် မြန်မာနိုင်ငံ ရေကြောင်းလျှပ်စစ် အင်ဂျင်နီယာအသင်းကို ရန်ကုန်မြို့၌ အခြေစိုက်ထားရှိမည်ဖြစ်ကြောင်း၊ အသင်းအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် လိုအပ်ချက်ဖြစ်သော လျှပ်စစ်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ တိုးပွားစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အသင်းကတာဝန်ယူ၍ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ပညာရှင်များအား ဖိတ်ခေါ်ကာ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**



# သောက်သုံးရေအခက်ကြုံနေသည့် ကျေးရွာနှစ်ရွာသို့ ရေများသွားရောက်လှူဒါန်း

**ညောင်ဦး မေ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ချောင်းဝကျေးရွာနှင့် ရွာသစ်တောင်ကျေးရွာတို့တွင် ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရသဖြင့် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ရတနာဘုံစံတောရကျောင်း ဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာ(ရေ/သွေး) ပရဟိတအသင်းမှ အသင်းသားများက သုမင်္ဂလာရေလှူအသင်း၊ ဇော်မိသားစု ရေလှူအသင်းတို့နှင့် ပူးပေါင်း၍ မေ ၁၂ ရက်က သောက်သုံးရေများ ကျေးရွာအရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



ကျေးရွာများ၌ သောက်သုံးရေ အခက်ကြုံချိန်များတွင် ယခုကဲ့သို့ ပရဟိတ ရေအလှူအသင်းများက သောက်သုံးရေများ လာရောက်လှူဒါန်းပေးခြင်းကြောင့် ဒေသခံ ကျေးလက်နေပြည်သူများအတွက် များစွာ အဆင်ပြေစေကြောင်း ဖြူစင်မေတ္တာ ပရဟိတအသင်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဝင်းမင်းထွန်းက ပြောသည်။

ဖြူစင်မေတ္တာ ပရဟိတအသင်း၊ သုမင်္ဂလာ ရေလှူအသင်းနှင့် ဇော်မိသားစု ရေလှူအသင်းတို့ ပူးပေါင်းအဖွဲ့က ရေသယ်ယာဉ်များဖြင့် ရေများသွားရောက်လှူဒါန်းခဲ့ရာတွင် ချောင်းဝကျေးရွာမှ ပြည်သူများအတွက် ရေဂါလံ ၄၅၀၀ နှင့် ရွာသစ်တောင်ကျေးရွာအတွက် ရေဂါလံ ၄၅၀၀၊ စုစုပေါင်း ရေဂါလံ ၉၀၀၀ တို့ကို စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပင်လည်ဘူးမြို့၌ ချောင်းကူးကြိုးတံတားနှင့် ကျေးရွာတွင်း ကျောက်ချောလမ်းဖွင့်

**ပင်လည်ဘူး မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် မြေလင်းကျောင်းစုကျေးရွာနှင့် မြေလင်းစက်စုကျေးရွာကြားရှိ ချောင်းကူးကြိုးတံတားနှင့် မြေလင်းစက်စုကျေးရွာတွင်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို မေ ၁၂ ရက်က အဆိုပါလမ်းနှင့်တံတားထိပ်တွင် ကျင်းပခဲ့သည်။

ချောင်းကူးတံတားကို ကျောင်းစုကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်နှင့် မြေလင်းရဲစခန်းမှူး ရဲအုပ်ထွန်းသာဝေတို့က ဖွင့်လှစ်ခဲ့ပြီး စက်စုကျေးရွာတွင်း ကျောက်ချောလမ်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်နှင့် မြို့နယ်လူထုဖဟိုပြုစီမံကိန်း တာဝန်ခံ ဦးကျော်သူဝင်းတို့က ဖွင့်လှစ်ခဲ့သည်။

ကြိုးတံတားကို မြေလင်းကျောင်းစုရွာ ဆရာတော် ဦးဆောင်၍ ကျေးရွာနေပြည်သူများနှင့် အလှူရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် ကျပ်သိန်း ၁၅၀ အကုန်အကျခံ တည်ဆောက်ခဲ့ကာ အရှည် ၁၇၄ ပေ၊ အကျယ် ငါးပေရှိပြီး ကျောက်ချောလမ်းကို လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်း ရန်ပုံငွေ ကျပ် ၁၃၅ သိန်းကျော်ဖြင့် ခင်းခဲ့ကာ လမ်းအရှည် ၄၂၆၀ ပေ၊ အကျယ် ၁၂ပေ ရှိကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# သံဓာတ်နှင့် သံဓာတ်ချို့တဲ့မှု အသိပညာပေး ရက်သတ္တပတ်လှုပ်ရှားမှု ပထမအကြိမ်ပြုလုပ်

**ရန်ကုန် မေ ၁၄**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် သံဓာတ်နှင့် သံဓာတ်ချို့တဲ့မှုအကြောင်း အသိပညာပေး ရက်သတ္တပတ်လှုပ်ရှားမှုကို အနုပညာရှင် ဆရာဝန်များနှင့် Nestle Myanmar ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်း၌ မေ ၁၁ ရက်မှ ၁၃ ရက်အထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပန်းခြံသို့ လာရောက်အပန်းဖြေကြသော ပြည်သူများနှင့် ကလေးငယ်များတွင် သံဓာတ်ချို့တဲ့မှု ရှိ/မရှိကို ဆရာဝန်များက မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ အခမဲ့ စစ်ဆေးပေးပြီး ကလေးငယ်များအတွက် ဂိမ်းအစီအစဉ်များလည်း ကျင်းပပေးကာ ဆုလက်ဆောင်များပေးအပ်လျက် Nestle Myanmar မှ အာဟာရဆိုင်ရာ ဆရာဝန်တစ်ဦးက သံဓာတ်နှင့် သံဓာတ်ချို့တဲ့မှုအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ ထို့အပြင် မေ ၁၁ ရက်တွင် အဆိုတော် နီနီခင်ဇော်က သံဓာတ်ချို့တဲ့မှုပတ်သက်၍ အတွေ့အကြုံများကို မျှဝေခဲ့ပြီး မေ ၁၂ ရက်တွင် အဆိုတော် ဖြူဖြူကျော်သိန်းကလည်းကောင်း၊ မေ ၁၃ ရက်တွင် ရုပ်ရှင်သရုပ်ဆောင် သဇင်နွယ်ဝင်းကလည်းကောင်း သံဓာတ်နှင့်ပတ်သက်သော အတွေ့အကြုံများကို ပန်းခြံသို့လာရောက်ကြသည့် ပြည်သူများအား မျှဝေပေးခဲ့ကြသည်။

လှုပ်ရှားမှုပြုလုပ်ခြင်းနှင့်ပတ်သက်၍ Nestle Myanmar မှ တာဝန်ရှိသူတစ်ဦးက "သံဓာတ်အသိပညာပေး ရက်သတ္တပတ်လှုပ်ရှားမှုကို ကျင်းပရတဲ့ ရည်ရွယ်ချက်က မြန်မာနိုင်ငံမှာရှိတဲ့ မိသားစုတွေအနေနဲ့ မိမိချစ်ရတဲ့သူတွေကို သံဓာတ်ချို့တဲ့မှုမှ ကင်းဝေးစေဖို့ပဲဖြစ်ပါတယ်"ဟု ပြောသည်။ သံဓာတ်ချို့တဲ့မှု ဖြစ်ပေါ်ရခြင်းမှာ သံဓာတ်ကြွယ်ဝသော အစားအစာများကို နေ့စဉ်ပုံမှန် မစားသောက်ခြင်းကြောင့်ဖြစ်ကာ သံဓာတ်ချို့တဲ့မှုကို ကာကွယ်ပါက သွေးအားနည်းရောဂါကိုလည်း ကာကွယ်ရာရောက်စေသည်ဟု သိရသည်။



**သတင်း - သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# အိမ်သုံးဆိုလာများတပ်ဆင်ပေးပြီးနောက် မီးလောင်မှုမဖြစ်စေရန် အသိပညာပေး

**ဘားအံ မေ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိကျေးလက်ဒေသများမှ ပြည်သူများ၏ နေအိမ်များ၌ မီးရရှိရေးအတွက် တစ်အိမ်သုံးဆိုလာများကို ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ဆင်ပေးခဲ့ပြီးဖြစ်ရာ အဆိုပါ ဆိုလာစနစ်အသုံးပြုရာတွင် မီးလောင်မှုမဖြစ်စေရေးအတွက် စနစ်တကျ အသုံးပြုမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မေ ၁၂ ရက်က ကရင်ပြည်နယ် ဘားအံမြို့ စုပေါင်းရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

"ပြီးခဲ့တဲ့ ဧပြီလက သာမညကျေးရွာမှာ ဘက်ထရီအိုး အပူချိန်လွန်ကဲရာမှ မီးလောင်ခဲ့ပြီး နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ပါတယ်။ အဲ့ဒီလိုဖြစ်ရပ်မျိုး အခြားကျေးရွာများမှာ မဖြစ်ပေါ်စေဖို့အတွက် ပြည်နယ်အစိုးရရဲ့ ညွှန်ကြားမှုဖြင့် ဆိုလာပြားသုံးစွဲမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်တာဖြစ်ပါတယ်။ ပြင်ပဈေးမှ ဝယ်ယူသုံးစွဲခဲ့ပြီး ဆိုလာပြားမှတစ်ဆင့် Controller မခံဘဲ တိုက်ရိုက် သွယ်တန်း တပ်ဆင်သုံးစွဲမှုကြောင့် နေ့ခင်း အပူချိန်မြင့်မားတဲ့အခါ ဘက်ထရီအိုးမှာ အားပြည့်လွန်ပြီး ပေါက်ကွဲမီးလောင်နိုင်ပါတယ်"ဟု ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ဆွေးနွေးပွဲတွင် ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ဦးစီးမှူးက ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်သုံးစွဲရာတွင် ပြီးပြည့်စုံသောပုံစံဖြစ်သည့် ဆိုလာပြား၊ Controller၊ ဘက်ထရီ၊ အင်ဗာတာ(AC အတွက်) နှင့် မီးသီးများ အစီအစဉ်တကျ တပ်ဆင်အသုံးပြုသွားရန်နှင့် လက်ရှိအချိန်တွင် ဆိုလာပြားမှ ဘက်ထရီသို့ တိုက်ရိုက်သွယ်တန်း အသုံးပြုနေသူများအနေဖြင့် Controller များ တပ်ဆင်သွားကြရန်၊ Controller မတပ်ဆင်နိုင်မီ ကာလတွင်လည်း အားသွင်းချိန်တွင် စစ်ဆေးစောင့်ကြည့်နေရန်နှင့် နေအိမ်၌ လူမရှိသောအချိန်များတွင် အားသွင်းမှုကို ဖြုတ်တောက်ထားရန် အကြံပြုဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျေးလက်နေပြည်သူများက ဆိုလာပြားများနှင့် ဆိုလာစနစ်အသုံးပြုခြင်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ အငယ်တန်းအင်ဂျင်နီယာ ဒေါ်ခင်သဇင်ညိုက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

တစ်အိမ်သုံးဆိုလာစနစ်များ တပ်ဆင်ခြင်းကို နိုင်ငံတော်လျှပ်စစ်ဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်မီးမရရှိသေးသော မြို့နှင့်အလှမ်းဝေးကွာသည့် ကျေးရွာများတွင် ကျေးလက်ဒေသများ မီးလင်းရေးဆိုင်ရာစီမံချက် တစ်စိတ်တစ်ပိုင်းအဖြစ် ဆောင်ရွက်လျက်ရှိရာ ဘားအံခရိုင်အတွင်း၌ ၂၀၁၂-၂၀၁၃ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ



ကျေးရွာပေါင်း ၆၃ ရွာတွင် တစ်အိမ်သုံးဆိုလာများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ဆင်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ပျဉ်းမနား ငလိုက်ချောင်းအတွင်းမှ အမှိုက်များကို ဒုတိယအကြိမ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပျဉ်းမနား မေ ၁၄**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ငလိုက်ချောင်းအတွင်းမှ အမှိုက်များနှင့် အညစ်အကြေးများကို ပျဉ်းမနားမြို့မှ လူမှုရေးအသင်းတစ်ခုဖြစ်သည့် မျှဝေသောလက်များ(ပျဉ်းမနား)အသင်းက ဦးဆောင်၍ မေ ၁၃ ရက်က စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချောင်းအတွင်း၌ အမှိုက်များရှိနေခြင်းကြောင့် ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်လာနိုင်ကြောင်း၊ ထို့ကြောင့် အမှိုက်ကင်းစင်ပြီး ပြည်သူများ၏ ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်လာစေရန်၊ သဘာဝရေမှ အမှိုက်ကြောင့် ရေဆိုးဖြစ်ခြင်းများ ပြန်လည်ကောင်းမွန်လာစေရန်နှင့် နွေရာသီတွင် ပြည်သူများ ချောင်းရေကို ပြန်လည်သုံးစွဲနိုင်ရန် ရည်ရွယ်၍ အမှိုက်များရှင်းလင်းခြင်းဖြစ်ကြောင်း သိရသည်။

မျှဝေသောလက်များ (ပျဉ်းမနား) အသင်းမှ ဦးကျော်သူရက "ကျွန်တော်အခုဆိုရင် ငလိုက်ချောင်းအတွင်းက အမှိုက်တွေကိုဆယ်ယူတာ ဒုတိယအကြိမ်ရှိသွားပါပြီ၊ ပထမအကြိမ်တုန်းက လူအင်အား ၄၀၀ လောက်ပဲရှိပြီး ခုဆိုရင် နယ်မြေခံတပ်ရင်းရယ်၊ နေပြည်တော်အတွင်း မြို့နယ် ရှစ်မြို့နယ်က ကြက်ခြေနီတပ်ဖွဲ့ဝင်တွေရယ် ပါဝင်လာတော့ လူအင်အား ၈၀၀ လောက် ဖြစ်သွားပါတယ်၊ ပထမအကြိမ် ဆယ်ယူပြီးသွားတော့လည်း အမှိုက်တွေက ချောင်းအတွင်း ပြန်ရောက်လာတာပဲ၊ ဒါကြောင့် ချောင်းထဲကို အမှိုက်မပစ်ဖို့အတွက် ပညာပေး ပိုစတာတွေကို ကျွန်တော်တို့အဖွဲ့က ထင်သာမြင်သာတဲ့နေရာတွေမှာ လိုက်ကပ်တယ်၊ လက်ကမ်းစာစောင်တွေကို အိမ်အရောက် လိုက်ဝေပေးထားပါတယ်၊ ချောင်းထဲကို အမှိုက်ပစ်လိုက်ရင် ချောင်းအောက်ဘက်က ရွာတွေမှာ ရေအခက်အခဲကြုံပြီး လူတွေ၊ တိရစ္ဆာန်တွေနဲ့ အပင်တွေပါ ဒုက္ခရောက်ကုန်တဲ့အတွက် ဒေသခံပြည်သူများအနေနဲ့ ငလိုက်ချောင်းအတွင်း အမှိုက်များမစွန့်ပစ်ရန် မေတ္တာရပ်ခံပါတယ်"ဟု ပြောသည်။



အမှိုက်များ ရှင်းလင်းရာတွင် မျှဝေသောလက်များအသင်းက ဦးဆောင်ကာ နေပြည်တော်ရှိ တပ်မတော်တပ်ရင်းမှ အရာရှိ၊ အရာခံ၊ စစ်သည်များနှင့် ရဲမေများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နေပြည်တော် ရှစ်မြို့နယ်မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်း၍ ငလိုက်ချောင်းအတွင်းမှ အမှိုက်နှင့် အညစ်အကြေးများကို ဆယ်ယူရှင်းလင်းခြင်းခဲ့ကြပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးသူများအား စေတနာရှင်များက ရေသန့်ဘူးများ၊ အချိုရည်များနှင့် မုန့်များ လာရောက်လှူဒါန်းခဲ့ကြသည်။

**စိုးမိုး(ပြန်/ဆက်)**

# ပြည်မြို့၌ မျိုးဆက်သစ်များပေါ်ထွက်စေရန် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

**ပြည် မေ ၁၄**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ကြီးမှူး၍ H&S Group ၏ စီစဉ်မှုဖြင့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ယဉ်ကျေးမှုကဇာတ်ရုံ၌ မေ ၂၀ ရက် ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလက်ဝှေ့စိန်ခေါ်ပွဲတွင် MLA အောင်လံဆုရ၊ MAMA အောင်လံဆုရနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ရွှေတံဆိပ်ဆုရ လက်ဝှေ့ကျော်များ အပါအဝင် တွဲဆိုင်း ခုနစ်ဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကာ အထူးအစီအစဉ်အဖြစ် ပြည်မြို့နယ် ကလပ်အသင်းများ၏ မျိုးဆက်သစ် သုံးချိုပွဲ သုံးပွဲလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ တွဲဆိုင်းခုနစ်ဆိုင်းတွင် MLA အောင်လံဆုရ ဟိန်းထွန်းအောင် (ရွှေသထုံ/သထုံ)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရွှေဆုရ ဒိုးလေး(ရိုးရာပုဂံ၊ ရန်ကုန်)၊ MAMA အောင်လံဆုရ သိန်းစိုး(အဖြူရောင်သွေးသစ်)နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ရွှေဆုရ တိမ်မိုက်(ရွှေအောင်မြေ၊ မန္တလေး)၊ မျိုးဇော်ထွန်း(ဇာတိမာန်)နှင့် တောက်ရှား(AMT-2)၊ အဖိုးသွေး(အဖြူရောင်သွေးသစ်)နှင့် ထယ်ကြီး(STL)၊ အောင်ဆက်တော်(AMT-2)နှင့် သွေးသစ်(STL)၊ သဲထူး(STL)နှင့် ရွှေငါး(ရွှေအောင်မြေ)၊ ပေတလူး(ဇာတိမာန်)နှင့် တက်လူ(ရန်ကုန်)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ဝင်ကြေးမှာ တစ်ဦးလျှင် သုံးထောင်ကျပ်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများဖြင့် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ကြာအင်းဆိပ်ကြီး မေ ၁၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၆၃ ဒသမ ၅သန်းဖြင့် ကျေးရွာရေပေးဝေရေးလုပ်ငန်း ခြောက်ခုကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျေးရွာရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျေးရွာများအနက် ကြာအင်းရွှေဒိုးကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေအရင်းအမြစ် လုံလောက်မှုရှိမရှိ၊ ကျေးရွာအိမ်ခြေနှင့် ရေလုံလောက်စွာ သုံးစွဲနိုင်ရေး အခြေအနေများကို ကော့ကရိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး၊ ကြာအင်းဆိပ်ကြီးမြို့နယ် ဦးစီးဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက မေလ ၁၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကြာအင်းရွှေဒိုးကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ထားသော မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများကိုလည်း ကျေးရွာမြစိမ်းရောင်ကော်မတီများနှင့် တွေ့ဆုံ၍ စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရေယှား-ထန်းတော(ကူနီ) တံတားကြောင့် ကျေးရွာ ၁၂ ရွာအတွက် သွားလာရေးအဆင်ပြေစေမည်

**နေပြည်တော် မေ ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ရေယှားကျေးရွာနှင့် ထန်းတော(ကူနီ)ကျေးရွာအကြားရှိ ချောင်းမရိုးမှာ နှစ်စဉ်ရေကျချိန်နှင့် မိုးတွင်းကာလအချိန်များတွင် ဖြတ်သန်းသွားလာမှုအခက်အခဲ နှစ်စဉ်နှစ်တိုင်း ဖြစ်ပေါ်လျက်ရှိရာ ထိုလမ်းပန်းဆက်သွယ်မှုအခက်အခဲများ အဆင်ပြေချောမွေ့စေရန်အတွက် ယခုနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်မှ တံတားဆောက်လုပ်ရန်အတွက် ကျပ်သိန်း ၁၈၀ ချထားပေးလိုက်၍ ဒေသခံများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ရေယှားကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဦးက "ဒီတံတားကြီးဆောက်လုပ်ဖို့အတွက် တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်မှ ငွေကျပ်သိန်း ၁၈၀ ချထားပေးခဲ့ပါတယ်၊ ချထားပေးတဲ့ငွေရယ် ပတ်ဝန်းကျင်ကျေးရွာတွေဖြစ်တဲ့ ထန်းတော(ကူနီ)၊ နန်းဦးကျေးရွာနဲ့ ပေါင်လောင်ကျေးရွာတွေကနေ အလှူငွေ ၁၅ သိန်းလည်း ထည့်ဝင်ကြပါတယ်၊ ဒီချောင်းမရိုးက မြစ်ရေကျချိန်နဲ့ မိုးရာသီဆိုရင် တစ်ရွာနဲ့တစ်ရွာ သာရေးနာရေး သွားတဲ့အခါ၊ ရေစကြိုမြို့ပေါ် ရုံးကိစ္စ၊ ကျန်းမာရေးကိစ္စ သွားတဲ့အခါ တော်တော် အခက်တွေ့ကြရပါတယ်။ ဒီတံတားပြီးသွားရင် ပတ်ဝန်းကျင် ကျေးရွာပေါင်း ၁၂ ရွာကျော် သွားလာမှု အဆင်ပြေသွားမှာပါ"ဟုပြောသည်။

"ဒီချောင်းမရိုးတံတားကြီးဆောက်လုပ်ဖို့ ဘတ်ဂျက်ကျလာပြီကြားတော့ အလွန်ဝမ်းသာရပါတယ်၊ ချောင်းမရိုးထဲ ရေရှိနေချိန်မှာ ရေစကြိုမြို့ကို သွားမယ်ဆိုရင် ချင်းတွင်းမြစ်ဆိပ်ကမ်းရောက်ဖို့ ဒီချောင်းမရိုးကို ဖြတ်ရတာ တော်တော်အခက်တွေ့ကြပါတယ်။ အရင်က ထန်းသားနဲ့ ကိုယ်ထူကိုယ်ထတံတားလုပ်တာ သိပ်မခိုင်ခံ့ဘူး၊ ဒီတံတားကြီး အမြန်ပြီးစီးအောင် ပတ်ဝန်းကျင်ကျေးရွာတွေကပါ စုစုပေါင်း အင်အား ၂၅၀ ကျော်နဲ့ ဝိုင်းဝန်းလုပ်ကိုင်နေကြတာပါ"ဟု အဆိုပါတံတားတည်ဆောက်မှုတွင် နေ့စဉ်လုပ်အားပေးနေသူ ရေယှားရွာသား ကိုစိုးမင်းက ပြောသည်။

အဆိုပါ တံတားကို ရန်ပုံငွေရရှိပြီးနောက် မတ် ၂၃ ရက်က စတင်ပန္နက်ရိုက်ပြီး ချက်ချင်း အကောင်အထည်ဖော် ဆောက်လုပ်ခြင်းဖြစ်ရာ ယခု မေလတွင် အပြီးတည်ဆောက်နိုင်မည်ဖြစ်ပြီး ၎င်းတံတားမှာ သံကူကွန်ကရစ်တံတားဖြစ်ကာ အကျယ် ၁၅ ပေ၊ အရှည်ပေ ၁၅၀ ရှိကြောင်း သိရသည်။ တံတားပြီးစီးပါက ရေယှားရွာ၊ ထန်းတော(ကူနီ)ရွာ၊ နန်းဦးရွာ၊ ပေါက်တောရွာ၊ နေရင်းရွာ၊ မင်းရွာ၊ ပေါက်အူရွာ၊ ဆင်တဲရွာ၊ လေ့ခုတ်ရွာ၊ ပေါင်လောင်ရွာ၊ တမျှော်(တငျော်)ရွာ၊ ဝါပိုးရွာနှင့် ညောင်ပင်သာရွာတို့မှ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးများအတွက်ပါ အရေးပါသည့် တံတားတစ်စင်း ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-စိုးမင်း**



# နမ့်ဆန်မြို့နယ်ဂုဏ်ဆောင် လူရည်ချွန်နှစ်ဦးအား ဂုဏ်ပြုကြိုဆို

**နမ့်ဆန် မေ ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် အမှတ်အိမ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ခရိုင်အဆင့် လူရည်ချွန်ဆု ဆွတ်ခူးရရှိသော ကျောင်းသားကျောင်းသူ နှစ်ဦးအား မေလ ၁၀ ရက်က ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။

ခရိုင်အဆင့်တွင် ဘက်စုံထူးချွန် သုံးနှစ်ဆက်တိုက်ရရှိပြီး သုံးထပ်ကွမ်း လူရည်ချွန်ဖြစ်သော အမေ့အိမ်ကိုယ်ပိုင်ကျောင်းမှ ဒသမတန်းကျောင်းသူ မေမုဒြာမိုးနှင့် ခရိုင်အဆင့်တွင် ဘက်စုံထူးချွန်ဆု နှစ်နှစ်ဆက်တိုက်ရရှိပြီး နှစ်ထပ်ကွမ်း လူရည်ချွန်ဖြစ်သော ဒသမတန်းကျောင်းသား မောင်အောင်လွင်ဦးတို့အား နမ့်ဆန်မြို့၏ ဂုဏ်ထူးဆောင်အဖြစ် အသိအမှတ်ပြုသည့်အနေဖြင့် ဒေသခံပြည်သူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြု ပန်းစည်းများကမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာ့ရှေးဟောင်း ရွှေအင်ပင် ဘုန်းတော်ကြီးကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကို အစဉ်အဆက် ကိုးကွယ်ခဲ့သည့် နိုင်ငံတစ်ခုဖြစ်သဖြင့် နိုင်ငံအတွင်း မြို့ရွာ အသီးသီးတွင် ခေတ်အဆက်ဆက်က တည်ဆောက်ခဲ့သည့် ဗုဒ္ဓဘာသာဆိုင်ရာအဆောက်အအုံများကို အများအပြား တွေ့ရှိကြရသည်။ ယင်းတို့အနက် ယခုတိုင် အများဆုံး မြင်တွေ့ကြရသည့် ဘာသာရေးအဆောက်အအုံများမှာ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ ဖြစ်ကြပေသည်။

အလှူရှင်များက ရဟန်းသံဃာများသီတင်းသုံးနေထိုင်ရန် ဆောက်လုပ်လှူဒါန်းသည့် ဘုန်းကြီးကျောင်းများကို အုတ် သို့မဟုတ် သစ်သားအဆောက်အအုံများအဖြစ် မြင်တွေ့ကြရသည့်အနက် သစ်သားအဆောက်အအုံများသည် နှစ်ကာလ ရှည်ကြာလာချိန်တွင် ဆွေးမြေ့ခြင်း၊ ခြစသည့် အင်းဆက်သတ္တဝါများကိုက်စားခြင်း၊ မီးလောင်ကျွမ်းခြင်းစသည့် သဘာဝ အန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ ယင်းတို့အနက် ယခုတိုင်ကျန်ရှိနေသည့် ကုန်းဘောင်ခေတ်နှောင်းပိုင်း လက်ရာ ထင်ရှားသော သစ်သားအဆောက်အအုံ ဘုန်းကြီးကျောင်းများကို မန္တလေးမြို့အပါအဝင် နေရာဒေသအချို့တွင် မြင်တွေ့နိုင်ကြသည်။

ထို့အတူ ကျေးလက်တောရွာများတွင် တိုင်တစ်ရာ ကျောင်းအမည်ဖြင့် ဘုန်းတော်ကြီးကျောင်းများသည် ယနေ့တိုင် ကျန်ရှိနေကာ ယင်းတို့သည် အများအားဖြင့် ကျွန်းတိုင်လုံးပေါင်း ၁၀၀ ဝန်းကျင်ဖြင့် တည်ဆောက်ထားသည့်အဆောက်အအုံများဖြစ်ကြသည်။

မြန်မာရှေးဟောင်း ဘုန်းတော်ကြီးကျောင်းများတွင် ဗုဒ္ဓဝင်လာ ဇာတ်လမ်းဇာတ်ကွက်များကို သရုပ်ဖော်ထားသည့် ရုပ်လုံး ရုပ်ကြွများဖြင့် အလှဆင်ထားသည့် ကျောင်းများကို ရုပ်စုံကျောင်းဟု ခေါ်ကြသည်။

**ကုန်းဘောင်ခေတ် ဘုန်းကြီးကျောင်းများ**

ကုန်းဘောင်ခေတ်က တည်ဆောက်ခဲ့သည့် သစ်သား ဘုန်းကြီးကျောင်းများသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် ယနေ့တိုင်တည်ရှိနေကြရာ ယင်းတို့ကို မန္တလေး၊ အင်းဝ၊ စစ်ကိုင်း၊ စလေ၊ စလင်း စသည့် မြို့နယ်များတွင် အများဆုံး တွေ့ရှိနိုင်သည်။ ယင်းတို့အနက် မန္တလေးမြို့ရှိ ဘုန်းတော်ကြီးကျောင်းများတွင် ကုန်းဘောင်ခေတ်နှောင်း လက်ရာ သစ်သားဘုန်းကြီးကျောင်းများဖြစ်သည့် ရွှေကျောင်းတော်ကြီး၊ ရွှေအင်ပင်ကျောင်း၊ မန္တလေးတောင်ခြေရှိ ခမ္မိကာရာမရွှေကျင်ကျောင်းတိုက်၊ သင်္ဂဇာကျောင်း၊ ကင်းဝန်မင်းကြီးကျောင်းဟု ထင်ရှားသည့် သာကဝန်ကျောင်း၊ မြတောင်ကျောင်း၊ မင်းထင်ကျောင်း အစရှိသည်တို့သည် အထူးထင်ရှားကြပေသည်။

ကုန်းဘောင်ခေတ်တစ်လျှောက် အလောင်းမင်းတရား ဦးအောင်ဇေယျ၊ နောင်တော်ကြီးမင်း၊ မြေဒူးမင်း၊ ဗဒုံမင်း၊ ဘကြီးတော် စစ်ကိုင်းမင်း၊သာယာဝတီမင်း၊ပုဂံမင်း၊မင်းတုန်းမင်းနှင့်သီပေါမင်းတို့သည် ဘုန်းတော်ကြီးကျောင်းများကို တည်ဆောက်ခဲ့ကြကြောင်း ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးစာအုပ်၌ ဖော်ပြထားသည်။ ရတနာပုံခေတ်တစ်ခုတည်းမှာပင် မင်းတုန်းမင်းနှင့်သီပေါမင်း လက်ထက်၌ မန္တလေးမြို့တွင် ဆောက်လုပ်ခဲ့သော ဘုန်းကြီးကျောင်း ၅၅ ကျောင်းရှိခဲ့သည်။ မင်းတုန်းမင်းသည် မန္တလေးမြို့၏ အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်နှင့် မြောက်ပြင်တို့တွင် ဘုန်းတော်ကြီးကျောင်းများကို နေရာချထားခဲ့သော်လည်း နှစ်ပေါင်း ၁၅၀ ကျော်လာသည့် ယခုအချိန်တွင် ကျောင်းတိုက်အနည်းငယ်သာ ကျန်ရှိနေပေသည်။ ယင်းတို့အနက် ရွှေနန်းတော်ကျောင်းနှင့် ရွှေအင်ပင်ကျောင်းတို့ကို ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

ရှေးဟောင်းဘုန်းတော်ကြီးကျောင်း အများစုကို မြန်မာ့ဗိသုကာဟန်စစ်စစ်ဖြင့်သာ တည်ဆောက်ခဲ့သော်လည်း အနောက်တိုင်းဟန် ရောနှောတည်ဆောက်ထားသည့် ကျောင်းများလည်း အနည်းငယ်ရှိခဲ့ပေသည်။

**မြန်မာဘုန်းကြီးကျောင်း အဆောင်များ**

ရှေးဟောင်း မြန်မာဘုန်းတော်ကြီးကျောင်းများ တည်ဆောက်ရာတွင် ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီး (အရှေ့မာရဘင်နှင့် အနောက်မာရဘင်)နှင့် ဘောဂဆောင်တို့ကို တစ်ဆက်တစ်စပ်တည်း တည်ဆောက်လေ့ရှိခဲ့ကြသည်။

ဘုန်းတော်ကြီးကျောင်း အဆောက်အအုံ၏ ရှေ့ဘက်ဆုံးတွင်ရှိသည့် ပြာသာဒ်ဆောင်ကို ပြာသာဒ် ငါးဆင့်၊ ခုနစ်ဆင့်၊ ကိုးဆင့် တင်ထားလေ့ရှိသော်လည်း ပြာသာဒ် ခုနစ်ဆင့် အဆောင်က အများဆုံးဖြစ်သည်။ ပြာသာဒ်ဆောင်၏ အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် လှေကား တစ်စင်းစီ တပ်ဆင်ထားပြီး ပြာသာဒ်ဆောင်လှေကားမှ မင်းနှင့် ဆရာတော်များသာ အတက်အဆင်းပြုကြရသည်။ ပြာသာဒ်ဆောင်တွင် ဘုရားပလ္လင်နှင့် ဗုဒ္ဓဆင်းတုတော် ထားရှိသည်။



ပြာသာဒ်ဆောင်နှင့် ဆောင်မကြီးကို ဆက်ထားသည့် အဆောင်သည် ကျောင်းထိုင်ဘုန်းကြီး သီတင်းသုံးနေထိုင်၍ အာဂန္တု ဧည့်သည် ရဟန်းသံဃာများကို ဧည့်ခံတွေ့ဆုံသည့် စနုဆောင်ဖြစ်သည်။

ဆောင်မကြီးသည် ဘုန်းတော်ကြီးကျောင်း၏ အဓိက အဆောင်ဖြစ်သည်။ ဆောင်မကြီးကို နှစ်ထပ် လည်ပေါ် တည်ဆောက်ထားလျှင် ထားဝယ်ဆောင်ဟု လည်းကောင်း၊ သုံးထပ် သို့မဟုတ် လေးထပ် လည်ပေါ်တည်ဆောက်ထားလျှင် ဇေတဝန်ဆောင်ဟု လည်းကောင်း ခေါ်ဆိုသည်။ ဆောင်မကြီး၏ လည်ပေါ်ကို ငါးထပ်ဆောက်လေ့မရှိချေ။ ဆောင်မကြီး၏ အပြင်ဘက် ပတ်လည်တွင် စမြင်ရှိသည်။ (မြန်မာအဘိဓာန်တွင် စမြင်ကို အဆောင်မကြီး ဘေးပတ်လည်တွင် ထုတ်ထားသော အမိုးဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။) ထို့ကြောင့် နှစ်ထပ်စမြင်ခံကျောင်း၊ သုံးထပ် စမြင်ခံကျောင်းဟု ခေါ်ဆိုမှုများလည်း ရှိသည်။

ဆောင်မကြီးကို အရှေ့အနောက်ပိုင်းခြားလျက် အရှေ့မာရဘင်ဆောင်၊ အနောက်မာရဘင်ဆောင်ဟု သတ်မှတ်သည်။ (မြန်မာအဘိဓာန်တွင် မာရဘင်ကို နန်းဆောင်တွင် ကြမ်းပြင်မှ အမိုးအထိ ပိတ်ဆီးထားသော အကာအရံဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။)

မာရဘင်ဆောင်များသည် နေ့ဘက်တွင် လူပရိသတ်များကို ဧည့်ခံသောနေရာဖြစ်ပြီး ညပိုင်းတွင် ရဟန်းသံဃာများ ကျိန်းစက်သည့်နေရာဖြစ်သည်။အချို့ ဘုန်းကြီးကျောင်းများတွင် အရှေ့မာရဘင်သည် ဥပုသ်စောင့် တရားနာသူများအတွက်ဖြစ်ကာ အနောက် မာရဘင်သည် သက်ကြီးဝါကြီး ဆရာတော်များ သီတင်းသုံးရန် နေရာဖြစ်သည်။

မာရဘင်ကို ဆောင်မကြီး၏ အလယ်တည့်တည့် တိုင်များ၏ အရှေ့ဘက်တွင် မျက်နှာကြက်အထိ ကာဆီးထားသည်။ မာရဘင်၏ ရှေ့ခန်းတွင် ဘုရားပလ္လင်နှင့်တံကဲကို ထားရှိပြီး နောက်ခန်းတွင် တံကဲမပါသော ပလ္လင်ကို ထားရှိလေ့ရှိသည်။ ဆောင်မကြီး၏ အရှေ့ဘက်တွင် ရဟန်းသံဃာများနှင့်အမျိုးသားများတက်ဆင်းရန် လှေကားနှစ်စင်းနှင့် အနောက်ဘက်တွင် အမျိုးသမီးများ တက်ဆင်းရန် လှေကားနှစ်စင်း တပ်ဆင်ထားသည်။

ဘောဂဆောင်သည် ဘုန်းကြီးကျောင်း၏ အနောက်ဘက်ဆုံးအဆောင်ဖြစ်ကာ ဆောင်မကြီး ကြမ်းခင်းအောက်သို့ နိမ့်ထားသည်။ ဘောဂဆောင်ကို သုံးခန်းဖွဲ့ထားရာ ဘေးဘက်တစ်ခန်းတွင် ပန်းကန် ခွက်ယောက်များထား၍ ကျန်ဘေးခန်းတွင် သစ်သီးဝလံများနှင့် စားသောက်ဖွယ်ရာများကို သိမ်းဆည်းပြီး အလယ်ခန်း၌ ကိုရင်များ နေကြသည်။

ယင်းအဆောင် လေးဆောင်အပြင် အဆင်ပြေသည့် နေရာတွင် ဆောက်လုပ်သည့် ခုံးဆောင်တစ်ခု ရှိသေးသည်။ ခုံးဆောင်ကို ကျောင်းတွင် တိုးလာသည့် သံဃာများနေထိုင်ရန် အတွက် ဆောင်မကြီးရှေ့၌ဖြစ်စေ၊ ဆောင်မကြီးနှင့် ဘောဂဆောင်ကြား၌ဖြစ်စေ၊ ဆောင်မကြီးနှင့် စနုဆောင်ကြား၌ဖြစ်စေ သင့်လျော်သကဲ့သို့ ဆောက်လုပ်ကြသည်။ ခုံးဆောင်သည် မြေစိုက်အဆောင်မဟုတ်ချေ။ ထူးခြားချက်အနေဖြင့် ကုန်းဘောင်ခေတ်နှောင်းနှင့် ကိုလိုနီခေတ်ဦးပိုင်း ဘုန်းကြီးကျောင်းအချို့တွင် ဆောင်မကြီးနှင့် ဘောဂဆောင် အကြား၌ ဘောဂစနုဆောင်အမည်ဖြင့် အဆောင်ကူးတစ်ခုကို တည်ဆောက်ခဲ့ကြရာ ယင်းပုံစံကို ရွှေအင်ပင် ဘုန်းတော်ကြီးကျောင်းတွင် ခုံးဆောင်အဖြစ် မြင်တွေ့နိုင်ကြပေသည်။

**ရွှေအင်ပင်ကျောင်း**

မန္တလေးမြို့သို့ ရောက်ရှိလာကြသည့် ပြည်တွင်းပြည်ပ ခရီးသွားများ သွားရောက်လည်ပတ်လေ့လာကြသည့် ရှေးဟောင်းသစ်သားကျောင်းများအနက် ရွှေကျောင်းနှင့် ရွှေအင်ပင်တို့သည် လာရောက် ကြည့်ရှုသူ အများဆုံးဖြစ်သည်။ ရွှေကျောင်းသည် မန္တလေးတောင်ခြေတွင် တည်ရှိ၍ ရွှေအင်ပင်ကျောင်းသည် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက် (၃၇) လမ်းနှင့် (၃၈) လမ်းကြား၊ (၈၉) လမ်း အနောက်ဘက်ခြမ်းတွင် တည်ရှိသည်။

ရွှေနန်းတော်ကျောင်းသည် မန္တလေးနန်းတွင်းမှ စစ်ဒဏ်မခံခဲ့ရသည့် တစ်ခုတည်းသော သစ်သားအဆောက်အအုံဟောင်းတစ်ခုဖြစ်ကာ ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်များသည် မန္တလေးနန်းတော်ဝင်းကို ဗုံးကြဲတိုက်ခိုက်ချိန်တွင် နန်းတွင်းရှိ အဆောက်အအုံများ မီးလောင်ပျက်စီးခဲ့သော်လည်း နန်းမြို့အပြင်သို့ပြောင်းရွှေ့ထားပြီးဖြစ်သည့် ရွှေနန်းတော်ကျောင်းသည် မီးမလောင်ဘဲ ကျန်ရှိခဲ့သည်။

ရွှေကျောင်းသည် မူလက နန်းတော်အဆောက်အအုံဖြစ်ခဲ့ပြီး မင်းတုန်းမင်း နတ်ရွာစံပြီးနောက် သားတော် သီပေါမင်းက နန်းမြို့အပြင်သို့ ပြောင်းရွှေ့ကာ ပြန်လည်ဆောက်လုပ်ပြီး ရဟန်းတော်များ သီတင်းသုံးရန် လှူဒါန်းခဲ့သဖြင့် နန်းတော်ဟောင်းမှ ဘုန်းတော်ကြီးကျောင်း ဖြစ်လာခဲ့ကာ ရွှေအင်ပင်ကျောင်းမှာမူ စတင်တည်ဆောက်ချိန်ကတည်းက ဘုန်းကြီးကျောင်းအဖြစ် ဆောက်လုပ်ခဲ့သည့် သစ်သားအဆောက်အအုံဖြစ်ပေသည်။

ရွှေအင်ပင်ကျောင်းတိုက်၏ အရှေ့ဘက်တွင် လေသာကျောင်းတိုက်၊ အနောက်ဘက်တွင် သင်္ဂဇာကျောင်း၊ တောင်ဘက်တွင် မိုးကုတ်ဝိပဿနာကျောင်းနှင့် မြောက်ဘက်တွင် နိဗ္ဗာန်ဆိပ်ဦးတံတားတို့ တည်ရှိသည်။

ရွှေအင်ပင်ကျောင်းကို ဦးစက်ရှင်နှင့် ဇနီး ဒေါ်ဘွားတို့က သီပေါမင်းပါတော်မူပြီး ၁၀ နှစ်အကြာ မြန်မာသက္ကရာဇ် ၁၂၅၇ ခုနှစ်(ခရစ်နှစ် ၁၈၉၅ ခုနှစ်)တွင် တိပိဋကဓရ ရွှေအင်ပင်ဆရာတော် ဦးဇဝနဇေအတွက် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဦးစက်ရှင်သည် တရုတ်လူမျိုးသူဌေးဖြစ်၍ ဒေါ်ဘွားသည် ပုဂံမင်းနှင့်တောင်ဆောင်တော်မိဖုရားတို့၏ အနွယ်ဖြစ်သည်။

လည်ပေါ် စမြင်ခံ ရွှေပိန်းချ ကျောင်းများကို ပြာသာဒ်၊ မှန်ကင်း၊ စလစ်၊ စိန်တောင်၊ အပြောက်အမွမ်းများ၊ အရုပ်များ၊ ပန်းများ၊ ဇာတ်စုံပန်းပုရုပ်များဖြင့် တည်ဆောက်ကြသဖြင့် ငွေကုန်ကျမှု အလွန်များပြားသောကြောင့် မင်းမိဖုရား၊ တော်ဝင်မိသားစုများကသာ ဆောက်လုပ်လေ့ရှိကြသည်။ သူဌေးသူကြွယ်များက ငွေကြေးတတ်နိုင်၍ ဆောက်လုပ်နိုင်သည့်တိုင် ရှင်ဘုရင်ထံမှ အခွင့်ရမှ တည်ဆောက်ကြရသဖြင့် မင်းမိဖုရားများ ဆောက်လုပ်သည့် ကျောင်းများကဲ့သို့များစွာ မခမ်းနားနိုင်ကြချေ။ ထို့ကြောင့်ရွှေအင်ပင်ကျောင်းသည် သီပေါဘုရင့် အလှူတော် ရွှေကျောင်းကို မမီခဲ့ဟု ဆိုနိုင်ပေသည်။

သို့သော် ရွှေအင်ပင်ကျောင်းသည် ရွှေကျောင်းပြီးလျှင် မြန်မာ့ရှေးဟောင်းလက်ရာ ပန်းပုရုပ်များ အများဆုံး တပ်ဆင်ထားသည့် ကျောင်းကြီးဖြစ်ကာ မြန်မာမှု ၊ မြန်မာ့ဟန် အမွမ်းအပြောက်များကို မြင်တွေ့နိုင်ကြသည်။ ကျောင်း၏ တံခါးရွက်များ၊ ပြာသာဒ်များ၊ ဝရန်တာများ၊ ဘုရားဆောင်များတွင် မြန်မာမှုလက်ရာများကို လက်ရာမြောက်စွာအလှဆင်ထားသည်။

ရွှေအင်ပင်ကျောင်းကြီးကို တိုင်လုံးပေါင်း ၁၅၄ တိုင် အသုံးပြု၍ ဆောက်လုပ်ထားပြီး ဝရန်တာဘက်ရှိ တိုင်များပေါ်တွင် စကျင်ကျောက်ဖြင့်ပြုလုပ်ထားသည့် တိုင်အုပ်များ ဖုံးအုပ်ထားသည်။ ကျောင်းကြီးကိုမြောက်ဘက်သို့ မျက်နှာမူထားကာ သရက်ကင်းပုံစံ ထုထည်ကြီးမားသော အုတ်လှေကား ရှစ်စင်း တပ်ဆင်ထားသည့်အနက် တောင်ဘက်နှင့် မြောက်ဘက် လှေကားများမှ တက်ရောက်လေ့လာနိုင်ကြသည်။

ကျောင်းတိုက်ဝင်ပေါက်တံခါးများ၏ တစ်ဖက်စီတွင် လောကပါလ နတ်မင်းကြီးလေးပါးပုံကို ထုလုပ်ထားကာ စမြင်ပတ်လည် လက်ရန်းများတွင် ကနုတ်ပန်းများနှင့် ရုပ်လုံးရုပ်ကြွများကို လှပစွာ အသေးစိတ် ထုလုပ်ထားပေသည်။မြန်မာမှုလက်ရာများကို ပုံဖော်ရာတွင် အရုပ်နှင့် ပန်းကို မျှတစွာ ထည့်သွင်းထုလုပ်ထားပြီး လူနတ်ပြဟ္မာ သတ္တဝါအမျိုးမျိုးကို တင့်တယ်လှပစွာ ပုံဖော်ထားသည်။

ရွှေအင်ပင်ကျောင်းတိုက်၏ မုခ်ဦးပြာသာဒ်ကို ဘုံခုနစ်ဆင့် တည်ဆောက်ထားပြီး ဆောင်မကြီး၏ အရှေ့မာရဘင်ဆောင်ကို ဘုရားဆောင်အဖြစ် အသုံးပြုသည်။ ဘုရားဆောင်ပလ္လင် အောက်ခြေ နှစ်ဘက်ရှိ လောကနတ်ရုပ်နှစ်ရုပ်သည် အလွန် လက်ရာမြောက်လှပေသည်။

ဝရန်တာ လက်ရန်းများတွင် ဇာတ်ကြီးဆယ်ဘွဲ့မှ ဇာတ်တော်များကို ထုလုပ်ထားရာ ကျောင်းတိုက်၏ တောင်ဘက်ခြမ်း ဝရန်တာလက်ရန်းတွင် ဝေဿန္တရာဇာတ်တော်မှ ကဏှာ၊ ဇာလီနှင့် စူဇကာပုဏ္ဏား ဇာတ်ကွက်နှင့် ဘူရိဒတ်ဇာတ်တော်မှ နဂါးမင်းအား အလမ္ပာယ်ပြသည့် ဇာတ်ကွက်တို့ကိုလည်းကောင်း၊ ကျောင်းတိုက်၏ မြောက်ဘက်ခြမ်း ဝရန်တာတွင် ဝိဓူရ ဇာတ်တော်မှ ပုဏ္ဏကဘီလူးနှင့် ဝိဓူရအမတ်မေးလျှောက်ခန်းဇာတ်ကွက်နှင့် ဝေဿန္တရာဇာတ်တော်မှ မယ်မဒ္ဒီ သစ်သီးရှာခန်း ဇာတ်ကွက်တို့ကိုလည်းကောင်း လက်ရာမြောက်စွာ ထုလုပ်ထားသည်။

တံခါးရွက်များတွင် နတ်ရုပ်များကို ထုလုပ်ထားသည့်အနက် အပြင်တံခါးရွက်များရှိ နတ်ရုပ်များသည် နှစ်ရုပ်ဆင့်ထားသည့် ရုပ်ထုများဖြစ်ကာ ကိုလိုနီခေတ်ဦး လက်ရာဖြစ်သည့် ရွှေအင်ပင်ကျောင်းတွင် ဘောဂစမုတ်ဆောင်ဟုခေါ်သည့် ခုံးဆောင်တစ်ခုကို ထည့်သွင်းဆောက်လုပ်ထားသည်။ ယင်းခုံးဆောင်ကို တိုးလျှိုပေါက်ဖွင့်ထားသဖြင့် အမြင်ရှင်းကာ လေဝင်လေထွက်ကောင်းမွန်သည့်အပြင် ဒီဇိုင်းက ဆန်းသစ်နေပေသည်။

**ကျောင်းဒကာဦးစက်ရှင်**

ကျောင်းကြီး၏ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်ကြားတွင် ရှေးဟောင်းရေတွင်းဟောင်းတစ်ခုရှိသည်။ ကျောင်းဒကာ ဦးစက်ရှင်၏ အတ္ထုပ္ပတ္တိကျောက်စာကို ကျောင်းတိုက်၏ အနောက်မြောက်ထောင့်တွင် စိုက်ထူခဲ့သည်။ ကျောင်းတော်ကြီး၏ အနောက်မြောက်ထောင့်တွင် ကျောင်းအလှူရှင်မိသားစုအချို့၏ အုတ်ဂူများတည်ရှိသည်။

အလှူရှင်ကမ္ပည်း ကျောက်စာအရ ဦးစက်ရှင်သည် တရုတ်ပြည် ယူနန်ပြည်နယ် ထိန်ရင်းခေါ် မိုးမြင့်မြို့ကြီးစီရင်စု၊ ယိလောရွာဇာတိဖြစ်ကာ မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ် ကဆုန်လဆန်း ၆ ရက်၊ စနေနေ့တွင် ဖွားမြင်ခဲ့သူဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်၊ အသက် ခုနစ်နှစ်အရွယ်တွင် အဘ၊ ဘထွေးတို့နှင့်အတူ ဗန်းမော်မြို့သို့ ရောက်ရှိခဲ့သည်။

အဘနှင့်ဘထွေးတို့ ကွယ်လွန်ချိန်တွင် ဦးစက်ရှင်သည် အသက် ၁၄ နှစ်သာရှိသေးပြီး ဗန်းမော်မှ မန္တလေးသို့ ကူးသန်းရောင်းဝယ်ရန် ရောက်ရှိလာခဲ့ကာ မြန်မာသက္ကရာဇ် ၁၂၃၅ ခုနှစ်တွင် မြန်မာမင်းမျိုးမင်းနွယ် ဒေါ်ဘွားနှင့် အိမ်ထောင်ကျခဲ့သည်။ ဦးစက်ရှင်သည် ကျောက်စိမ်းလုပ်ငန်းနှင့် ကြက်ပေါင်စေးလုပ်ငန်းတို့ကိုလုပ်ကိုင်ကာ ကြွယ်ဝချမ်းသာလာခဲ့သည်။ ၁၂၄၇ ခုနှစ်တွင် ကလုံခေါ်အရပ်တွင် သစ်စက်တည်ထောင်ဖွင့်လှစ်၍ ကူးသန်းရောင်းဝယ်ခဲ့သည်။ ၁၂၅၀ ခုနှစ်တွင် သားသုံးယောက်ကို ရှင်သာမဏေပြုခဲ့ပြီး ၁၂၅၇ ခုနှစ်တွင် မန္တလေးမြို့ ဒေးဝန်းအရပ်ရှိ ဥယျာဉ်ကို ဝယ်ယူ၍ ရွှေအင်ပင်ကျောင်းတော်ကြီးကို တည်ဆောက်ကာ ဇရပ်၊ သိမ်၊ တန်ဆောင်းတို့နှင့်တကွ ရွှေအင်ပင်ဆရာတော်ကို တင်လှူ ကိုးကွယ်ခဲ့သည်။ ဦးစက်ရှင်သည် မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ် တပေါင်းလဆုတ် ၅ ရက်၊ တနင်္လာနေ့တွင် ကွယ်လွန်ခဲ့ကာ ၁၂၇၈ ခုနှစ် နှောင်းတန်ခူးလဆန်း၁ ရက်တွင် အုတ်ဂူသွင်းခဲ့ကြောင်း ရေးထိုးထားသည့် ကမ္ပည်းကျောက်စာကို ၁၂၇၉ ခုနှစ် နှောင်းတန်ခူးလပြည့်နေ့ (အင်္ဂါနေ့)တွင် စိုက်ထူခဲ့သည်။

မန္တလေးမြို့ရှိ ရွှေနန်းတော်နှင့် ရွှေအင်ပင် သစ်သားဘုန်းတော်ကြီးကျောင်းတို့သည် ရိုးရာယဉ်ကျေးမှု အနုလက်ရာများ စုစည်းတည်ရှိနေသည့် ကျောင်းတော်ကြီးများဖြစ်ကြသည့်အားလျော်စွာ ပြည်တွင်းပြည်ပ ခရီးသည်များ နေ့စဉ် လာရောက်လည်ပတ်လျက်ရှိနေကြပေသည်။

လွန်ခဲ့သည့် ၁၂၃ နှစ်ခန့်က သဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့သည့် ရွှေအင်ပင် သစ်သားဘုန်းတော်ကြီးကျောင်းသည် မြန်မာ့ယဉ်ကျေးမှု အနုလက်ရာများဖြင့် မန္တလေးမြို့၌ ယနေ့တိုင် ခမ်းနားထည်ဝါစွာ ကျန်ရှိနေပေရာ နှောင်းလူ အဆက်ဆက်တို့က မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ် သက်တမ်းရှည်ကြာစွာ ဆက်လက်ရပ်တည်နေစေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်သာ ဖြစ်ပါပေသည်။ ။

# စလေရုပ်စုံကျောင်းတော်ကြီးသို့ နိုင်ငံခြားခရီးသွား တစ်သောင်းကျော် ဝင်ရောက်

**နေပြည်တော် မေ ၁၄**

စလေရုပ်စုံကျောင်းတော်ကြီးမှာ နိုင်ငံခြားသားခရီးသွားများ၏ စိတ်ဝင်စားစရာ အဆောက်အအုံတစ်ခုဖြစ်ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မေလ ပထမပတ်အထိ နိုင်ငံခြားသား ခရီးသွား ၁၀၂၆၁ ဦး ဝင်ရောက်ခဲ့ကာ ဘဏ္ဍာငွေ ကျပ်သိန်းငါးရာကျော် ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ရုပ်စုံကျောင်းတော်ကြီးသို့ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်ကလည်း နိုင်ငံခြားသားခရီးသွား ၁၂၀၀၀ ဝင်ရောက်ခဲ့ပြီး ဘဏ္ဍာငွေ ကျပ်သိန်း ၆၀၀ ရရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စလေ)မှ ဦးစီးအရာရှိ ဒေါ်ချိုချိုလွင်ထံမှ သိရသည်။



စလေရုပ်စုံကျောင်းကြီးတွင် ပြခန်းများ၊ ရုပ်စုံကျောင်းပေါ်ရှိ ကုန်းဘောင်ခေတ် ရှေးဟောင်းအမွေအနှစ် ပစ္စည်းများ၊ စလေဦးပုည၏ လက်ရေးမူများ၊ ဗုဒ္ဓဝင်ပန်းပုရုပ်တုများ၊ ရတနာပုံခေတ် အုပ်ချုပ်ရေးဆိုင်ရာ စာပေပုရပိုက်များ၊ အမျိုးသမီးတစ်ဦး၏ ကျောက်စာတစ်ခုနှင့်အတူ လက်မှုပစ္စည်းများကိုလည်း လေ့လာတွေ့ရှိနိုင်သည်။ အဆိုပါ စလေရုပ်စုံကျောင်းကြီးအနီး၌ စလေရောက် အမှတ်တရ ပစ္စည်းများနှင့် စလေမြို့၏ နာမည်ကျော်ထုတ်ကုန်တစ်ခုဖြစ်သည့် စလေဆီးသီးနှင့် ဆီးယိုများကိုလည်း ဝယ်ယူရရှိနိုင်သည်။

သမိုင်းဝင် စလေရုပ်စုံကျောင်းတော်ကြီးကို ကျောင်းဒါယကာ ဦးဘိုးကြည်နှင့် ကျောင်းဒါယိကာမ ဒေါ်ရွှေသက်တို့က မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ကာ ၁၂၅၄ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့၍ ကျောင်းထိုင်ဆရာတော် သုဓမ္မာဂိုဏ်းထောက်ဆရာတော် ဦးဂုဏအတွက် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါကျောင်းတော်ကြီးအား စလင်းမြို့နယ် တညောင်ကျေးရွာမှ လက်သမားများက ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ပန်းပုပ်ရုပ်တု ၄၅ ရုပ်ကို ရေစကြိုမြို့နယ်မှ ပန်းပုဆရာများက ထုလုပ်ခဲ့ကြောင်း သိရသည်။ ကျောင်းအမျိုးအစားမှာ အိမ်တော်ပုံကျောင်း အမျိုးအစားဖြစ်ကာ တိုင်အလုံးပေါင်း ၁၅၀၊ အနံ ၈၉ ပေ ရှိသည်။ ဆောက်လုပ်စဉ်က အဆောင်ခုနစ်ဆောင် ရှိခဲ့သော်လည်း ယခုလက်ရှိတွင် အဆောင်ခြောက်ဆောင်သာ ကျန်ရှိတော့သည်။ အဆိုပါ စလေရုပ်စုံကျောင်းတော်ကြီးကို ၁၉၉၅ ခုနှစ်တွင် ရှေးဟောင်းသုတေသနဌာနက ပြတိုက်အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါစလေကျောင်းတော်ကြီးအနီး ဥယျာဉ်ကျေးရွာတွင် တည်ရှိသည့် နရပတိစည်သူမင်းကြီး၏ ကောင်းမှုတော် ရှင်ပင်စာကြိုလှ ဘုရားကြီးသို့လည်း သွားရောက်လေ့လာနိုင်သည်။ မြန်မာသက္ကရာဇ် ၄၃၉ ခုနှစ်(ခရစ်နှစ် ၁၀၅၇) တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး သုဝဏ္ဏဘူမိ သထုံပြည် မနူဟာမင်းထံမှ ပင့်ဆောင်လာသော ပိဋကတ်သုံးပုံကို သံဃာတော် အပါးတစ်ထောင်နှင့်အတူ ဆင်ဖြူတော် ၃၂စီးဖြင့် ပင့်ဆောင်လာရာ ယခု ဥယျာဉ်ကျေးရွာအနီး သီရိဇေယျကုန်းတော်ပေါ်၌ ကြိုဆိုပင့်ဆောင်လာသူများနှင့်ဆုံပြီး အမှတ်အသားကျောက်စာတိုင် စိုက်ထူခဲ့ကြကြောင်း၊ ထို့နောက် ခရစ်နှစ် ၁၁၇၄ တွင် မင်းခုနစ်ဆက်မြောက် နရပတိစည်သူမင်းကြီး နန်းတက်တော်မူရာ ဘိုးလောင်းတော်များ ကျောက်စာတိုင်စိုက် မှတ်သားထားခဲ့သည့် အဆိုပါနေရာတွင် ရှင်ပင်စာကြိုလှ ဘုရားကြီးအား ခရစ်နှစ် ၁၁၈၂ က တည်ထားကိုးကွယ်တော်မူခဲ့ကြောင်း ဘုရားကြီးတွင် ရေးထိုးထားသောမှတ်တမ်းများအရ သိရသည်။ **ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ- သီဟစည်သူ**

# ရက် ၂၀ ကျော်ပျောက်နေသော သံဃာတော်တစ်ပါးကို ချောက်ထဲကျနေသည့်ကားအတွင်း သေဆုံးလျက်တွေ့ရှိ

**မိုင်းယောင်း မေ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ဝမ်ဖကျေးရွာအနီး မိုင်းယောင်း-မိုင်းဖြတ် ကားလမ်းဘေးရှိ အနက်ပေ ၃၀၀ ကျော်ခန့် ချောက်အတွင်း၌ မေ ၁၂ ရက် နံနက်ပိုင်းက ကားတစ်စီး ချောက်ထဲထိုးကျနေသည်ကို တွေ့ရပြီး ကားအတွင်း၌ ရက် ၂၀ ကျော်ပျောက်ဆုံးနေသော သံဃာတော်တစ်ပါးအား သေဆုံးလျက်တွေ့ရကြောင်း သိရသည်။

အဆိုပါ လမ်းဘေးချောက်အတွင်း ကားတစ်စီးပြုတ်ကျနေကြောင်း သတင်းအရ မိုင်းယောင်းမြို့နယ်ရဲစခန်းမှူး ဒုရဲမှူး စံလင်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ချောက်အတွင်း၌ Mark-II အဖြူရောင် မော်တော်ယာဉ်တစ်စီး ကြေမွပျက်စီး၍ ဘေးတစ်စောင်း ပြုတ်ကျနေသည်ကို တွေ့ရပြီး ယာဉ်မောင်းနေရာတွင် ပုပ်ပွသေဆုံးနေသော သံဃာတော်တစ်ပါး၏ အလောင်းအား စစ်ဆေးတွေ့ရှိရကြောင်း၊ မော်တော်ယာဉ်ပြုတ်ကျရာ လမ်းကြောင်းတွင် ဦးပညိန္ဒ(သက်တော် ၄၈ နှစ်) ညောင်ကုန်းရွာ ဆည်တိုကျေးရွာအုပ်စု မလှိုင်မြို့နယ်ဟု ပါရှိသည့် စိစစ်ရေးကတ်ပြား တစ်ပြားကို ရှာဖွေတွေ့ရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များက ဆက်လက်စုံစမ်းရာ အဆိုပါ သံဃာမှာ မိုင်းယောင်းမြို့နယ် မိုင်းဟော့ကျေးရွာ ဘုန်းကြီးကျောင်းတွင် ကျောင်းထိုင် သီတင်းသုံးလျက်ရှိကြောင်း၊ လွန်ခဲ့သောသုံးလခန့်က ၎င်း၏မော်တော်ယာဉ်ဖြင့် တာချီလိတ်သို့ ကိုယ်တိုင်မောင်းနှင်၍ တစ်ပါးတည်း ထွက်ခွာသွားကြောင်း၊ တာချီလိတ်တွင် နှစ်လကျော်ခန့် နေထိုင်ပြီးနောက် မိုင်းယောင်းသို့ပြန်လာခဲ့ရာ ကျောင်းသို့ ပြန်ရောက်မလာဘဲ ပျောက်ဆုံးနေသည်မှာ ရက် ၂၀ ခန့်ရှိပြီဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မိုင်းယောင်းမြို့မရဲစခန်းက အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရေဘေးကြောင့်ပျက်စီးသွားသော တံတားကို အသစ်တည်ဆောက်ပြီးစီး

**အင်းတော် မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု ဟဲနုကျေးရွာရှိ ရေဘေးကြောင့်ပျက်စီးသွားသော တံတားတစ်စင်းကို အသစ်ပြန်လည်ပြုပြင် တည်ဆောက်ခဲ့ရာ လုပ်ငန်းများ မေ ၁၂ ရက်က ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပျက်စီးသွားသောတံတားမှာ ကျေးရွာသားများစုပေါင်းလုပ်အားနှင့် စုပေါင်းထည့်ဝင်ငွေများဖြင့် ၂၀၁၅ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် မိုးတွင်းကာလတွင် ရေတိုက်စားမျောပါသွားခဲ့၍ ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် တံတားပေါ် ဖြတ်သန်းသွားလာရန် အဆင်မပြေမှုများကြောင့် ၂၀၁၈ ဧပြီ ၂၂ ရက်က ပြန်လည်တည်ဆောက်ခဲ့ပြီး မေ ၁၂ ရက်အထိ ရက် ၂၀ ကြာ တည်ဆောက်ခဲ့ရကြောင်း ဟဲနုကျေးရွာနေ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။




ထိုတံတားကို အသစ်ပြန်လည်တည်ဆောက်ရာတွင် အရှည် ၂၁၃ ပေ၊ အနံ ၉ ပေ၊ အမြင့် ၁၀ ပေရှိပြီး ကွန်ကရစ်တိုင်ခံ သစ်သားကြမ်းခင်း တံတားဖြစ်ကာ ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေ ကျပ်သိန်း ၁၃၀ ခန့်နှင့် လုပ်အားဒါနထည့်ဝင်မှုများဖြင့် တည်ဆောက်ခဲ့ကြောင်း၊ ယခု တံတားပြီးစီးသွားသဖြင့် ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူလေးများအတွက် ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ဝ၆၉**

# မြိုင်မြို့နယ် ကျောက်ခွက်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**မြိုင် မေ ၁၄**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဆူးဝင်းကျေးရွာအုပ်စု ကျောက်ခွက်ကျေးရွာ၌ မေ ၁၁ ရက် ညနေ ၅ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်မှာ ကျောက်ခွက်ကျေးရွာနေ ဒေါ်သန်းစိန်၏ နေအိမ်မှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကာ မီးလောင်မှုကြောင့် ပတ်ဝန်းကျင်ရှိ နေအိမ် ခြောက်လုံး၊ မီးဖိုချောင် တစ်လုံးနှင့် နွားစာတဲ နှစ်လုံးတို့ မီးလောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုသတင်းရရှိ၍ ဗဟင်းနယ်မြေရဲစခန်းမှ ရဲအုပ်ကျော်ငြိမ်းနှင့် တပ်ဖွဲ့ဝင်များ၊ မြိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်သီဟနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် နှစ်စီးဖြင့် လာရောက်ငြိမ်းသတ်ပြီး ကျေးရွာနေပြည်သူများကလည်း ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ရာ ညနေ ၆နာရီ မိနစ် ၂၀ တွင် လုံးဝ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိခဲ့ဘဲ ဖြစ်စဉ်နှင့်ပတ်သက်၍ မီးစတင်လောင်ကျွမ်းသည့် အိမ်ပိုင်ရှင် ဒေါ်သန်းစိန်အား ဗဟင်း နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **အောင်ကျော်မြင့်**

# နွားထိုးကြီးမြို့နယ်တွင် ကျေးရွာစက်ရေတွင်းတူးဖော်

**နွားထိုးကြီး မေ ၁၄**

နွားထိုးကြီးမြို့နယ်မှ သောက်သုံးရေလိုအပ်ချက်ရှိနေသော သင်းတပေါ့(မ)ကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေဖြင့် လေးလက်မစက်ရေတွင်းတူးဖော်၍ ရေလှောင်ကန် တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။ လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေ ကျပ် ၇၅ သိန်းကျော်ဖြင့် အနက် ပေ ၄၃၀ စက်ရေတွင်းနှင့်အတူ အလျား ၁၀ ပေ၊ အနံ လေးပေ၊ အမြင့် ခြောက်ပေရှိ ဂါလန် ၂၀၀၀ ဆံ့ ရေလှောင်ကန်ကိုလည်း တည်ဆောက်မည်ဖြစ်ပြီး ကျေးရွာအတွင်း ရေပေးဝေရေးအတွက် ကျေးရွာတာဝန်ရှိသူများနှင့်ပြည်သူများ ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။ **ငွေးမြင့်မောင်**

# အစဉ်အလာမပျက်နွဲ့ပျော် ကော့ကရိတ်မြို့ လောင်းကိုင်ဒူးရင်းသီးပွဲတော်

**ကော့ကရိတ် မေ ၁၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ကြာအင်းကျေးရွာအုပ်စုရှိ လောင်းကိုင်ကျေးရွာ အပါအဝင် အနီးအနားရွာများဖြစ်သည့် ကော့ဖောင်းကျေးရွာ၊ မိထလန်းနိုင်ကျေးရွာ၊ နောင်တလာကျေးရွာနှင့် ကမော့ကသူကျေးရွာ စုစုပေါင်းကျေးရွာ ငါးရွာမှ ပြည်သူများသည် နှစ်စဉ် ကဆုန်လရောက်တိုင်း မိမိခြံထွက်ဒူးရင်းသီးနှင့် အခြားသစ်သီးများကို ဈေးကွက်အတွင်း မရောင်းချခင် ဆွမ်းဦးအလှူအဖြစ် မြတ်စွာဘုရားအားအမှူးထား၍ သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်များအား ကပ်လှူပူဇော်ကြသည့် ပွဲတော်



ဒူးရင်းသီးပွဲတော်သို့ လာရောက်ကြသူများ

ကို ကျင်းပလေ့ရှိရာ ယခုနှစ်တွင် ၄၅ ကြိမ်မြောက် ရောက်ရှိလာပြီဖြစ်သည်။

သစ်သီးဆွမ်းများကပ်လှူရာတွင် ဒူးရင်းသီးများ အများအပြား ကပ်လှူခြင်းကြောင့် လောင်းကိုင်ဒူးရင်းသီးပွဲတော်ဟုလည်း ထင်ရှားလျက်ရှိသည်။ ယခုနှစ်အတွက် (၄၅) ကြိမ်မြောက် လောင်းကိုင်ဒူးရင်းသီး သစ်သီးဆွမ်းအလှူပွဲတော်ကို မေ ၁၂ ရက်က နံနက် ၈ နာရီက လောင်းကိုင်ကျေးရွာရှိ လောင်းကိုင်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပခဲ့ကြသည်။

လောင်းကိုင်ဒူးရင်းသီးပွဲတော်ကို ဘိုးဘွားအစဉ်အဆက် ကျင်းပခဲ့ကြခြင်းဖြစ်ပြီး ယင်းသို့လှူဒါန်းပြီးမှ ဈေးကွက်အတွင်းသို့ ရောင်းချရာတွင် ဈေးကောင်းရခြင်း၊ အသီးပိုထွက်ခြင်း၊ အနံ့အရသာ ပိုမိုကောင်းမွန်ခြင်းတို့ကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခဲ့ကြရသည့်အတွက် ဒေသခံများအနေဖြင့် နှစ်စဉ် ယခုလို လှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသစ်သီးလောင်းလှူပွဲသို့ ယခင်က ရွာနီးချုပ်စပ်မှသာ လာရောက်ခဲ့ကြသော်လည်း ယခုအခါ တိုးတက်ပြောင်းလဲလာသော ဆက်သွယ်ရေးနည်းပညာများကြောင့် အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ယက်ပေါ်တွင် လောင်းကိုင်ဒူးရင်းသီးပွဲတော် အကြောင်းကို လူအများ ပိုမိုသိရှိလာပြီး နာမည်ကျော်ကြားကာ မြန်မာပြည်အရပ်ရပ်မှ ဧည့်သည်များလည်း လာရောက်လေ့လာ ပါဝင်ဆင်နွှဲလာကြသည်။ မိမိတို့စိတ်ကြိုက်စားနိုင်သလောက် အကောင်းဆုံးသော ဒူးရင်းသီးများကိုသာ ခွဲစိတ်ပေးပြီး စိတ်ကြိုက်စားခွင့်ရအောင် မပြတ်ဖြည့်ဆည်းပေးသော ကျေးရွာသူ ကျေးရွာသားများ၏ သဒ္ဓါစေတနာကိုလည်း ပွဲတော်တွင် မျက်မြင်တွေ့ရှိကြရသည်။

နှစ်စဉ် ဒူးရင်းသီးအလုံးပေါင်း ၅၀၀၀ ကျော်ကို စုပေါင်းလှူဒါန်းကြသည့် လောင်းကိုင်ဒူးရင်းသီးပွဲတော်ကို ယခုနှစ်တွင် လူအများ ပိုမိုသိရှိလာကြသလို ရုပ်သံလိုင်းများ



ဒူးရင်းသီးပွဲတော်တွင် လှူဒါန်းကျွေးမွေးမည့် ဒူးရင်းသီးများ စုဆောင်းထားစဉ်

ဖြစ်သည့် Skynet ရုပ်သံလိုင်း၊ DVB ရုပ်သံလိုင်းနှင့် အနယ်နယ်အရပ်ရပ်မှ မီဒီယာများကလည်း ပွဲတော်ကျင်းပပုံများကို လာရောက်မှတ်တမ်းတင် ရိုက်ကူးခဲ့ကြသည်။

ယခုနှစ် ဒူးရင်းသီးဈေးမှာ ပြင်ပဈေးကွက်တွင် တစ်လုံး ၆၀၀၀ ကျပ်မှ ၇၀၀၀ ကျပ်အတွင်း ရှိနေပြီး နာမည်ကျော် လောင်းကိုင်ဒူးရင်းသီးများကို ကော့ကရိတ်မြို့ ကိုးတိုင်လမ်းခွဲတွင်လည်း လက်လီလက်ကားရောင်းချလျက်ရှိကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

## ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ(ရန်ကုန်) ဖောဓိသစ္စာအလုပ်ပေးတရားစခန်း (စတုတ္ထအကြိမ်)

ဖားအောက်တောရ ဓမ္မအလင်းရောင် ဗုဒ္ဓသာသနာ့ရိပ်သာ(ပေါင်မြို့နယ်)၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တဓမ္မပတိမှ အမြတ်ဆုံးမှန် နိဗ္ဗာန်တရားတော်မြတ်သို့ ဧကန်ထုတ်ချောက် ရောက်ခြင်း၏အကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားတည်းဟူသော ရှေးဟောင်းလမ်းမြတ်အတိုင်း သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်တို့ကို ပွားများအားထုတ်နိုင်ရန်အလို့ငှာ ၁၅ ရက်တိုင်တိုင် တတ်သိနားလည်အောင် စနစ်တကျသင်ကြားပေးမှာ ဖြစ်ပါသည်။

**နေ့ရက်** - ၂၀-၅-၂၀၁၈ ရက် (တနင်္ဂနွေနေ့)မှ ၃-၆-၂၀၁၈ ရက် (တနင်္ဂနွေနေ့)

**အချိန်** - နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ

**နေရာ** - ၉၁/၉၃၊ သုခလမ်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (သဗ္ဗညုပုထိုးတော်ကြီးအနီးကပ်လျက်)

**ဆက်သွယ်ရန်** - ဖုန်း-၀၉-၄၅၀၉၉၀၁၆၇၊ ၀၉-၅၁၅၉၁၂၄

**အလှူရှင်အမည်** (၁) သူရဦးတင်လှ-ဒေါ်မြမြလွင်မိသားစု
(၂) ဦးလှသန်း-ဒေါ်အပြုံးမိသားစု
(၃) ရဲမှူးကြီး ဦးခမ်းအောင်(ငြိမ်း)-ဒေါ်မြင့်ကေသွယ်မိသားစု

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းပဒေသာပင်အတွက် ၂၀၁၈ ခုနှစ် ဧပြီလ ၁ရက်မှ ၃၀ ရက်အထိ ကျပ်(၁)သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| ၁။ | ကွယ်လွန်သူဖခင်ကြီးဦးသိန်းဆွေ (ညွှန်မှူး-သာသနာရေး ဦးစီးဌာန)အားရည်စူး၍ ဒေါ်သန်းသန်းဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၂။ | ကွယ်လွန်သူ ဦးကျော်အားရည်စူး၍ သမီး ဒေါ်မေစိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၃။ | ကွယ်လွန်သူ ဗိုလ်မှူးဘုန်းစိန်အား ရည်စူး၍ ဇနီး ဒေါ်လှလှသိန်း သားသမီးမြေးတစ်စု ကောင်းမှု | ၂၀၀၀၀၀ |
| ၄။ | ဦးသစ်လင်းအုန်း-ဒေါ်မေစန်းသိန်း၊ သား မောင်သုဟန်သစ်၊ သမီး-မသက်နှင်းသစ္စာ မိသားစု | ၁၀၀၀၀၀ |
| ၅။ | ဦးဘိုဝင်း-ဒေါ်ညိုမီအုန်း၊ သမီးကြီး-မခင်ချောလဲ့ဝင်း၊ သမီးငယ်-မခင်ချောစုဗိုလ်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၆။ | ကွယ်လွန်သူဒေါ်ခင်ခင်စု (တွဲဖက်-ညွှန်မှူး)အား ရည်စူး၍ ခင်ပွန်း ဦးတင်အောင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၇။ | ဦးမြင့်သိန်း-ဒေါ်အေးမြင့်တို့အား ရည်စူး၍ သားသမီး မြေးတစ်စု ကောင်းမှု | ၅၀၀၀၀၀ |
| ၈။ | ဦးဖထော်-ဒေါ်မေမေသန်းတို့အားရည်စူး၍ ကိုမြတ်သူ၊ ကိုအောင်အောင်သူမိသားစုများ ကောင်းမှု | ၁၀၀၀၀၀ |
| ၉။ | ဗိုလ်မှူးဇော်နေလင်း မွေးနေ့ဆွမ်းအလှူ | ၃၀၀၀၀၀ |
| ၁၀။ | ဦးကျော်ဝင်း-ဒေါ်ခင်အုန်းမြင့် | ၅၀၀၀၀၀ |
| ၁၁။ | မိဘနှစ်ပါးနှင့် အစ်မကြီးဒေါ်တင်ဆွေ၊ မောင်လေး ဦးလှဝင်းတို့အား ရည်စူး၍ ဒေါ်တင်မြင့်နှင့် မောင်နှမများကောင်းမှု | ၁၂၀၀၀၀ |
| ၁၂။ | ဦးမျိုးဆွေ-ဒေါ်ခင်မွေးမိသားစု ကလေးမြို့ ကောင်းမှု | ၁၂၀၀၀၀ |
| ၁၃။ | ကွယ်လွန်သူနှစ်ဖက်မိဘများနှင့် (သားကြီး)မောင်ဆန်းငွေအောင်တို့အား ရည်စူး၍ (၇၆)နှစ်ပြည့် မွေးနေ့ရှင် ဗိုလ်မှူးကြီးဆန်းအောင်(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ငွေကြည်နှင့် သားသမီးမြေးတစ်စုကောင်းမှု | ၁၁၅၀၀၀ |
| ၁၄။ | ဦးသောင်းငွေ-ဒေါ်မြသောင်း၊ သား ကိုဇော်နိုင်၊ သမီး မခင်မာအေး (ကထိက နိုင်ငံတကာဆက်ဆံရေး ပညာဌာန DSA ပြင်ဦးလွင်)၊ စစ်ကိုင်းမြို့နယ်ကောင်းမှု | ၁၀၀၀၀၀ |
| ၁၅။ | ကွယ်လွန်သူ ဦးကျော်ရှိန် (၁၉)နှစ်ပြည့်အား ရည်စူး၍ ဒေါ်ခင်မြင့်မိသားစု ကောင်းမှု | ၃၀၀၀၀၀ |
| | စုစုပေါင်း | ၂၈၅၅၀၀၀/- |

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဝေယျာဝစ္စအတွက် ၂၀၁၈ခုနှစ် ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ ကျပ်(၁)သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| ၁။ | မသဒ္ဒါနွယ်မိုးမွေးနေ့ဆွမ်းအလှူ | ၁၅၀၀၀၀ |
| ၂။ | ကွယ်လွန်သူဖခင်ကြီး(ဦးသိန်းဆွေ)ညွှန်မှူး-သာသနာရေး ဦးစီးဌာနအား ရည်စူး၍ ဒေါ်သန်းသန်းဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၃။ | ကွယ်လွန်သူဗိုလ်မှူးအုန်းစိန်အားရည်စူး၍ ဒေါ်လှလှသိန်း သားသမီး မြေးတစ်စု ကောင်းမှု | ၃၅၀၀၀၀ |
| ၄။ | ကွယ်လွန်သူဖခင်ကြီး ဦးမြင့်ခိုင် (၆)နှစ်ပြည့်အားရည်စူး၍ မိခင်ကြီး ဒေါ်ရီလေးမြင့်နှင့် သားသမီးမြေးတစ်စုကောင်းမှု | ၂၀၀၀၀၀ |
| ၅။ | ဖခင်ကြီးဦးဝေလင်းအားရည်စူး၍ မိခင်ကြီးဒေါ်သန်းရီနှင့် သားသမီးမြေးတစ်စု ကောင်းမှု | ၁၀၀၀၀၀ |
| ၆။ | ဖခင် ဦးကျော်အုန်း၊ မိခင် ဒေါ်တင်တင်အေးတို့အား ရည်စူး၍ မမူမူကျော်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၇။ | မိခင်ကြီး ဒေါ်လှနှင့် ခင်ပွန်းဖြစ်သူ ဦးဟန်ညွှန့်တို့အား ရည်စူး၍ ဒေါ်ခင်မေတင်နှင့် သားသမီးမြေးတစ်စုကောင်းမှု | ၃၅၀၀၀၀ |
| ၈။ | ဦးမြင့်သိန်း-ဒေါ်အေးမြင့်တို့အား ရည်စူး၍ သားသမီး မြေးတစ်စု ကောင်းမှု | ၁၂၀၀၀၀ |
| ၉။ | ကွယ်လွန်သူ ဦးနေဝင်းအားရည်စူး၍ ဇနီးဒေါ်အိမ်မြနှင့် သားသမီးမြေးတစ်စု ကောင်းမှု | ၂၁၀၀၀၀ |
| ၁၀။ | အပတ်စဉ်(၂၈)ဗိုလ်လောင်းအရာရှိသင်တန်းမှ ကျဆုံးနှင့် သေဆုံးအရာရှိများအတွက် အရာရှိစစ်သည်များနှင့် မိသားစုများ ကောင်းမှု | ၄၅၀၀၀၀ |
| ၁၁။ | စစ်တကောင်းဗုဒ္ဓဘာသာအသင်းဆွမ်းအလှူ | ၁၂၀၀၀၀ |
| ၁၂။ | မိခင်ကြီး ဒေါ်နွေနွေအားအမှူးထား၍ ဒေါ်မင်းပပနွေ၊ ဒေါ်မင်းမြတ်စုနွေ၊ ဗိုလ်မှူးဇော်နေလင်း၊ ရဲမှူးဇော်ဇော်နေဟိန်းမိသားစု ကောင်းမှု | ၃၀၀၀၀၀ |
| ၁၃။ | ကွယ်လွန်သူနှစ်ဖက်မိဘများဖြစ်ကြသော ဦးသန်းဖေ-ဒေါ်မြရီ၊ ဦးမောင်ကြည်-ဒေါ်ရင်ကြည်တို့အား ရည်စူး၍ ဗိုလ်ချုပ်ဖေယျကျော်ထင်ဝင်းသန်း(ငြိမ်း)-ဗိုလ်ကြီးဒေါ်ရီရီဝင်း(ငြိမ်း)၊ သားသမီးမြေးတစ်စုကောင်းမှု | ၁၅၀၀၀၀ |
| ၁၄။ | ဒေါက်တာအောင်နိုင်ဦး-ဒေါက်တာအေးစုမော်၊ သား-ထူးမြတ်ကျော်၊ သမီး-ဖူးသီရိကိုမိသားစုကောင်းမှု၊ ရွှေလမင်းဆေးရုံ | ၁၅၀၀၀၀ |
| | စုစုပေါင်း | ၂၈၅၀၀၀၀/- |

ဖုန်း-၀၉-၄၂၀၁၄၄၅၀၃၊ ၀၉-၂၅၃၃၈၉၇၉၄

## ဖခင်အမည်မှန်

လှိုင်မြို့နယ်၊ အလက(၃)၊ ပဥ္စမတန်းမှ မဝင်းလဲ့လဲ့ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးရဲလင်းနိုင် ၁၂/လမန(နိုင်)၁၃၅၅၉၆ ဖြစ်ပါကြောင်း။

**ဦးရဲလင်းနိုင်**

## ဆရာဇော် ကိုယ်ပိုင်အထက်တန်းကျောင်း

အဆင့်မြင့်ဘော်ဒါ

၉ တန်း၊ ၁၀ တန်း သီးသန့် / လစဉ် ၂ သိန်း ၅ သောင်း ကျပ်

အမှတ်(၅၃၈)၊ ခိုင်သဇင်လမ်း၊ ပုလဲ(၃)၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။

ဖုန်း-၀၉၇၉၅၀၆၀၆၉၅၊ ၀၉၇၉၉၆၀၄၆၄၈

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2L/5154 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သရက်)**

## မိဘအမည်မှန်

မန်စီမြို့၊ မောရဝတီရပ်ကွက်နေ မလတ်ဗူးဇင်၏ မိဘအမည်မှန်မှာ ဦးအင်ဒေါ်လဂျန်-ဒေါ်ခေါန်ထွဲ ဖြစ်ကြောင်း။

**ဦးအင်ဒေါ်လဂျန်**
**၁/မစန(နိုင်)၀၆၃၁၁၀**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ မိုးလဲကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် သတ္တမတန်းအောင်မြင်သော မခိုင်ဇင်ဝင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဝင်းသိန်းဦး ၁/ရကန(နိုင်)၀၄၇၆၇၅ ဖြစ်ပါကြောင်း။

**ဦးဝင်းသိန်းဦး**

## အောင်သရဖူ

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။

09254009334, 09254009335, 09254009336

## မြေကွက်များ ဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း-၀၉-၄၀၀၉၄၀၀၄၁၊ ၀၉-၄၀၀၉၄၀၀၄၂

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း ဗိုလ်တထောင်မှဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်းများကို လစဉ် လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto, Manual) ယာဉ်နှစ်မျိုးလုံး သင်ကြားပေးသည်။

ဇွန်လ ပုံမှန်သင်တန်း ၅-၆-၂၀၁၈ ရက်ဖွင့်မည်။

ဇွန်လ အထူးသင်တန်း ၉-၆-၂၀၁၈ ရက် ဖွင့်မည်။

**ဆက်သွယ်ရန်** ဖုန်း-၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၀၉-၇၆၅၀၇၃၉၇၀၊ ၀၉-၇၉၅၈၇၄၉၆၆၊ ၀၉-၇၉၅၆၃၀၉၇၀၊ ၀၉-၂၅၄၄၁၂၄၅၀၊ Ocean Super Market (ပုဇွန်တောင်)နှင့် မျက်နှာချင်းဆိုင် မဟာဗန္ဓုလတံတားအနီး(ဗိုလ်တထောင်ဘက်ခြမ်း) (လူဦးရေကန့်သတ်ထားသည်)

## ဝယ်လိုသည်

နွားသဲခြေခဲ(ခ)ဂေါ်ရာ၊ နွားဆီးကျောက်၊ နွားအသည်းပိုးချောင်းများ ဝယ်သည်၊

**ဖုန်း-၀၉-၇၆၁၃၀၀၅၆၀၊ ၀၉-၇၈၆၆၀၀၂၃၄၊ ၀၉-၇၇၆၉၅၉၉၂၀၊ ၀၉-၄၀၂၅၇၆၉၇၇၊ ၀၉-၇၈၆၇၃၀၇၈၆**
**ရွှေဝါထွန်းကျော် Co.,Ltd.**



## ဦးကျော်ဝင်း
(ဝမ်းတွင်း၊ မိတ္ထီလာ)
အသက်(၇၁)နှစ်

မိတ္ထီလာမြို့၊ဝမ်းတွင်း၊(၁)ရပ်ကွက်နေ(ဦးပုကြီး-ဒေါ်သောင်း)(ကျားရိုင်းအထည်စက်ရုံ)တို့၏သား၊ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်း၊ ငွေးကြွယ်(က)ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ အမှတ် ၂၁နေ ဒေါ်ခင်အေးမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုစည်သူဝင်း-မဇင်မာစန်း၊ ဦးဇေယျဝင်း-မနွေးနွေးမြင့်၊ မကြည်ဖြူဝင်း (D-K-S-H) တို့၏ဖခင်သည် ၁၃-၅-၂၀၁၈ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၈ရက် (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဦးညီထွေးထွန်း (မြိတ်)
အသင်းဝင်အမှတ်(၂၇၆၆)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်နေ မသက်မာဝင်း၏ခင်ပွန်းသည် ၁၂-၅-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့်၁၄-၅-၂၀၁၈ ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ် (၃၅)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅ အိပ်ချ်)၊ မြေကွက်အမှတ်(၃၀၁)၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေ ဦးလှအောင် ၁၂/ဗဟန(နိုင်)၀၄၄၇၇၂၊ အမည်ပေါက်မြေကွက်ဖြစ်ပါသည်။ ဖခင်ဦးလှအောင်သည် ၁၇-၂-၂၀၁၈ ရက်နှင့် မိခင်ဒေါ်စန်းစန်းရီသည်၁၅-၁၀-၂၀၀၉ရက်တွင် ကွယ်လွန်ကြောင်း သေဆုံးမှုလက်မှတ်နှင့် သားဖြစ်သူ ဦးစိုးနိုင်အောင် ၁၂/ဗဟန(နိုင်)၀၄၆၅၂၃မှ မိခင်၊ ဖခင်တို့၏ သေဆုံးကြောင်း အထောက်အထားနှင့် ၎င်းသည် တစ်ဦးတည်းသော သားအရင်းတော်စပ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ မည်သူတစ်ဦးတစ်ယောက်မျှ မရှိကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ ကျမ်းသစ္စာပေးသူအရာရှိထံ ကျိန်ဆိုထားသည့် ၂၁-၃-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်အမှတ်စဉ် (၃/၁၈၁၁) ကျမ်းကျိန်လွှာနှင့် ထောက်ခံကျမ်းကျိန်(၂)စောင်၊ အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်ဂရန်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၁ ရိုးရိုး၊ မြေကွက်အမှတ် ၂၆၃၃၊ မြေကွက်တည်နေရာအမှတ် ၂၆၃၃၊ အဝေယာလမ်း၊ ၆၁/ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးစံလင်း(ခ)မြို့မလွင်ဦး ၉/မနတ(နိုင်)၀၁၆၆၀၂အမည်ပေါက် နှစ်၆၀ ဂရန်မြေအား ဦးစံလင်း(ခ)မြို့မလွင်ဦး ၉/မနတ(နိုင်)၀၁၆၆၀၂ ခင်ပွန်းကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မိမိအေး ၉/မနတ(နိုင်)၀၁၆၆၀၁ထံမှ GP-၁၈၀၉/၁၅၊ ၈-၅-၂၀၁၅ ရသူ ဦးအုန်းမြင့် ၁၂/ကတတ(နိုင်)၀၁၆၂၃၇မှ ဒေါပုံမြို့နယ်တရားရုံးတွင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပြီး ပိုင်ဆိုင်ကြောင်း စာအမှတ် ၁၆၀/၂၀၁၇ (၁၉-၁၂-၂၀၁၇)ဖြင့် ကျမ်းကျိန်၊ ထောက်ခံကျမ်းကျိန်လွှာ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိကြောင်းစာအမှတ် ၁၆၃/၂၀၁၇ (၂၂-၁၂-၂၀၁၇)ဖြင့် ကျမ်းကျိန်လွှာ၊ သေစာရင်း၊ နှစ် ၆၀ ဂရန်မူရင်းကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားရာ ဌာနမှ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်ကာ၊ သွပ်မိုး၊ တစ်ထပ်အဆောက်အအုံရှိပြီး ကိုယ်တိုင်မနေပါ။ ကွင်းဆင်းသိရှိကြောင်း ကိုယ်စားလှယ်ရသူမှ လက်မှတ်ရေးထိုးပေးပါသည်။

သို့ဖြစ်ပါ၍ GP ဦးအုန်းမြင့်၏ ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း

ဒုဗိုလ်မှူးကြီးကျော်မြင့်(ငြိမ်း)ပြင်ဦးလွင်၊ဆေးရုံမတက်မီ စေတနာကြီးမားစွာဖြင့်လာရောက်ကြည့်ရှုပေးသော မိသားစုဆရာဝန် ဒေါက်တာကျော်ကျော်မင်း၊ ဆေးရုံတက်စဉ် ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီးမှ ဂရုတစိုက်ကြပ်မတ်ကုသပေးသော ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းပပဝင်း၊ သမားတော်ကြီး ဒေါက်တာဝင့်ဝင့်ကြည်နှင့်ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများအားလုံး---

နာရေးသို့ တက်ရောက်လာသော သံဃာတော်အရှင်သူမြတ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေသူငယ်ချင်းများ---

နာရေးကိစ္စအဝဝအတွက် အစစအရာရာ အဆင်ပြေချောမွေ့စေရန် ကူညီဆောင်ရွက်ပေးကြသော ပြင်ဦးလွင်နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အသင်းသူ အသင်းသားများအားလုံး၊ ၈-မိုင် သုသာန်မှ စည်ပင်သာယာဝန်ထမ်းများအားလုံး--

မိသားစုနှင့်ထပ်တူ ဝမ်းနည်းခြင်းအထိမ်းအမှတ် ပန်းခြင်းနှင့် လှူဖွယ်ပစ္စည်းများ ပေးပို့ကြသော နိုင်ငံရေးအသင်းအဖွဲ့များ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအားလုံးနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာယူနိုင်သည်အထိ အဘက်ဘက်မှ ကူညီပံ့ပိုးကြသည့် မိတ်ဆွေသင်္ဂဟအပေါင်းအား ကျန်ရစ်သူမိသားစုမှ ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးဗိုလ်ထွန်း(ငြိမ်း)
လေ-၁၃၇၂
အသက်(၇၈)နှစ်

ဒေါ်စန္ဒာအေး (ဌာနစုမှူး-၂၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ချစ်လှစွာသော ဖခင် ဗိုလ်မှူး ဗိုလ်ထွန်း(ငြိမ်း) အသက်(၇၈)နှစ်သည် ၁၃-၅-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**LD 90 (1998) Batch မှ သူငယ်ချင်းများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းနိုင်
နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)
အသက်(၇၇)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်နိုင်နှင့် ဇနီး ဒေါ်သက်နှင်းဦးတို့၏ ချစ်လှစွာသောဖခင် ဦးသန်းနိုင် အသက်(၇၇)နှစ်သည် ၁၃-၅-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်**
**ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး**
**အရာထမ်း၊ အမှုထမ်းများ**
**အာဆီယံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းနိုင် အသက်(၇၇)နှစ်
နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၀)ရပ်ကွက်၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၁၃နေ ဦးတင်မောင်နိုင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သက်နှင်းဦးတို့၏ဖခင်ဖြစ်သူ ဦးသန်းနိုင်သည် ၁၃-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ**

## ဦးအေးသိန်း
မြန်မာ့ကုန်တိုက်၊ ပန်းဆိုးတန်းလမ်း(ငြိမ်း)
အသက်(၇၄)နှစ်

ပန်းတနော်မြို့နယ်၊ တော်တရနေ (ဦးမောင်ဥ-ဒေါ်ချစ်ခင်)တို့၏သား၊ (ဦးမောင်စု-ဒေါ်မြရွှေ)တို့၏တူသား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးသီ-ဒေါ်ငွေစိန်)တို့၏သားသမက်၊ ဘုရားကြီးမြို့နေ (ဦးသိန်းစိုး-ဒေါ်သန်းသန်းငွေး)၊ မအူပင်မြို့နေ ဒေါ်ခင်နွဲ့၊ ဒေါ်ငွေးငွေးတို့၏အစ်ကို၊ ရွှေပြည်သာမြို့နယ်နေ (ဦးစောမောင်)-ဒေါ်မြစိန်တို့၏ညီမောင်၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၂)ရပ်ကွက်၊ ကွေ့မအိမ်ရာ၊ တိုက် ၁၊ အခန်း ၂၀၄နေ ဒေါ်အုန်းကြည်(ကုန်သွယ်ရေး၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ မောင်မောင်ဦး(ခ)အောင်သူရ၊ ကိုကိုညီ(ခ)ကိုငယ်၊ မသန္တာသိန်း(ငွေလက်ဆောင်ပုံနှိပ်လုပ်ငန်း)တို့၏ချစ်လှစွာသောဖခင်၊ မောင်ရှိုင်းလင်းဦး(First Year-Geology)၏ ဘိုးဘိုးကြီးသည် ၁၃-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးငွေး(စိုးစိုး)
သစ်တောဦးစီးဌာန(ငြိမ်း)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၆/၂၊ ပျဉ်းမမြိုင်လမ်း၊ စုပေါင်းအိမ်ရာ၊ သုဝဏ္ဏနေ ဒေါက်တာခွာညိုဇင် [အထူးကုဆရာဝန်ကြီး၊ အဏုဇီဝဗေဒ၊ (YGH)]၏ ချစ်လှစွာသောခင်ပွန်း ဦးစိုးငွေးသည် ၁၁-၅-၂၀၁၈ရက် မွန်းလွဲ ၂း၁၀နာရီတွင် ဘဝတပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အဏုဇီဝအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဦးထိန်လင်း အသက်(၉၇)နှစ်
အယ်ဒီတာချုပ်(ငြိမ်း)၊ ဗိုလ်တထောင်သတင်းစာ
နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်
မော်ကွန်းဝင် ဒုတိယဆင့်
ကန်တော့ခံသက်ကြီးစာပေပညာရှင်

ရန်ကုန်မြို့နေ (ဦးမြ-ဒေါ်အေးဆင်)တို့၏သား၊ အမရပူရမြို့နေ (ဦးမြဲ-ဒေါ်ခင်)တို့၏သားသမက်၊ (ဒေါ်စောမြ)(နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ မော်ကွန်းဝင် ဒုတိယဆင့်)၏ခင်ပွန်း၊ (ဦးဘဆင့်-ဒေါ်နှင်းလှ)၊ ဦးလှထွန်း-ဒေါ်သန်းနု၊ (ဦးအောင်တင့်-ဒေါ်သောင်း)၊ (ဒေါ်ရီရီမြင့်-ဦးကျော်မြင့်)၊ (ဦးခင်ငြိမ်း)-ဒေါ်သန်းကြွေတို့၏အစ်ကို၊ (ဒေါ်ခင်ဖြူလင်း-ဦးသန်းနိုင်ဝင်း)၊ ဒေါ်မာမာလင်း(M.O.G.E-ငြိမ်း)-ဦးအောင်သိန်းတို့၏ဖခင်၊ ဦးထက်နိုင်လင်း-ဒေါ်ခက်သန္တာစိုး၊ ဒေါ်ချယ်ရီနိုင်လင်း-ဦးကောင်းဇော်ရဲ၊ ဦးစိုးနိုင်လင်း-ဒေါ်ဖြိုးဖြိုးထက်တို့၏အဘိုး၊ မောင်ရှင်းသန့်ကိုကို၊ မောင်လင်းသန့်ညီညီ၊ မောင်ရှင်းခန့်မင်းတို့၏ ဘေးဘေးကြီးသည် ၁၃-၅-၂၀၁၈ရက် ညနေ ၆း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၈ ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၇)ရပ်ကွက်၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ အမှတ် ၅၄၁နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး
## ဒေါ်ခင်လှိုင်
နန်းညွန့်ရတနာရွှေဆိုင်(အင်းစိန်)
အက်(၉၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မာဃလမ်း၊ အမှတ် ၁၉၀နေ (ဦးလုံဟင်-ဒေါ်ငံဖုန်)တို့၏သမီး၊ (ဗိုလ်ကြီးရဲမြင့်)၏ဇနီး၊ ဦးစိုးမြင့်-ဒေါ်ညွန့်ညွန့်ဝင်း၊ (ဒေါ်သိန်းသိန်းရွှေ-ဗိုလ်မှူးစံဝင်း)၊ (ဦးသိန်းတန်)-ဒေါ်ငွေးငွေး၊ ဦးစိုးဝင်း-(ဒေါ်ကျင်သန်း)တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ် ၁၀ ယောက်တို့၏အဘွားသည် ၁၃-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၄း၃၃နာရီတွင် ရွှေလမင်း(၂)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးရွှေ (ခင်ဦး)
အသက်(၈၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၃၃၁(လေးလွှာ)နေ (ဦးဖိုးသား-ဒေါ်ဖွားတင်)တို့၏သမီး၊ (ဦးကျောက်ခဲ)၏ဇနီး၊ (ဦးလှစိုး)-ဒေါ်ခင်မာဆွေ၊ ဦးစိန်ဝင်း-ဒေါ်ဝင်း၊ ဦးမင်းကို-(မမိုးမိုးဆွေ)၊ ကိုကျော်စိုးဝင်း၊ ကိုကျော်စိုးလင်း၊ မစန္ဒာမိုးတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၄-၅-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးရွှေ (ခင်ဦး)
အသက်(၈၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ Strand Condo၊ အမှတ် ၃၃၁ (လေးလွှာ)နေ (ဦးဖိုးသား-ဒေါ်ဖွားတင်)တို့၏သမီး၊ (ဦးကျောက်ခဲ)၏ဇနီး၊ (ဦးလှစိုး)-ဒေါ်ခင်မာဆွေ၊ ဒေါ်စန္ဒာမိုးတို့၏မိခင်၊ ဦးဇော်သူရ-ဒေါ်မြသီတာ၊ ဗိုလ်ကြီးကျော်ဇံအောင်၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၄-၅-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ခင်စောမြင့်
လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
အဆင့်မြင့်ပညာဦးစီးဌာန
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာလမ်း၊ အမှတ် ၁၄၉နေ (ဦးပန်းဒုတ်-ဒေါ်ကြည်ကြည်)တို့၏သမီး၊ (ဒေါက်တာညွန့်စိန်-ဒေါ်သောင်းသောင်း)၊ Bishop ဒယ်နီယယ်-ဒေါ်စီစီပန်းဒုတ်၊ ဦးမောင်မောင်ကျော်-ဒေါ်အေးအေးတို့၏ညီမသည် ၁၃-၅-၂၀၁၈ရက် ညနေ ၅နာရီတွင် OSC ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆-၅-၂၀၁၈ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးငွေး(စိုးစိုး)
သစ်တောဦးစီးဌာန(ငြိမ်း)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၆/၂၊ ပျဉ်းမမြိုင်လမ်း၊ စုပေါင်းအိမ်ရာ၊ သုဝဏ္ဏနေ ဒေါက်တာခွာညိုဇင် [အထူးကုဆရာဝန်ကြီး၊ အဏုဇီဝဗေဒ၊ (YGH)]၏ ချစ်လှစွာသောခင်ပွန်း ဦးစိုးငွေးသည် ၁၁-၅-၂၀၁၈ရက် မွန်းလွဲ ၂း၁၀နာရီတွင် ဘဝတပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့်ဆရာ/ဆရာမများ**
**အဏုဇီဝဗေဒဌာန**
**ဆေးတက္ကသိုလ်-၂၊ ရန်ကုန်**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဒေဝိန္ဒာလင်္ကာရ
သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၃)ဝါ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်၊ မူလမဟာမုနိန္ဒာရာမစာကုတိုက်၊ ဟင်္သာတမင်းကျောင်း သက်တော်ရှည် တိုက်အုပ်ဆရာတော်ကြီး ဘဒ္ဒန္တဒေဝိန္ဒာလင်္ကာရ သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၃)ဝါသည် (၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၄ရက်) ၁၃-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၈၀ပြည့်နှစ် နယုန်လဆန်း ၃ရက်) ၁၇-၅-၂၀၁၈ရက် (ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် အေးရိပ်ငြိမ်သုသာန်၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်သန်း (မော်ကျွန်း)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၇၆(အေ)နေ(ဦးဘိုးကွန်း-ဒေါ်အေး)တို့၏သား၊ (ဒေါ်သိန်းမြင့်)၏ခင်ပွန်း၊ ဦးကျော်ဝင်း-ဒေါ်ငွေးဝင်း၊ ဦးခိုင်မြတ်ကျော် (ညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)-ဒေါ်မြမြသောင်း၊ (ဦးအေးကျော်)-ဒေါ်မိုးမိုး၊ ဒေါ်မြမြမွေးတို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၄-၅-၂၀၁၈ရက် နံနက် ၁၀း၃၀နာရီတွင် ခုတင်(၅၀၀)ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းညို (ဖြူး)
အသက်(၈၉)နှစ်

မိတ္ထီလာမြို့၊ ဆိုင်းတန်းရပ်၊ ပထမလမ်းမတော်နေ [ဦးရွှေဟင်း(ဆန်စက်-ဖြူး)]၏ဇနီး၊ ဒေါ်ထားကြည်(ရွှေကျားသကြားစက်)၊ ဦးဘိုကြီး-ဒေါ်မြင့်မြင့်ကြည်(ရွှေကုန်သည်)၊ ဦးသက်ထွန်းဦး-ဒေါ်သိန်းသိန်းနု(ခေတ္တ-နော်ဝေ)တို့၏မိခင်၊ မောင်အောင်အောင်-မခင်မျိုးအေး၊ မောင်ဖြိုးစည်သူ - မနန်းကြည်ကြည်သိန်း၊ မောင်ထက်အောင်လှိုင်၊ မဝန်ရည်ဖြိုးတို့၏အဘွား၊ မောင်ဇင်လင်းထက်၏ ဘွားဘွားကြီးသည် ၁၃-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့) ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် နေအိမ်မှ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှထွေး(ကိုငယ်)
**CDC-7517 (Ex-Bernhard Schulte Company)**
အထက(၂)ဒဂုံ၊ မြို့မကျောင်းသားဟောင်း
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက် ၂၇၉၊ အခန်း ၄နေ [ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)]-ဒေါ်ခင်ကြည်တို့၏သားထွေး၊(ကာတွန်းဦးအောင်ရှိန်-ဒေါ်ကြင်မုံ)တို့၏သားသမက်၊ ဒုတိယဗိုလ်မှူးကြီးနေလင်း(ငြိမ်း)၊ [ဗိုလ်ကြီးစန်းစန်းမြင့်(ငြိမ်း)]၊ ဒေါ်အေးအေးသန်း-ဦးအောင်သောင်း(သချာ)၊ ဒေါ်နွဲ့နွဲ့အုန်း-ဦးခင်မောင်လတ်၊ ဦးမြင့်အုန်း-ဒေါ်မီမီဟန်၊ ဒေါ်ချိုချိုအုန်းတို့၏ညီ/မောင်၊ (ဦးတိုးတိုးမောင်)၏အစ်ကို၊ ဒေါ်နီနီအောင်၏ခင်ပွန်း၊ မချောစုထွေး၊ ကိုသန်းမြင့်၊ ကိုညီညီအောင်-မအေးနန္ဒာကျော်တို့၏ဖခင်၊ တူ၊ တူမ ၁၁ယောက်တို့၏ဦးလေး၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၃-၅-၂၀၁၈ရက် ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ထွန်း(ခ)ဦးပါနီ
ပဲခူးတိုင်း၊ လဝက(ငြိမ်း)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၄လမ်း(အလယ်ဘလောက်)၊ အမှတ် 13/15 D-8 နေ (ဦးသင်ဆိုင်-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးသာစိန်-ဒေါ်သန်း)တို့၏သားသမက်၊ (ဦးမောင်မောင်သန်း-ဒေါ်ခင်မြမြ)၊ (ဦးအောင်မြင့်-ဒေါ်အမာ)တို့၏ညီ/မောင်၊ ဦးမျိုးမြင့်ထွန်း-ဒေါ်လတ်လတ်၊ ဦးအောင်စောဦး-ဒေါ်အေးမီထွန်း၊ ဒေါ်ကြည်ကြည်ထွန်း၊ ဒေါ်ဝေမီထွန်းတို့၏ဖခင်၊ မအေးချမ်းမိုး၏အဘိုး၊ (ဒေါ်အေးမြင့်)၏ခင်ပွန်းသည် ၉-၅-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဇော်ဝင်းကို (ကထိက)
ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်
အသက်(၅၀)

ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာနီလာကြူ၏ခင်ပွန်း ဒေါက်တာဇော်ဝင်းကို(ကထိက) ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်သည် ၉-၅-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)**

# ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် အမေရိကန်သံရုံးတို့က ယနေ့ရက်စွဲဖြင့် ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော် မေ ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် အမေရိကန်သံရုံးတို့က ယနေ့ရက်စွဲဖြင့် ကြေညာချက်များ ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏ ထုတ်ပြန်ကြေညာချက်တွင် မူဆယ်ဒေသ၌ စစ်ရေးပဋိပက္ခ ဖြစ်ပွားနေခြင်းနှင့် ပတ်သက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက ပြစ်တင်ရှုတ်ချ၍ အပြစ်မဲ့ အရပ်သားများ သေဆုံးခြင်းအတွက် ဝမ်းနည်းပါကြောင်း၊ သက်ဆိုင်သူများအနေဖြင့် စစ်ရေးပဋိပက္ခ ကြီးကျယ်လာမှုကို ရှောင်ရှားရေး တိကျသော ဆောင်ရွက်ချက်များ လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ တရုတ် - မြန်မာ နယ်စပ်ဒေသ၏ တည်ငြိမ်အေးချမ်းမှုကို မြန်နိုင်သမျှ ပြန်လည်ရရှိပြီး တရုတ်နယ်စပ်ဒေသ အရပ်သားများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ရန် တောင်းဆိုပါကြောင်း၊ ယခုအခါတွင် မြန်မာနိုင်ငံသည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ တတိယ အစည်းအဝေးကျင်းပရန် အာရုံစိုက်ပြင်ဆင်နေကြောင်း၊ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံဘက်မှ လိုအပ်သည်များကို တက်တက်ကြွကြွ ကူညီထောက်ပံ့နေကြောင်း၊ တရုတ် - မြန်မာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို တမင်နှောင့်ယှက်သော အပြုအမူများကို ကျွနုပ်တို့အနေဖြင့် ပြတ်ပြတ်သားသား ဆန့်ကျင်ကြောင်း၊ သက်ဆိုင်သူများအနေဖြင့် ညှိနှိုင်းဖလှယ်ခြင်း၊ အပြန်အလှန်ယုံကြည်မှု တိုးမြှင့်ခြင်း၊ တူညီသော ဦးတည်ချက်ကို ချီတက်ခြင်း စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှဆောင်ရွက်ရန် မေတ္တာရပ်ခံပန်ကြားပါကြောင်း ဖော်ပြထားသည်။

အမေရိကန်သံရုံး၏ ကြေညာချက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်း မကြာသေးမီက ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် သေကျေဒဏ်ရာရမှုများ ရှိခဲ့သည့်အတွက် မိမိတို့အနေဖြင့် များစွာ စိုးရိမ်ပူပန်မိပါကြောင်း၊ ယင်းပဋိပက္ခအတွင်း အသက် ဆုံးရှုံးခဲ့ရသူများနှင့် ဒဏ်ရာရရှိခဲ့သူများ၏ မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း၊ အရပ်သားများကို အကာအကွယ်ပေးရာတွင် နောက်ထပ် သေကျေဒဏ်ရာရမှုများ မဖြစ်ပေါ်စေရေးအတွက် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြပါရန်၊ ပဋိပက္ခကြောင့် ဒုက္ခရောက်ရသူ အားလုံးထံသို့ လူသားချင်းစာနာမှု အကူအညီများ ရောက်ရှိနိုင်ရေးအတွက် ခွင့်ပြုပေးပါရန်နှင့် ဤနိုင်ငံကို ဆယ်စုနှစ်များစွာ ဒုက္ခပေးနေခဲ့သော ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးအတွက် ညှိနှိုင်းဆောင်ရွက်ကြပါရန် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးကို မိမိတို့ တိုက်တွန်းပါကြောင်း၊ ဤသို့သော ကြိုးပမ်းဆောင်ရွက်မှုမျိုးအတွက် အားပေးကူညီရန် မိမိတို့ အဆင်သင့်ရှိနေပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ ဒုတိယ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းစည်းဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဆီယံဇုန်ဆီမီးဖိုင်နယ်ဒုတိယအကျော့ ရန်ကုန်နှင့် ဆီရက်စ်အသင်း မေ ၁၆ ရက်တွင် ကစားမည်



AFC Cup ပြိုင်ပွဲယှဉ်ပြိုင်နေသည့် ရန်ကုန်အသင်း။

**ရန်ကုန် မေ ၁၄**

၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ အာဆီယံဇုန် ဆီမီးဖိုင်နယ် ဒုတိယ အကျော့အဖြစ် မြန်မာကလပ် ရန်ကုန်အသင်းနှင့် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းသည် မေ ၁၆ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပွဲကို ညနေ ၃ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် ပထမအကျော့ အဝေးကွင်းတွင် ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့်ဒုတိယအကျော့ အိမ်ကွင်းပွဲ၌ ရလဒ်ကောင်းရန် လိုအပ် နေပြီး နှစ်ဂိုးအထက် အနိုင်ကစားရမည်ဖြစ်သည်။ မေ ၉ ရက်က ဖိလစ်ပိုင်နိုင်ငံ၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကျော့ပွဲတွင် ရန်ကုန်အသင်းသည် လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် အိမ်ကွင်းပွဲတွင် နှစ်ဂိုးနှင့်အထက် အနိုင်ရရန် လိုအပ်နေခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် ရာသီဝက်

စာမျက်နှာ ၁၃ ကော်လံ ၃ ○



ရှမ်းယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့သည့် ဒေးဗစ်ဒန်း။

## ဒေးဗစ်ဒန်းနှင့် ဆောင်လမန်ကို ရှမ်းယူနိုက်တက်အသင်း ခေါ်ယူ

**ရန်ကုန် မေ ၁၄**

မြန်မာနေရှင်နယ်လိဂ်ကလပ် ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ပြည်တွင်းပြိုင်ပွဲနှစ်ခု၌ ချန်ပီယံဆုကာကွယ်နိုင်ရန် ရာသီဝက်အပြောင်းအရွှေ့ကာလတွင် အပြောင်းအလဲများပြုလုပ်လျက်ရှိပြီး တောင်ပံကစားသမား ဒေးဗစ်ဒန်းနှင့် ဆောင်လမန် ကို ခေါ်ယူလိုက်ပြီဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ရန်ကုန်အသင်း၏ ငယ်မွေးခြံပေါက်ကစားသမားဖြစ်သည့် ဒေးဗစ်ဒန်းကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ဆောင်လမန်ကိုမူ ၂၀၁၉ ရာသီကုန်အထိ

စာမျက်နှာ ၁၃ ကော်လံ ၅ ■

